www.burmeseclassic.com

# ဘဝ၏ ကံကောင်းခြင်း ကံဆိုးခြင်း

သုတေသီ ဘုန်းမြင့်သွေး

BURMESE CLASSIC .com



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

☆ အရာရာမှာ အတိတ်ကံကိုချည်း ပုံချတာက 'ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ'ဖြစ်တယ်။ မှားတဲ့ အတွေးအခေါ်၊ မှားတဲ့ လုပ်ရပ်ပါ။

☆ ပစ္စုပ္ပန်တိုင်း၊ ပစ္စုပ္ပန်တိုင်းမှာ မိမိကိုယ်မိမိ ကောင်းအောင်၊ တိုးတက်အောင် ကြိုးစားလုပ်ကိုင်နေမှသာ 'ဘဝ၏ ကံကောင်းခြင်း'ကို အမှန်တကယ် ရရှိလာမှာပါ။

☆ အတိတ်ကံပစ်ချတဲ့အတိုင်း ကောင်းကောင်းဆိုးဆိုး ဒီအတိုင်းပဲ နေနေလို့ကတော့ 'ဘဝ၏ ကံဆိုးခြင်း' နဲ့သာ အဖော်ပြုသွားရမှာပါ။

BURMESE CLASSIC .com

# ဘဝ၏ ကံကောင်းခြင်း ကံဆိုးခြင်း

သုတေသီဘုန်းမြင့်သွေး

မြတ်ပန်းရိုးစာပေ
၄၇၃ (က)၊ နီလာ ၆ - လမ်း၊
(ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
ဖုန်း - ၆၉၀၆၁၁ (အိမ်)
ဖုန်း - ၀၉ ၅၁ ၃၉၄၅၀ ၊ ၀၉ ၅၁ ၅၅၇၀၃ (ဆိုင်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၆၀၉/၂၀၀၂(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၉၁/၂၀၀၂(၈)
ဒုတိယအကြိမ် - ၂၀၀၂-ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ - ၁၀၀၀
ကွန်ပျူတာစာစီ - မျိုးမော်ကွန်ပျူတာ
ဖုန်း ၂၅၃၃၅၂
မျက်နှာဖုံးပန်းချီ - ရွှေမိုးဟန်

**ထုတ်ဝေသူ**

ဦးထွန်းလှိုင် (၀၅၄၇)၊ ချစ်စရာစာပေ၊ အမှတ် ၇၅၊ ဝေပုလ္လ ၂-လမ်း၊ (ဃ) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးကျော်ဌေး(၀၂၇၇၃)၊ ရွှေခင်ကျော်ပုံနှိပ်တိုက်၊ ၆၄/၄၆၇၊ စက်မှုလက်မှုရပ်ကွက်၊ တောင်ဒဂုံမြို့သစ်။ ၂၅၁/၃၉ လမ်း၊ ရန်ကုန်မြို့။ ဖုန်း ၂၄၆၆၆၉။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊ ၁၇၁/၃၃လမ်း၊ ရန်ကုန်မြို့။

**တန်ဖိုး** ■ ၂၅၀/-

## မာတိကာ

ကံမလို့ ဟန်ကျပြီဆိုရင်ဖြင့် ........................ ၁
စန်းထရင် ဖမ်းထားလို့မရ........................ ၆
အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်............ ၁၂
မေတ္တာဝစီကံ ထမြောက်သူ........................ ၁၈
မေတ္တာကာယကံ ထမြောက်သူ....................၂၄
မေတ္တာမနောကံ ထမြောက်သူ.................. ၃၀
ကံကိုယုံ ဆုံးပုံနင်းသူ.............................. ၃၆
ကံဆိုးမိုးမှောင်........................................ ၄၂
ဆယ့်ငါးမိနစ်အတွင်းကံဆိုး...................... ၄၈
ခေါင်းတုံးပေါ်တည့်တည့် လာမှန်တဲ့ကံ........ ၅၄
ကံကိုပြင်ချင်ရင် ဆင်ခြင်........................ ၆၀
ကံရဲ့အကျိုး တကယ်ရှိမရှိ...................... ၆၅
ကားပျက်တွန်းပေးရာက ကံကောင်း
သွားတဲ့ အညာသားတစ်ဦး......................၇၁
ကံဆိုးက အလဲထိုးချသူ..........................၇၇

www.burmeseclassic.com

www.burmeseclassic.com


လုံထမ်းလာတာမြင်ရ ကံထမ်းလာတာမမြင်ရ ၈၂

ငါးသုံးကောင်နဲ့တူတဲ့ လူသုံးယောက် ........... ၉၁

ကံစကားပုံများ ........................................ ၉၇

ကံသဘောတရားများ .................................. ၉၉

မိမိကိုယ်မိမိ သနားလျှင် ကံကောင်းအောင်

လုပ်ပါ ................................................ ၁၀၉

ဥပစ္ဆေဒကကံ ........................................ ၁၁၄

အဟောသိကံ ......................................... ၁၂၀

ကောင်းကံကို မခံစားထိုက်ရင် မခံစားရ ....... ၁၂၃

ဘုန်းကံရှိမှ သာသနာပြုနိုင် ....................... ၁၂၈

ကံမရှိဝါဒ ............................................ ၁၃၀

ကုသိုလ်ကံ နေ့ချင်းညချင်း

အကျိုးပေးသူများ .................................... ၁၃၂

လူ့ဘဝ၏ ကံကောင်းခြင်း ကံဆိုးခြင်း ......... ၁၄၀


# ကံမလို့ ဟန်ကျပြီဆိုရင်ဖြင့်

ကိုဘသောင်းကြီး ဆယ့်ရှစ်သိန်းထီ ပေါက်ပုံပေါက်နည်းက တော့ ဆန်းပါတယ်။ ကံမ,လို့ ဟန်ကျသွားတာပဲ ဆိုရမယ်ဗျာ။

အဲသည်ပေါက်မယ့် ထီထိုးတဲ့နေ့က သူဟာ စိတ်ညစ် ညစ်နဲ့ အိပ်နေတာပဲ။ ခါတိုင်းဆို အဲသည်လို အချိန်မျိုးမှာ လမ်းထိပ်က 'မျိုး' လက်ဖက်ရည်ဆိုင်ကို ရောက်နေတတ်ပါပြီ။ လေသေနတ် ပစ်နေပြီ။

ခါတိုင်းလို သူမရောက်တာက သည်နေ့ နံနက်စောကြီး သာရဝေါ်ရထားနဲ့ သူ့မိန်းမက လက်ပံတန်းကို ပြန်တယ်။ စာ ရေးသူ သိသလောက်က သည်လို လကုန်ရက် နီးပြီဆိုရင် ကိုဘသောင်းမိန်းမဟာ ကြွေးရှောင်တတ်တယ်။ မျက်နှာပူ နားပူ မခံနိုင်လို့ ကြွေးရှင်တွေကို ရှောင်တာပါ။ သူ့အမေအိမ် ခဏပြန်နေတာ။

ကိုဘသောင်းဟာ အဲသည်နေ့က နံနက်သုံးနာရီကတည်း

www.burmeseclassic.com

www.burmeseclassic.com



ဘ အိပ်ရာထနေရလို့ မိန်းမကို ဘုတာပို့အပြီးမှာ ပြန်အိပ်နေတယ်။

သူ့အိတ်ကပ်ထဲမှာလည်း အလုပ်သွားဖို့စရိတ် သုံးကျပ်ပဲရှိတော့ လက်ဖက်ရည်ဆိုင်လည်း ထွက်မထိုင်တော့ဘူး။

သူ့ကို အိပ်ရာသွားနှိုးတာက မောင်ချစ်ရယ်ပါ။ မောင်ချစ်ဆိုသူက ယခင်အပတ်ကမှ ဆီစရောင်းတဲ့ ထီရောင်းသူပါ။ ထီရောင်းသမားလက်သစ်ပေါ့။ သူက အရက်သောက်လွန်းလို့ အလုပ်ပြုတ်ခဲ့ရတဲ့ စာရေးကြီးဟောင်းတစ်ယောက်။ အလုပ်ပြုတ်ပြီး တစ်နှစ်လောက် စိတ်လေနေရာက ယခု စိတ်သစ်မွေးပြီး ထီရောင်းတာ။ သူ့မိဘက အရင်းထုတ်ပေးတယ်။ သုံ့စီးတဲ့ စက်ဘီးကတော့ သူ့မိန်းမရဲ့အစ်မက ပေးထားတာ။

ကိုဘသောင်းနဲ့ သူနဲ့က အရက်တွဲသောက်ဖော်သောက်ဖက်တွေပါ။ ခင်မင်ကြတယ်။

အဲသည်နေ့နံနက်က မောင်ချစ်က အစောကြီး သူ့အိမ်သွားတယ်။ ကိစ္စက ထီရောင်းဖို့လေ။ အိပ်ရာထဲအထိ သူ ဝင်ရောင်းတယ်။

မောင်ချစ်က ထီထိုးခိုင်းတော့ ကိုဘသောင်းကြီးက ဖျာအောက်က ကျပ်တန်သုံးရွက် ထုတ်ပြတယ်။ ငါးကျပ်တန်ထီတစ်စောင်တောင် သူ မထိုးနိုင်ပါဘူး။

မောင်ချစ်က လက်ကျန်ရင် ပေးမလား ဆိုပြီး မေးတယ်။



အကြွေး ရောင်းမယ် ပြောတယ်။ ကိုဘသောင်းက အကြွေးရရင်လေယာဉ်ပျံတောင် ဝယ်ချင်တယ်လို့ပြောပြီး မင်္ဂလာစုံတွဲ (အက္ခရာစုံ) တစ်အုပ် ရောင်းဖို့ ပြောတယ်။

မောင်ချစ်က ယုံကြည်စွာနဲ့ရောင်းပါတယ်။ လက်ကုန်ဖို့က လည်း သုံးရက်ပဲလိုတာဖြစ်တယ်။ ငယ်ပေါင်းဆိုတော့ မယုံမကြည်လည်း မရှိဘူး။ ထီသည်လက်သစ်ကလည်း သူ့ထီလက်မှတ်တွေ မြန်မြန်ကုန်ချင်တာ လက်ယားနေတာကိုး။

ကိုဘသောင်း အက္ခရာစုံ မင်္ဂလာစုံတွဲတစ်အုပ်ကို တစ်ရာ့ကိုးဆယ်နဲ့ အကြွေးဝယ်လိုက်ပါတယ်။ (ယခင်တစ်ဆယ်တန်ကာလ)။

လက်ကုန်တော့ ထီဖိုးကို တစ်ရာကျပ်ပေးတယ်။ ကိုးဆယ်ကို ကြွေးချန်မှတ်ထားတယ်။ ထီဖွင့်ခါနီးနေ့မှာ ငွေခြောက်ဆယ် ထပ်ပေးတယ်။ သုံးဆယ် ကြွေးကျန်သေးတယ်။

ထီဖွင့်လို့ သုံးရက်မြောက်နေ့မှာ သူဝယ်ထားတဲ့ မင်္ဂလာစုံတွဲက ဆယ့်ရှစ်သိန်းဆု ပေါက်သွားတယ်။

ကဲ- ကြည့်ဗျာ၊ ကံမလို့ ဟန်ကျရင် ပေါက်မယ့်ထီတောင်မှ အိပ်ရာထဲ ရောက်လာတယ်။ ကြွေးဝယ်လို့ ရပါတယ်။

ကံက လှည့်မကြည့်သေးဘူးဆိုရင် ဘယ်လောက်နေသည်ကြီးတဲ့ဆိုင်မှာ သွားထိုးထိုး မပေါက်ဘူးဗျ။

တစ်အုပ်မက ဆယ်အုပ်၊ ရာအုပ်ထိုးလည်း သုံးလုံး

www.burmeseclassic.com

www.burmeseclassic.com



**ခဘုတာတောင်** ရှိပါတယ်။

ကိုဘသောင်းကြီးဟာ နေ့ချင်းညချင်း သူဌေးဖြစ်သွားတယ်။

ထီအကြွေးလာရောင်းတဲ့ သူငယ်ချင်း မောင်ချစ်ကို သူက ကျေးဇူးတင်လွန်းလို့ ထီဖိုး ၃၀–ကျပ်ကျန်တာကို အကြောင်းပြုပြီး ငွေသုံးသိန်း ခွဲပေးတယ်လေ။

လောကကြီးမှာ ထီထိုးတိုင်းလည်း ထီပေါက်တာ မဟုတ်ဘူး။ သေတဲ့အထိထိုးပြီး တစ်ခါမှ မပေါက်သွားတာလည်း ရှိတယ်။

စာရေးသူရဲ့ အရီးတစ်ယောက်ဆိုရင် ထီလှည်းက သီချင်းသံ ကြားတာနဲ့ မနေနိုင်အောင် အနည်းဆုံး တစ်စောင်တော့ ထိုးလိုက်တာပါပဲ။ ခါးထဲမှာ လိမ်ကျစ်ထားတဲ့ငွေကို ချောင်းဆိုးရင်ကျပ်စဉ်တာတောင် ဆေးဝယ်မသောက်ဘူး။ အိမ်နီးပါးချင်းရဲ့ သျှက်ဆားနဲ့ ကွမ်းရွက်ပဲ သောက်ကုရာယ်။ သူ့မှာ ထီသိပ်ပေါက်ချင်ခဲ့တာ ၈ ဆုံးသွားရှာပါပြီ။

မာန်လည်ဆရာတော်ကြီးက မဃဒေဝပို်ဒ်ရေ (၂၉၀)မှာ–

**ပုဗ္ဗပုညံ၊ ကောင်းမှုကံလျှင်**
**အခံရှိထ၊ ရေးကမ္မထက်**
**လုံ့လပညာ၊ နှစ်ဖြာပင့်ဆောက်**
**သမ္မာလျှောက်၍၊ မီးတောက်လေကူ**



**တူ၏ပမာ၊ များမကြာခင်**
**ပညာဥစ္စာ၊ ကြီးမွားရာ၏** လို့ ဆိုမိန့်ခဲ့ပါတယ်။

ကိုဘသောင်းကြီးမှာ ရှေးကံက ကောင်းခဲ့ပါတယ်။ ရှေးကံအခံ ရှိတယ်လို့ဆိုရမယ်။ သည့်လောက်တောင် ကြွေးထူကလေးများတဲ့ဘဝမှာ သည်လို ရုတ်တရက် ငွေအများကြီး ရသွားတာ ရှေးက မမြင်စွမ်းတဲ့ ကံကြောင့်ပါပဲ။

ထီလက်မှတ်ဟာ အိပ်ရာထဲအထိ ရောက်လာခဲ့ပါတယ်။

ရှေးက ကောင်းမှုကုသိုလ်ကံ ပြုခဲ့တဲ့အချက်တွေဟာ မမြင်သာ၊ မသိသာဘူး။ အကျိုးပေးချိန် ရောက်လာပြီဆိုရင်တော့ ချက်ချင်းကို ထပေးတတ်တာပဲ။

ကံရဲ့အကျိုးပေးမှုဟာ ကြံစည်လို့ မရကဲ့အရာပဲ။

ကြံစည်လို့ မဖြစ်ဘူး။

ဖြစ်ချင်လာရင် အိပ်ရာထဲကနေလည်း ထဖြစ်ပါတယ်။ ဆယ့်ရှစ်သိန်းကို အိပ်ရာထဲလာပေးတဲ့ကံက ဆန်းကြယ်လွန်းပါတယ်ဗျာ။ ထီလက်မှတ်ကိုလည်း အကြွေးဝယ်တာ မဟုတ်လား။

**ကံကြမ္မာကိုအကြောင်းပြု၍ လောကကြီးတွင် အဖြစ်အပျက်သဘာဝနှစ်မျိုးတို့ ပေါ်ပေါက်ကြသည်။ ၎င်းတို့ကား ဥစ္စာရရှိ၍ ပြောင်းလဲခြင်းနှင့် ပညာရရှိခြင်းတို့ ခြားနားမှုဖြစ်သည်။**
**(သိရုကာရယ်လ်ကျမ်း) အခန်း ၁၈၊ ပုဒ် ၃။**

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

# စန်းထရင် ဖမ်းထားလို့မရ

ရေချိုးခန်းထဲ သီချင်းဆိုရာကနေ ရုပ်ရှင်နောက်ခံသီချင်း ဆိုတဲ့ အဆိုတော်ဖြစ်။ နောက်ပြီး ရုပ်ရှင်နောက်ခံသီချင်းဆိုရာ ကတစ်ဆင့် ရေဒီယိုအဆိုတော်ဖြစ်။ ပြီးတော့ ရေဒီယိုအဆိုတော် အဆင့်ကနေ ရုပ်ရှင်သရုပ်ဆောင်အဖြစ် သုံးလေးကားပါဝင်။ အဲသည်နောက်မှာ အရာရှိကတော်တစ်ယောက်ဖြစ်သွားခဲ့တဲ့ အမျိုးသမီးတစ်ယောက် ရှိပါတယ်။ သူ့ကံကြမ္မာကလည်း အဆန်းတကြယ်။

သူ့ဘဝကို သိရတာက သနားစရာရယ်ပါ။ ဒါပေမယ့် စန်းထလာတဲ့အခါမှာတော့ ဖမ်းထားလို့မရအောင် ပြောင်းလဲ သွားခဲ့တယ်။

သူ့ပြောပြချက်အရ သိရတာကတော့ သူ့မှာ မွေးချင်း မောင်နှမ နှစ်ယောက်တည်း ရှိပါတယ်။ အညာကျေးလက်က ရွာတစ်ရွာမှာ နေခဲ့ကြတယ်။ မိဘတွေက နှမ်း၊ မြေပဲ စိုက်ပျိုး



တယ်။

သူမ အပျိုပေါက်လေးအရွယ် ဆယ့်လေးနှစ်မှာ သူ့မိခင် က ရောဂါနဲ့ဆုံးတယ်။ ဖခင်ရယ်၊ မောင်လေးရယ် အတူနေလာ ရာက သူ့မိခင်ဆုံးပြီး နောက်သုံးနှစ်မှာပဲ သူ့ဖခင်ဟာ မကွေးမြို့အထွက်နားက သစ်ရာကောက်မှာ မြေပဲ သွားရောင်း ရာက ကားမှောက်ခဲ့တယ်။

သူတို့မောင်နှမအဖို့ ရွှေ တောင်ကြီးကွယ်သွားတာပါပဲ။

သည်လိုအဖြစ်ဆိုးတွေနဲ့ကြုံပြီး မောင်နှမ နှစ်ယောက်ကို ပတ်ဝန်းကျင်က စောင့်ရှောက်ထားခဲ့တယ်။ မကြာခင်မှာပဲ စားရေးသောက်ရေးတွေ ခက်လာ၊ အရွယ်ကလည်း အပျိုစင် ဖြစ်နေတော့ ရှေ့ရေးကို ရွာကလူကြီးအချို့က စီစဉ်ပေးပြီး လွှတ်လိုက်တယ်။ မနေနိုင်ရင် ပဲခူးက အဒေါ်အိမ်ကနေ ရွာကို အချိန်မရွေး ပြန်လာဖို့ ရွာက လူကြီးတွေက မှာလိုက်ကြတယ်တဲ့။

အဒေါ်အိမ်ရောက်တော့ အဒေါ်က ဂရုစိုက်ပါတယ်။ ဒါ ပေမယ့် သူတို့စီးပွားရေးက မပြေလည်ပါဘူး။ ကလေးက ငါး ယောက် ရှိတယ်၊ ခင်ပွန်းက ဆိုက်ကားနင်း၊ အဒေါ်က ဆေး လိပ် လိပ်တော့ သူလဲ ဆေးလိပ်သမလေး ဖြစ်ခဲ့ရတာပေါ့။ ဘဝက အလုပ်ခွင်ထဲ ပို့ခဲ့ပြီ။

ဆေးလိပ်ခုံလုပ်လို့ ခြောက်လလောက်အကြာမှာ ဆေးလိပ် ခုံပိုင်ရှင်က ရန်ကုန်မှာ အလုပ်သွားလုပ်ဖို့ပြောတယ်။ ကလေး

www.burmeseclassic.com

www.burmeseclassic.com



ထိန်း အိမ်စောင့်ပေါ့။ ရှင်းရှင်းဆိုရရင် အိမ်ဖော်ပေါ့လေ။ လုပ်ရမယ့်အိမ်က ရုပ်ရှင်ကုမ္ပဏီ သူဌေးတစ်ဦးရဲ့ အိမ်မှာပဲ။ ယောကျ်ားက ရုပ်ရှင်ကုမ္ပဏီ၊ မိန်းမက ကျန်းမာရေးဝန်ထမ်း တစ်ယောက်။ ကလေးက သုံးယောက် ရှိတယ်။

ဝဲခူးက ဆေးလိပ်ခုံပိုင်ရှင်ရဲ့ မိန်းမနဲ့ အဲသည် ကုမ္ပဏီ သူဌေး မိန်းမက တက္ကသိုလ်မှာတုန်းက တစ်ဆောင်တည်းနေတဲ့ သူငယ်ချင်းတွေပါ။ သူတို့နှစ်ယောက်က ညီအစ်မအရင်းလိုခင်ကြတယ်။ အိမ်အကူ ရှာပေးဖို့ အကူတောင်း၊ အပူကပ်ထားတာကြာပြီ။ လူကို စိတ်ကြိုက်မရသေးလို့ ပဲခူးကနေ မပို့ဖြစ်ခဲ့ပါဘူး။

သူ့ကို တွေ့မှ သဘောကျပြီး ရန်ကုန်ကို လွှတ်တာ။ ပထမတော့ သူ မလုပ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောင်နှမ နှစ်ယောက်သာ ကျန်ခဲ့တာ။ မောင်လေးနဲ့ပါ ခွဲရဦးမယ်ဆိုတော့ မသွားချင်ဘူးလေ။ သံယောဇဉ်ကြီး ချည်နှောင်နေတယ်။ ရန်ကုန်မြို့ကိုလည်း တစ်ခါမှ မရောက်ဖူးဘူး။

ပြောကြဆိုကြ နားချကြပါများတော့ မခေါ်သာ တော်ရာမှာ နေရဦးမယ်ဆိုတဲ့ ဘဝကို နားလည်လာခဲ့ရတယ်ပေါ့။

မျက်ရည်ဝဲနေတဲ့ မောင်လေးမျက်နှာကို တစ်ဝကြီးနမ်းပြီး တစ်နေ့မှာ ရန်ကုန်ကို ဆေးလိပ်ခုံပိုင်ရှင်မိန်းမနဲ့အတူ လာခဲ့ရတယ်။

ဆေးလိပ်ခုံပိုင်ရှင် ဝယ်ပေးတဲ့ လွယ်အိတ်ထဲမှာ အဝတ်အပို



တစ်စုံ၊ သနပ်ခါးခဲ ခြောက်ခဲ၊ အဖေ၊ အမေ ဓာတ်ပုံတစ်ပုံ၊ မောင်လေးဓာတ်ပုံတစ်ပုံ၊ ငွေခြောက်ဆယ်ပဲ ပါတယ်။

ရွှေမြို့တော်ကြီး အဲသည် အရင်းအနှီးပုံပြီး တက်ခဲ့ရတာ ဖြစ်တယ်။

ရန်ကုန်ရောက်စမှာ သူ ဘယ်လိုမှ မနေတတ်ခဲ့ဘူး။ နောက်ဖေးမီးဖိုထဲမှာ မကြာခဏ ငိုခဲ့ရတယ်။ အူနေကျပ်နေတယ်။

နှစ်လကျော်လောက်မှာတော့ ကလေးတွေကလည်း သူ့ကို ခင်လာ၊ အိမ်ရှင်တွေကလည်း သူ့ရဲ့လုပ်ကိုင်မှုတွေ သဘောကျ အရေးပေးလာတော့ ပျော်သလို ရှိလာတယ်။ နေတတ်လာတယ်။

"ကျွန်မက ကလေးတွေကို ချစ်၊ ကလေးတွေက ကျွန်မကို ချစ်တော့ နေရတာ သိပ်စိတ်မဆင်းရဲတော့ဘူး။ ဒါပေမယ့် အဖေနဲ့ အမေ့ကို လွမ်းရင် မောင်လေးကို လွမ်းရင် အမေ ဆိုတတ်တဲ့ ရွှေကြေးစည်သီချင်းကို ဆိုပြီး အလွမ်းဖြေခဲ့ရတယ်"

ရွှေကြေးစည်သီချင်းဟာ သူ့အမေဆိုနေကျ သီချင်းတစ်ပုဒ် ပါပဲ။

အဲသည်လို သူမက ပြောပြပါတယ်။ သီချင်းဆိုတာကို သူ့အမေက ဝါသနာပါတယ်။ ရွာက ကထိန်ပွဲဆိုရင် ဖိုးသာအောင် ပျော်အဖွဲ့နဲ့ သူ့အမေက သီချင်းဆိုတတ်သတဲ့။

သူမဘဝမှာ ကံကြမ္မာပြောင်းလဲသွားတာက သူ့အသက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ခြောက်နှစ်အရွယ် တစ်နေ့မှာ အနှီးဖွပ်ရင်း (အိမ်ရှင်တွေက ကလေးအသစ် တစ်ယောက်ရချိန်) ရေချိုးခန်းထဲမှာ အနှီးဖွပ်ရင်း သီချင်းဆိုနေတာကို ရုပ်ရှင်ဒါရိုက်တာတစ်ယောက်က အိမ်ကို လာရောက် ဧည့်ခန်းကနေ ကြားသွားတယ်။ အသံကောင်း ဘယ်လို့ ချီးကျူးသွားတယ်။ အကျိုးအကြောင်းကို ကုမ္ပဏီပိုင်ရှင်ကို မေးရာကနေ ရုပ်ရှင်နောက်ခံသီချင်းနှစ်ပုဒ် ဆိုဖြစ်သွားခဲ့ပါတယ်။ မမျှော်လင့်ဘဲနဲ့ပေါ့။

သူတို့ အိမ်ရှင်က ထုတ်လုပ်တဲ့ ကားတွေမှာ သီချင်းဆိုရရင်းက နာမည်ရ အဆိုတော် ဖြစ်လာတယ်။

နောက်တစ်ဆင့်က တီးဝိုင်းဆရာတစ်ယောက်က မြန်မာ့အသံ ဓာတ်ပြားရအောင် အဆိုတော်လမ်းဖွင့်ခဲ့တယ်။ ဓာတ်ပြားတွေ ရတယ်။

အဲသည်အချိန်မှာ သူ့မောင်လေးကိုလည်း ရန်ကုန်ခေါ်ပြီး ကုမ္ပဏီမှာ သန့်ရှင်းရေးဝန်ထမ်း အလုပ်ရနေပြီ။ မောင်နှမ အတူတူ နေရပြီလေ၊ အားအင်တစ်ခု တိုးလာတယ်ပေါ့။

သူမဘဝဟာ ရေချိုးခန်းထဲ သီချင်းဆိုရာကနေ နိုင်ငံကျော် အဆိုတော်ဖြစ်ခဲ့ရတယ်။ ကံက ဘယ်လောက်ဆန်းကြယ်သလဲ နော်။ အချို့ဆို စတိတ်ရှိုးတွေဆို၊ ပိုက်ဆံကုန်ခံ စီးရီးသွင်း၊ ဓာတ်ပြားသွင်းလည်း နာမည်ရအဆိုတော် ဖြစ်မလာဘူး။ ဖြစ်ကို မဖြစ်ဘူး။



ဟိုဘဝဟောင်းမှာ သူမဟာ ကြေးစည်တို့၊ ခေါင်းလောင်းတို့များ လှူခဲ့လေသလားလို့ စာရေးသူ တွေးမိပါတယ်ဗျာ။ ကံဟာ စန်းထလာရင် စတိတ်စင်ပေါ်ကမှ ထတာ မဟုတ်ဘူး။ ရေချိုးခန်းထဲကလည်း ထတတ်တာပါပဲ။

“အတိတ်ဘဝ (သို့)အတိတ်ဖြစ်ရပ်များမှ အတိတ် လုပ်ဆောင်ချက်များ၏ အကျိုးသက်ရောက်မှုနှင့် ယှဉ်သော ကံ အရှိန်အဟုန် လုပ်ငန်းဆိုင်ရာ နောက်ခံကား လှိုင်းဂယက်တို့သည် ပစ္စုပ္ပန် လုပ်ဆောင်ချက်များ အပေါ်သို့ တစ်နည်းမဟုတ် တစ်နည်းနည်းနှင့် အကျိုးသက်ရောက် လွှမ်းမိုးစေနိုင်ကြပါသည်။”

အသျှင်နန္ဒဝံသ(မဟာဝိဇ္ဇာ)

သိပ္ပံဒဿန၊ မြတ်ဗုဒ္ဓ နှာ/၇၆

“ပစ္စုပ္ပန် လုပ်ဆောင်ချက်တို့တွင် သက်ရောက်စေနိုင်သော လုပ်ငန်းဆိုင်ရာ ထိုလှိုင်းဂယက် နောက်ခံကားတို့သည် အတိတ်ဘဝ (သို့မဟုတ်) အတိတ်လုပ်ဆောင်ချက်တို့၏ ရောင်ပြန်ဂယက်ရိုက် အကျိုးသက်ရောက် လွှမ်းမိုးမှုများပင် ဖြစ်ပါသည်။”

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## အသက်ဉာဏ်စောင့် ဉစ္စာကံစောင့်

အသက်ကိုတော့ ဉာဏ်စောင့်တယ်။ ဉာဏ်စောင့်ရင် အသက်ရှည်ပါတယ်။ ဒါပေမယ့်လည်း သက်တမ်းကုန်ရင်တော့ ဉာဏ်လည်း စောင့်လို့မရပါဘူး။ (ဥပစ္ဆေဒကကံ) ရှိပြန်ရင်လည်း ဉာဏ်စောင့်လို့ မရဘူး ထင်ပါတယ်။

အသက်ကို ဉာဏ်စောင့်တာ၊ စာတတ်လေးပါး မျှတအောင် စားဝတ်နေပြီးတော့ ကာလ၊ ဒေသ၊ ပယောဂကို ဉာဏ်နဲ့ ချင့်ချိန် တိုင်းထွာလုပ်မှ ဖြစ်တယ်။

သင့်တင့်လျောက်ပတ်တဲ့ အရပ်မျိုးမှာနေရင် အသက်ကို ဉာဏ်စောင့်တာပေါ့ပဲ။

အသက်ရှည်ဖို့မှာ ဉာဏ် သိပ်လိုတယ်။

ဘုန်းကြီးလို့ အသက်မရှည်၊ အသက်ရှည်လို့ ဘုန်းမကြီး ဆိုတာ ဉာဏ်နဲ့ သိပ်ကို ပတ်သက်ပါတယ်။



အချို့ဟာ ဉာဏ်မရှိလို့ကို အသက်တိုကြတာပါ။ စာသိတွေ မရှိ၊ သညာသိ မရှိ၊ ငါသိ မရှိကြပါဘူး။

အတွေ့အကြုံများတဲ့ နိုင်ငံရပ်ခြားသွား သင်္ဘောသားတစ်ယောက်ဟာ တစ်လောက အရက်ကြောင့် အဆုတ်နာနဲ့သေသွားတယ်။ ခေတ်ပညာလည်း ဘွဲ့ရအောင် သင်ဖူးတယ်၊ ကျောထောက် နောက်ခံလည်း ကောင်းတယ်၊ နိုင်ငံစုံ ဗဟုသုတလည်း ရှိတယ်။ ဒါပေမယ့် သူ့အသက်ကို ဉာဏ်နဲ့မစောင့်ခဲ့ပါဘူး။

တစ်ယောက်ကတော့ ပိုက်ဆံရှိတယ်။ သွားရမယ့်အရပ်မှာ ဘာဖြစ်နေတယ်ဆိုတာ သူ မလေ့လာခဲ့ဘူး။ ရွှတ်သွားပြီး ကုန်ရောင်းကုန်ဝယ်လုပ်ရင်းက နယ်စပ်မှာ အချိန်ဆိုးနဲ့ တွေ့ပြီး သေသွားရှာတယ်။ ဉာဏ်နဲ့ ချင့်ချိန်တဲ့ ကုန်သည် တစ်ဦးက လောဘကို အရှိန်သတ်ပြီး ပြန်လာတယ်။ နောက်မှ ကုန်ရောင်းကုန်ဝယ် လုပ်တယ်။ ဟော ခုထိ သူက ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝပေါ့ပဲ။

* ကံမရှိ ဉာဏ်ရှိတိုင်းမွဲ ဆိုသလို
* ဉာဏ်မရှိလည်း ကံရှိတာတောင် မွဲမှာပါပဲဗျာ။

ဉာဏ်အကြောင်းပြောရင် ဝီရိယကလည်း တွဲပြီး ပေါ်လာမှာပါပဲ။

ဘာဖြစ်လို့လဲ ဆိုတော့ ဘယ်လိုပဲ ဉာဏ်ကောင်းသူဖြစ်ဖြစ် ဝီရိယကောင်းသူကသာ အောင်နိုင်တယ်။ နမ်းကို မကြိုတ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုမဖြစ်ဘူး။ ဉာဏ်ဆိုတာမှာ ဝီရိယ အတွေ့အကြုံများက ခံယူသိမှုတို့ကနေ တိုးတက်ရင့်ကျက်လာတာပါ။ ဝီရိယပေါ်က ပေါ်ပေါက်လာတဲ့ဉာဏ်သာ ဝီရိယ ထက်မြတ်တယ်။ ဉာဏ်နဲ့ လုပ်ယူမရ၊ ဝီရိယသာ လုပ်ယူလို့ရတယ်လေ။ ဘာမှ မလုပ်တတ် မကိုင်တတ် ဖြစ်နေရင် ဘာလုပ်ရမလဲ။ ဝီရိယသာ လုပ်ယူလို့ရ တယ်လေ။ ဘာမှ မလုပ်တတ် မကိုင်တတ် ဖြစ်နေရင် ဘာလုပ်ရမလဲ။ ဝီရိယသာ ထုတ်ပါ။ ဉာဏ်မျက်စိ ပွင့်လာမယ်ဗျ။

အချိန်ကို အလကား ထားနေရင် အသက်တောင် တိုပါ တယ်။ ပျင်းရိငြီးငွေ့ ဆင်ခြေတွေများနေတဲ့ လူမျိုးတွေဟာ ပျင်းလို့ ဆင်းရဲ၊ ဆင်းရဲရာက ကျန်းမာရေး ချို့တဲ့၊ ဟော အသက်လည်း ရှည်ရှည်မနေရတော့ဘူး။

ဉာဏ်ဟာ ဘယ်နေရာထိ လိုသလဲ။ သွားတာ၊ လာတာ၊ လုပ်တာ၊ ကိုင်တာတင် မကပါဘူး၊ စားရာမှာလည်း လိုအပ်ပါ တယ်။

ဉာဏ်နဲ့ယှဉ်စားမှ
စားကောင်းတိုင်း စားရင်
ဝင်တိုင်းမျိုပြီး၊ ထွက်ပေါက်မပေးရင်
ဝင်တဲ့အစာကပဲ သင့်ကို ပြန်ဒုက္ခပေးလိမ့်မယ် ဆိုတဲ့ စကား ရှိပါတယ်။ အီးအီး မပါလို့ မဖြစ်ဘူး။

ဘဝတစ်ခုလုံးမှာ ဉာဏ်ကူမှ ကံထူမှာ ဖြစ်ပါတယ်။



ဘဝဆိုတာ ဘာလဲ--

| | |
|---|---|
| ချစ်ခြင်း၊ | မချစ်ခြင်း |
| ငိုကြွေးခြင်း၊ | ရယ်မောခြင်း |
| ညှိုးငယ်ခြင်း၊ | တက်ကြွခြင်း |
| ပျော်ရွှင်ခြင်း၊ | ပျင်းရိခြင်း |
| ရှုံးနိမ့်ခြင်း၊ | အောင်နိုင်ခြင်း |
| စိတ်ဆင်းရဲခြင်း၊ | စိတ်ချမ်းသာခြင်း။ |

လှုပ်ရှားအလုပ်လုပ်နေရခြင်းတွေဟာ ဘဝရဲ့ အဓိပ္ပာယ် တွေပါ။ အဲသည်မှာ ဉာဏ်ဟာ အဓိက ပဲ့ကိုင်နေရာမှာ ရှိလာ တော့တယ်။

ဉာဏ်တုံး ကံမှန်း။

ဉာဏ်လှမှ ဟန်ကျပဲ။

အလုံးစုံသော ကိစ္စအဝဝတွေမှာ ဉာဏ် ပြဋ္ဌာန်းပါတယ်။ ဝီရိယ မပါတဲ့ ဉာဏ်က တက် မပါတဲ့ လှေ့ရယ်ပါ။ ဉာဏ်ဟာ ပဲ့နဲ့ တူပါတယ်။

အချို့ဆို ငယ်စဉ်ဘဝမှာ ပင်ပန်းအဆင်းရဲခံရတာတွေဟာ ကြီးရင့်လာတဲ့အခါမှာ ချမ်းသာဖို့၊ အသိပညာဉာဏ် အလိမ္မာတိုး ဖို့ ဖြစ်လာတော့တယ်လေ။

ဥစ္စာကိုတော့ ကံ စောင့်တာ သေချာတယ်။ ဥစ္စာကို ဆောင်းပြီးတောင်မှ ကံတရားပေါ် မူတည်ပြီး ဖျက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရေကြောင့်လည်း ပျက်တယ်။ မီးကြောင့်လည်း၊ လေလျှင်ကြောင့်လည်း ပျက်တယ်။ မချစ်မနှစ်သက်သူကြောင့်လည်းပဲ ပျက်ရတာပါပဲ။ ဖြစ်ပျက်သဘောလေ။

ဥစ္စာပစ္စည်း သူခိုးလက် ပါသွားလို့ နွမ်းပါးသွားတဲ့ အဖြစ်တွေကတော့ ကြားရတာတောင် ရိုးနေတော့မယ်။

အချို့ဆို သည်အလုပ်နဲ့ပဲ စီးပွားဖြစ်ပြီး သည်အလုပ်နဲ့ပဲ စီးပွားပြန်ပျက်ပါတယ်။ အကြောင်းအရာအားလုံးဟာ ဖြစ်ချိန်ဖြစ်ပေမယ့် ပျက်ချိန်ရောက်ရင် တားလို့ကို မရပါဘူး။ ပျက်ကိုပျက်သွားတာပဲ။

သန်းပေါင်းများစွာ ကြွယ်ဝတဲ့ နိုင်ငံခြားက အိုနာစစ်ကြီးတစ်ဦး ဥပဒေနဲ့ ငြိစွန်း လုပ်မိရာက နောက်ဆုံး ဒေဝါလီခံရတဲ့ အဖြစ်မျိုးလည်း ရှိတယ်။

စာရေးသူ သိတဲ့ သူဌေးတစ်ဦးဟာ သူ့ဘဝမှာ မဆင်းရဲဖူးဘူးလို့ ပြောဖူးတယ်။ ဒါပေမယ့် သူ့သင်္ဘောက မြစ်ဝကျွန်းပေါ်မှာ နစ်၊ သင်္ဘော ဖော်ဖို့ ကားတွေရောင်း၊ အိမ်တွေရောင်း၊ သင်္ဘောပြန်ဆွဲနိုင်အောင် အိတ်သွန်ဖာမှောက် ကြိုးစားပြီး မကြာခင်မှာ သင်္ဘောက မနစ်ဘဲ မီးလောင်တယ်။ သူ့မှာ တာဝန်ခံထားတဲ့ ပစ္စည်းတွေ လျော်ကြေးလည်း ပေးရ၊ ယခင်တင်တဲ့ ကြွေးတွေလည်း ဆပ်ရနဲ့ စီးပွားပျက်လိုက်တော့ ခုတော့ သားသမီးကျွေးစာစားပြီး တရားအားထုတ်နေပြီ။ သူ့မိန်းမ



ကတော့ ရှိတာလေး ရောင်းပြီး ဈေးရောင်းတယ်။ သူက ပေးဖူးကမ်းဖူးတဲ့သူနဲ့တွေ့ရင် ရင်ထဲမှာ စိတ်မကောင်း ဖြစ်ရပါတယ်။

ကြုံတိုင်းမှာ ကွမ်းဖိုး ဆေးဖိုး စာရေးသူက ပြန်ပေးပါတယ်။

ပညာဟူသည် မြတ်ရွှေအိုး၊ ဥစ္စာဟူသည်က မျက်လှည့်မျိုးပဲ။

ဥစ္စာကို ကံကသာ စောင့်ပါတယ်။

**"မိမိရှာဖွေသော ပစ္စည်းဥစ္စာသိန်းသန်းတို့ကို စုမိသော်လည်း ကံကြမ္မာကို ချပေးသူ၏ အလိုကျ ဆုံးဖြတ်သည့်အတိုင်းသာ ခံစားရာ၏"**

**(ဆိရကုရယ်ကျမ်း)**

**အခန်း ၃၈၊ အပိုဒ် ၇**

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာဝစီကံ ထမြောက်သူ

သူ့နာမည်ကို 'အနူးအညွတ်'ကိုတင်အောင် လို့ ခေါ်ပါတယ်။ ဘယ်သူက သည်နာမည်ကို စပေးသည်တော့ မသိဘူး။ အုပ်စုထဲမှာ နာမည်က ခေါ်တာတွင်နေတယ်။

နှုတ်ချိုတတ်တယ်၊ အနူးအညွတ် ပြောတာကတော့ နှစ်ယောက် မရှိပါဘူး။

စကားမှန်တယ်။ ဟန်ဆောင်ပြောတတ်တာ မဟုတ်ပါဘူး။ စကားရိုးတယ်။

'နှုတ်ချို သျှိုတစ်ပါး'ဆိုတာ သူ့လိုလူမျိုးမှ သျှိုတစ်ပါးရယ်။

စေတနာက လှုံ့ဆော်ပြောဆိုမှုဟာ ဝစီကံ ပဲ။ အဲသည်ဝစီကံမှာ မေတ္တာထည့်ရမှာဖြစ်တယ်။

နှုတ်ချိုတာဟာ အားနာတတ်တာ၊ ငဲ့ကွက်တတ်တာနဲ့



မဆိုင်ပါဘူး။ ကြောက်တာမျိုးလည်း မဟုတ်ပါဘူး။

လူနဲ့လူချင်း ပေါင်းသင်းဆက်ဆံကြရာမှာ မေတ္တာဝစီကံဟာ အလွန်အရေးကြီးလှပါတယ်။

မေတ္တာဝစီကံ ထမြောက်ရင် ထမြောက်သလောက် ခရီးရောက်တယ်လို့ ဆိုသင့်ပါတယ်။

မေတ္တာဝစီကံနဲ့ ပြောဆိုတတ်ရင် လူချစ်လူခင် သိပ်ပေါပါတယ်။ မဟုတ်တာ မမှန်တာတွေ ပြောတတ်တဲ့လူကိုတောင် ချိုသာစွာ ပြောတတ်မှုကြောင့် လူ ခင်မင်တယ်။

ဟုတ်တာမှန်တာလည်း ပြောတယ်၊ နှုတ်ကလည်း ချိုတယ်ဆိုရင်တော့ အဲသည်လူဟာ မိတ်ဆွေ မရှားပါဘူး။ ရောက်ရာအရပ်မှာ မိတ်ဆွေတွေ ပေါများမှာပါပဲ။

ရိုးဖြောင့်တဲ့လူဟာ ဟန်ဆောင်စကားကို မပြောဘူး၊ ဝင့်ဝါခြင်းလည်း မရှိဘူး။

ရိုးဖြောင့်သူရဲ့ စကားက သိုသိပ်ပါတယ်။ ဟန်ဆောင်သူရဲ့ စကားက ဝင့်ဝါတတ်စမြဲဖြစ်တယ်။

ရိုးဖြောင့်သူရဲ့စကားဟာ အတက်ကို လွန်စွာမပြောဘူး။ မမော်ကြွားဘူး။ ထင်ပေါ်လိုစိတ်လည်း လွန်စွာမထားဘူး။

ရိုးသားစွာ စကားပြောတာ။

ရိုးအစွာ စကားပြောတာ။

ရိုးဖြောင့်စွာ စကားပြောဆိုတာ တူမလိုနဲ့ မတူဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရိုးဖြောင့်စွာ စကားပြောခြင်းဟာ မေတ္တာဝစီကံထမြောက်ပါတယ်။

ထူးခြားတဲ့ မေတ္တာဝစီကံသမားတစ်ဦးကို တွေ့ဖူးပါတယ်။ အသက်က သိပ်မကြီးသေးပါဘူး။ စာရေးသူနဲ့ ရွယ်တူလောက်ပါပဲ။

သူ့နာမည်က ကိုတင်အောင်လို့ခေါ်ပေမယ့် စောစောကတင်ပြခဲ့သလို အနူးအညွတ် ကိုတင်အောင်လို့ ခေါ်ပါတယ်။

သူက ကြီးသူဆို အစ်ကိုကြီးခေါ်၊ ရွယ်တူလောက်လည်း အစ်ကို ခေါ်တာပဲ။ ငယ်သူဆို ညီလေး၊ ညီမလေးနဲ့။ တစ်ခါတစ်ရံ ညီလေးရယ် ဟိုလိုပေါ့၊ ညီမလေးရယ် ဒါက ဒီလိုရှိပါတယ်နဲ့ တာကယ်ပဲ အနူးအညွတ် အလွန်ယဉ်ကျေးစွာ ပြောတတ်ပါတယ်။

သူဟာ အစိုးရဝန်ထမ်းတစ်ဦးဖြစ်ပြီး မကြာခဏ ခရီးသွားရတယ်။ သွားလေရာမှာလည်း သူ့ကိုခင်တဲ့မိတ်ဆွေ များတယ်။

အနယ်နယ်အရပ်ရပ်က ရန်ကုန်ရောက်ရင် သူ့အိမ်လာလည်တဲ့ မိတ်ဆွေတွေဟာ အများကြီးပဲ။

သူဟာ မိတ်ဆွေအင်အား၊ မိတ်ဆွေတွေရဲ့ ကုန်ရောင်းကုန်ဝယ်ကိစ္စ ကူညီလုပ်ပေးတာနဲ့ပဲ စီးပွားဖြစ်နေတယ်။

သူ နှုတ်ချိုတာဟာ ဟန်လုပ်ပြီး နှုတ်ချိုတာမျိုး မဟုတ်ပါဘူး။ မေတ္တာစေတ်တွေ ပါပါတယ်။ စိတ်ရှည်လက်ရှည်ကို



နှုတ်ချိုတာပါ။

သူတစ်ပါး အကျိုးစီးပွားအတွက် နေရာပေးပြီး ဆန္ဒရှိစွာ ပြောတတ်တယ်ဆိုတာ သိသာတယ်။

ကြမ်းတမ်းတဲ့စကားကို သူ့နှုတ်က မထွက်ဘူး။ နားမချမ်းသာစရာ စကားမျိုးကို လုံးဝ မထွက်အောင် ရှောင်ပါတယ်။ အများဆုံး ပြောတာကတော့ သူတစ်ထူးရဲ့ ဂုဏ်ကျေးဇူးစကားကို အများဆုံး ပြောဆိုတတ်တယ်။

အပြစ်ပြောတာ၊ ငြင်းတာမျိုးကို ရှောင်ကို ရှောင်နိုင်လွန်းတယ်။

စာရေးသူဟာ သူ့အပေါ်မှာ ပထမအထင်အမြင် လွဲခဲ့ပါတယ်။ အမြင် မကြည်ခဲ့ဘူး။

အဲသည် အနူးအညွတ် ပြောဆိုမှုဟာ ဟန်လုပ်တာလို့လည်း ထင်တယ်။ သည်လိုပြောဖို့ မလိုဘူးလို့လည်း ထင်တယ်။

ပြောစရာစကားကို ပုံမှန်ပြောရမယ်၊ လူတိုင်းကို ချိုသာနေစရာ မလိုဘူးလို့ ထင်ခဲ့တဲ့အတွက် အဲသည်လိုမဟုတ်တဲ့ သူ့အပေါ် အထင်လွဲခဲ့တာပဲ။

နောက်တော့မှ သူ့အပေါ် ပတ်ဝန်းကျင်က ဆက်ဆံနားလည်မှုကို လေ့လာကြည့်တယ်။ ပတ်ဝန်းကျင်ရဲ့ သူ့အပေါ် သဘောထားတွေ ဆွေးနွေးကြည့်တဲ့အခါ သူ့လို နှုတ်ချိုသူဟာ အမှတ်ပြည့် ရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ချိုပြီး မေတ္တာဝစီကံထမြောက်တော့ သူ့အပေါ်လည်း မေတ္တာရှိကြပါတယ်။

ကာယကံမြောက် မလုပ်ပေးတောင် ဝစီကံနဲ့ ကူညီစောင်မခြင်းဟာ အင်အားတစ်ခုပဲ မဟုတ်လား။

အကြံဉာဏ်ပေးတဲ့ ဝစီကံကူညီမှုဟာ ဒုက္ခရောက်တဲ့အခါ ပိုလို့တောင် လိုပါတယ်။

သူ့ရဲ့ဝစီကံ ထမြောက်မှုကို မြင်တွေ့ရတဲ့နေ့ကတော့ မြို့နယ် အား/ကာ ရန်ပုံငွေရှာတဲ့ နေ့မှာပါပဲ။

မြို့နယ်ရန်ပုံငွေအတွက် စတိတ်ရှိုး လုပ်ပါတယ်။ ပထမညက အဆင်ပြေတယ်။ ဒုတိယညဖြစ်တဲ့ နောက်ဆုံးညမှာ လူငယ်တွေ ရုံထဲ မဝင်ရလို့ အပြင်ကနေ ဆူပူရာက ရှုပ်ယှက်ခတ်ပြီး ပူညံဆူညံတွေ ဖြစ်ကုန်တယ်။ ပွဲပျက်လုနီးနီး ဖြစ်သွားခဲ့ပါတယ်။

အခြေအနေမလှဖြစ်လာလို့ သက်ဆိုင်ရာတွေ အလုပ်ရှုပ်။ တာဝန်ရှိပုဂ္ဂိုလ်တွေ စကားပြောခွက်ကနေပြောပြီး ထိန်းသိမ်းပါပေမယ့် မရဘူး။

အခြေအနေက ငြိမ်မသွားဘူး။ ပြောလေကဲလေ၊ ပိုဆိုးလေဖြစ်လာခဲ့တယ်။

ဦးဆောင်မှုပြုတဲ့အပိုင်းက တစ်ဦးစ နှစ်ဦးစ ပြောတယ်။ ဘယ်လိုမှ မရဘူး၊ ပြောလေဆိုးလေပဲဗျာ။



အဲသည်မှာ မေတ္တာဝစီကံထမြောက်တဲ့ ကိုတင်အောင်ကြီးဟာ ရုံအပြင်က ကွမ်းယာဆိုင် ခုံတစ်ခုပေါ်တက်ပြီး လက်ကိုင်စကားပြောခွက်နဲ့ မေတ္တာရပ်ခံတော့တယ်။

သူ့စကားက အသံကျယ်ပေမယ့် အေးဆေးစွာနဲ့ အော်ဟစ်နေတဲ့ လူငယ်တွေရဲ့ အကျိုးကို မေတ္တာရှိစွာ တောင်းပန်ပြောဆိုပြီး ဥပဒေအရ အရေးယူမှာကိုတောင် ချိုသာစွာ ပြောဆိုတော့တယ်။ အဲသည်တော့မှ လူငယ်ပရိသတ် ငြိမ်သွားရော။

နှုတ်ချိုသာမက မေတ္တာဝစီကံ ထမြောက်မှုပါပဲဗျာ။

နှုတ်ထွက်စကားဟာ လွယ်ပါတယ်။ စကားပြောတာဟာ ငွေကုန်တာမှ မဟုတ်ဘဲ၊ လေပဲ။

ဒါပေမယ့်--

စကားမှာ မေတ္တာဝစီကံထည့်တဲ့ အလုပ်ကတော့ ခက်လှပါတယ်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာကာယကံ ထမြောက်သူ

"စေတနာကို ကံဟု ငါဘုရားဟော၏။ စေတနာဖြင့် စေ့ဆော်၍ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် အမှုကိစ္စကို ဆောင်ရွက်၏"

**အင်္ဂုတ္တိုရ်နိဗ္ဗေဓိကသုတ်**

သူကတော့ နှုတ်က ဘာမှမပြောဘူး။ သိပ်ကိုပြောခဲပါတယ်။ မလွဲမရှောင်သာကိစ္စရှိမှ ပြောတယ်။ လိုအပ်တာမှ ပြောတယ်။

ဒါပေမယ့် ကာယကံမြောက် အလုပ်လုပ်တဲ့နေရာမှာတော့ ဘာလုပ်သလဲမမေးနဲ့။ လုပ်မှလုပ်ပါပဲ။ တစ်ခါတစ်ရံ ကျွန်တော်တို့ လုပ်ရမယ့်အလုပ်တွေ မေ့နေတာမျိုးတောင် သူ လုပ်နိုင်ရင် သူ လုပ်ပေးသွားတယ်။

ရုံးကိုလည်း အစောကြီးလာပါတယ်။ မေတ္တာကာယကံ ထမြောက်သူတစ်ဦးနဲ့ အတူ အလုပ်လုပ်ခဲ့ရဖူးတယ်။ ကျွန်တော်



စာပေနယ်ထဲမရောက်ခင် အလုပ်လုပ်ခဲ့တဲ့ မြို့ပိုင်ရုံးတစ်ရုံးမှာပါ။ မြို့ပိုင်က မြို့နယ်တစ်ခုရဲ့ နှလုံးကဥက္ကဋ္ဌဆိုတော့ အလုပ်ကသိပ်များပါတယ်။ ရုံးတစ်ရုံးမှာ အလုပ်နှစ်မျိုး ဖြစ်နေခဲ့တယ်။

ကျွန်တော် အလုပ်ဝင်စမှာ သူ့ကို ဘဝင်မြင့်တယ်လို့ ထင်ခဲ့တယ်။ စကားပြောနည်းတာကို အကြောင်းပြုပြီး ထင်ခဲ့တာပါ။

ဒါပေမယ့် မကြာခင်မှာပဲ သူ့ကို ကျွန်တော် နားလည်လာပါတယ်။

သူဟာ အပြောသမား မဟုတ်ပါဘူး။ အလုပ်သမားပါ။ လုပ်စရာရှိတဲ့အလုပ် ယနေ့ပြီးနိုင်တဲ့အလုပ်မှန်သမျှကို အကြွေးမထားဘဲ လုပ်ပါတယ်။

အခြားဝန်ထမ်းတစ်ဦးကျတော့ စကားပြောက သိပ်ကြွယ်ပါတယ်။ လက်တွေ့မှာ ကာယကံမြောက် မရှိဘူး။ လေများတယ်။ လက် မပါဘူး၊ လေနောက်ကို လက်က မလိုက်ဘူး။

အဲသည် ကာယကံမေတ္တာ ထမြောက်သူ စာရေးကြီးရဲ့ အကျင့်စရိုက်တွေ ကျွန်တော့်ဆီ မသိမသာ ကူးလာတယ်။

သူက အလုပ် အကြွေးမထားတော့ ကျွန်တော်လည်း အလုပ် အကြွေးမထားတော့ဘူးလေ။ သူက ကျွန်တော့်အထက်က ဆိုတော့ ကျွန်တော် ဥာလုပ်နေလို့ ဘယ်ရမှာလဲ။

တစ်ခါတော့ တိုင်းက စစ်ဆေးရေးလုပ်ရော။ အဲသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



တခြားမြို့ပိုင်ရုံးနဲ့ ဥပဒေရုံးအချို့မှာ ပြဿနာတွေ တက်ကုန်ကြရော။ အလုပ်အကြွေးတွေ များပြီး ရှုပ်နေတယ်။ ကျွန်တော်တို့ ရုံးမှာ ဘာပြဿနာမှ မရှိဘူး။

အလုပ်ကို ကာယကံမြောက် လုပ်တဲ့အကျိုးဟာ အဲသည် အချိန်မှာ သိရတော့တယ်။

ဘာမေးမလဲ မေး၊ ဘယ်ဖိုင်တွဲ ယူမလဲ ယူ၊ ဘာစာရင်း စစ်ဦးမလဲ စစ်၊ အားလုံး အဆင်သင့်ပဲ။

ကာယကံ ထမြောက်စွာ လုပ်ထားတော့ "အဆင်သင့်ပဲ ဟေ့" လို့တောင် ကြွေးကြော်နိုင်တော့တယ်။

အဲသည်အချိန်မှာ လက်တွေ့ပြတဲ့ အကျိုးတရားကြောင့် စာရေးကြီးကို ကျွန်တော် ပိုပြီးလေးစားသွားခဲ့တယ်။

အရင်ကဆိုရင် ကျွန်တော်က ဝတ္ထုဖတ်ချင်တယ်၊ ရေးချင်တယ်၊ သင်္ကြီသာဆိုင်မှာ ဘောလုံးပွဲအကြောင်းနဲ့ ရုံးပေါင်းစုံက စာရေးမလေးတွေအကြောင်း ပြောချင်တယ်။ အလုပ်ကို နက်ဖြန်မှ လုပ်မယ်၊ သန်ဘက်ခါမှ လုပ်မယ်ဆိုပြီး အကြွေးထားချင်ခဲ့ပါတယ်။

လူမှာ (စရဏ)ဆိုတဲ့ အကျင့်ပါပဲ။ အကျင့်ကောင်းသူနဲ့ ပေါင်းမိရင် ကိုယ့်မှာလဲ အကျင့်ကောင်း ကူးစက်တာပါပဲ။

သူ့ရဲ့ ကာယကံမြောက် ကောင်းအောင်လုပ်တဲ့ကံက ကိုယ့်ဆီ ကူးစက်ပါတယ်။



အဲသည်စာရေးကြီးဟာ ရုံးမှာတင် အဲသည်လိုလုပ်တာ မဟုတ်ဘဲ အိမ်မှာ၊ အရပ်ထဲမှာ၊ ပတ်ဝန်းကျင်ဆက်စပ်သမျှ အားလုံးမှာ လုပ်ပေးတတ်ပါတယ်။ သူ့ကို ဓာတ်သိတဲ့လူဆို အရမ်းလေးစား အရမ်းခင်တယ်။

ရုံးမှာ သူ့အထက်အရာရှိတွေက လေးစားသလို အရပ်ထဲမှာလည်း လူတွေက လေးစားတယ်။

သူ သင်ပေးခဲ့တဲ့ အဘိဓမ္မာခေါ်မလား၊ ဒဿနခေါ်မလား အဲဒါကတော့---

"ပြောစရာရှိမှ ပြော၊ မလိုဘဲ မပြောနဲ့၊ လုပ်စရာရှိတာ အပြတ်လုပ်။ ကိုယ်လုပ်စရာ မဟုတ်တာကိုလည်း ဘာမှ ဝင်မလုပ်နဲ့။ လောကမှာ အလုပ်ကြောင့် ရှုပ်တာထက် အပြောကြောင့် ရှုပ်တယ်"တဲ့ဗျ။

သိပ်မှန်တဲ့စကားပါ။ ကျွန်တော့်မှာ အသက်အရွယ်ရလေ အဲသည်စကား သွေးထွက်အောင် မှန်လေ ဆိုတာ သိရလေပါပဲ။

စကားဟာ ပြောလွန်းရင်၊ မလိုအပ်ဘဲ ပြောရင် ကိုယ့်ဇနီး၊ ကိုယ့်သားသမီးနဲ့တောင် ရှုပ်ထွေးကုန်တာပဲ။ ကိုယ့်အိမ်နီးနားချင်း၊ ကိုယ့်ဆွေမျိုးသားချင်းနဲ့လည်း စကားများကုန်တာပဲ။

မေတ္တာကာယကံထမြောက်အောင် လက်တွေ့သာရှားနဲ့ တတ်နိုင်သလောက် လုပ်ပေးတာဟာ သိပ်ထိရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကပဲ ပြောဖူးသေးတယ်။

"မြတ်စွာဘုရားက မေတ္တာကာယကံ ထမြောက်သူပါတဲ့။ မေတ္တာကာယကံထမြောက်အောင် လုပ်ပြလို့ ဘုရားဖြစ်တာပါတဲ့။ မေတ္တာမနောကံ ထမြောက်ဖို့က ဒုတိယတဲ့။ မေတ္တာဝစီကံ ထမြောက်ဖို့က မလိုရင် မပြောဘူး"တဲ့ဗျ။

လောကကြီးမှာ မေတ္တာကာယကံထမြောက်သူတွေနဲ့ ရှာပေါင်းပါ။ လေသမားနဲ့ မပေါင်းနဲ့၊ လက်တွေ့သမားနဲ့ပေါင်း။ ကောင်းမြတ်တဲ့အကျင့်တွေဟာ မေတ္တာကာယကံသမားဆီက ကာယကံမြောက် ကူးစက်တတ်တယ်။

ကျွန်တော် နံနက်အစောကြီး အိပ်ရာထပြီး စာဖတ်၊ စာရေးတတ်တာဟာ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်မှာ သူ့ဆီက ရခဲ့တဲ့ ကောင်းမွေအကျင့်လို့ပဲ ဆိုလိုက်ပါရစေဗျာ။

အကြံကောင်းပေါ်တော့
အမှုကောင်းလုပ်
အမှုကောင်းလုပ်တော့
အလေ့ကောင်းဖြစ်။
အလေ့ကောင်းဖြစ်တော့
အကျင့်ကောင်းစွဲ
အကျင့်ကောင်းစွဲတော့
ကံကောင်းရော။



အကြံဆိုးပေါ်တော့
အမှုဆိုးလုပ်
အမှုဆိုးလုပ်တော့
အလေ့ဆိုးဖြစ်
အလေ့ဆိုးဖြစ်တော့
အကျင့်ဆိုးစွဲ
အကျင့်ဆိုးစွဲတော့
ကံဆိုးရော။

(သစ်ဆန်းလွင်)

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာမနောကံ ထမြောက်သူ

စိတ်သန့်သလား မသန့်ဘူးလားဆိုတာ မျက်နှာကိုကြည့်ရင် သိပါတယ်။ မျက်လုံးက စကားပြောတယ်။ အချို့ သိပ်ဟန်ဆောင်ကောင်းသူကိုသာ ယာယီ မသိနိုင်တာ။

မနောဟာ ရုပ်မှာ ထင်တယ်။ မနောကြည်ရင် ရုပ်ကြည်တယ်။ မနောပုပ်ရင် ရုပ်မှာ ပုပ်တယ်။

မေတ္တာမနောကံ ထမြောက်သူတစ်ဦးနဲ့လည်း စာရေးသူ ဆုံခဲ့ဖူးတယ်။

သူက စာအုပ်ဖြန့်ချိရေး အလုပ်လုပ်ပါတယ်။ ရန်ကုန်ဖြန့်လို့ပဲ စာပေလောက စကားအရ ဆိုရမှာပေါ့။ စာပေနယ်မှာ ရန်ကုန်ဖြန့်၊ နယ်ဖြန့်ဆိုတာ ရှိပါတယ်။

သူဟာ စာရေးသူထက် အသက် ဆယ်နှစ်နီးပါးကြီးတယ်။ ဆေးပင်စင်နဲ့ အလုပ်ထွက်ပြီးချိန်မှာ သူဟာ စာအုပ်ဖြန့်ချိရေး



လုပ်တာပါ။

စာရေးသူဟာ သူ့အပေါ်မှာ အတော်ကို ယုတ်မာခဲ့ပါတယ်။ သူ့အလွန်အကျွံ ထိခိုက်အောင်တော့ မဟုတ်ဘဲ မထိမခိုက်လေး ယုတ်ခဲ့တယ်။ သဘောကတော့ သူ မကျွမ်းကျင်သေးတဲ့ အလုပ်မှာ မညာပြတာပေါ့ဗျာ။

'ဟိုကိစ္စက ဘယ်လိုဗျ၊ ဒီငွေက ဘယ်လိုမလောက်ဘူး။ ဘယ်နေ့မှ ဟိုဒင်း ရမှာ၊ ဘယ်ဟာက ဘယ်လိုဖြစ်သွားတယ်' အစရှိသဖြင့် စာရေးသူရဲ့ စီးပွားရေး အဆင်မပြေတိုင်းမှာ သူ့ကို လိမ်ညာနေတာပဲ။

ကြာတော့ လိမ်ညာခြင်းဆိုတာ တစ်နည်းမဟုတ် တစ်နည်း ပေါ်တာပဲ။ ဆင်ခြေပေး ဖုံးဖိပေးရတာပါပဲ။ အဲသည်ချိန်မှာ သူဟာ ဒေါသူပုန် ထမလား မှတ်တယ်။ မထဘူးဗျ။ အေးကွ၊ နောက် မဖြစ်စေနဲ့။ ကြိုးစား ပြင်ပါ။ ပြင်ရင် ပျက်တာမှန်သမျှ ကောင်းပါတယ်နဲ့ သူ့မနောက ဒေါသ မပြဘူး။

ကြာတော့ စာရေးသူဟာ သူ့ကို လိမ်ညာပြောရမှာ ကိုယ့်လိပ်ပြာ ကိုယ်ရှက်လာပါတော့တယ်။

'ဒီလူကြီးဟာ ငါ့အပေါ် မနော သိပ်ဖြူပါလား၊ သည်လို လူမျိုးအပေါ် ငါ မလိမ်ညာသင့်ပါဘူး' လို့ ခံယူလာမိတဲ့အထိပဲ။

ဒါပေမယ့်ဗျာ၊ ဘဝဆိုတဲ့ခရီးမှာ အကျပ်အတည်း သိပ်ကြီးလာရင် ငွေရေးကြေးရေးနဲ့ ပတ်သက်လို့ အမြတ်အစွန်းများများ

www.burmeseclassic.com

www.burmeseclassic.com



ရအောင် လိမ်ညာပြောချင်တာ လူ့အကျင့်ရယ်ပါ။ သိပ်မာတတ်ခဲကောင်းသူတွေသာ မလိမ်ညာကြတာ။

ရုပ်ပြကာတွန်း စာအုပ်လုပ်တဲ့ လူငယ်တစ်ဦးဟာ သူ့ကို ရန်ကုန်ဖြန့် သုံးအုပ်စာယူပြီး လိမ်လိုက်ပါတယ်။ စာအုပ်မအပ်နိုင်ပါဘူး။

အဲဒီ လူငယ်ဟာ ရမ်းရမ်းကားကား သုံးစွဲပစ်တော့ပြီး၊ လေးလလောက်မှာ ဆေးရုံပေါ် ရောက်နေပါတယ်။

သူ့သုံးအုပ်စာတောင် လိမ်တော့ ဟိုလူ့မှာ စီးပွားရေးမပြေလည်တော့ဘူး။ အားလုံးက (ဆက်နွယ်နေသူများ) ဒေါသဖြစ်ကြတယ်။ တွေ့အောင်လည်း ရှာကြတယ်။ ဆေးရုံတက်နေကြောင်း ကြားရတော့ သူ့ဆီ သတင်းသွားပြောတယ်။

"ငါ ဆေးရုံ ရောက်ပြီးပါပြီကွာ၊ ဒီကောင် အရမ်းပိန်သွားတယ်၊ သွေးသွင်းဖို့လိုလို့ ငါက သွေးတစ်ပုလင်းဖိုး ဒါနလုပ်ခဲ့တယ်"လို့ ပြောပြပါတယ်။

သွားသတင်းပို့သူအားလုံး သူ့စကားကို အံ့သြသွားခဲ့ပါတယ်။

လိမ်ညာသွားသူကို စိတ်မဆိုးဘဲ သွေးတောင် လှူခဲ့သေးတယ်။ သွားပြီး သူ့ဆီ သတင်းပို့သူတွေက တရားစွဲခိုင်းမယ်၊ သူ့မိဘက ချမ်းသာတာ မရရအောင် ပြန်တောင်းရမယ်၊ သည်ကောင်ကြောင့် အားလုံး လုပ်ငန်းအဆင်မပြေဖြစ်တာ ဘာညာရယ်ပေါ့ဗျာ။

အဲသည်နောက်ပိုင်းမှာ သူဟာ ရန်ကုန်ဖြန့် စာအုပ်လုပ်ငန်းကို မလုပ်နိုင်တော့ပါဘူး။ သူတို့ရပ်ကွက်က လမ်းထိပ်နားမှာပဲ ကွမ်းယာ၊ ဆေးလိပ်နဲ့ အထွေထွေ ကုန်စုံဆိုင်လေး ဖွင့်ရှာပါတယ်။ အခြေအနေ ပြောင်းလဲသွားတာရယ်ပါ။

စာရေးသူ သူ့ဆီသွားရင် စိတ်မကောင်းဖြစ်တယ်။ ရိုးရိုးသားသား မနောဖြူဘဲ လူတစ်ယောက်ဟာ တို့ထဲက လူတွေမကောင်းလို့ သည်လို ပြောင်းလဲသွားရရှာတယ်၊ သိန်းသောင်းဂဏန်း ရင်းနိုင်ရှာနိုင်သူက ထောင်ဂဏန်းလောက်နဲ့ စားရရုံရှာနေရရှာတယ်ဆိုပြီး စိတ်ထိခိုက်မိတယ်။

သူ မနောဖြူသလို သူ့မိသားစုကလည်း မနောဖြူတယ်။ ဆင်းရဲပေမယ့် ယခင်ကအတိုင်းပါပဲ။ ပြေးလွှားဝယ်၊ ဧည့်ခံ၊ ဖော်ဖော်ရွေရွေပါပဲ။

သူတို့မိသားစုရဲ့ မနောဖြူမှု (မေတ္တာမနောကထမြောက်မှု) ဟာ စာရေးသူတို့ အသိုက်အဝန်းထဲမှာ မပြောမဖြစ်တဲ့ကိစ္စဖြစ်လာရာက တစ်စုံတစ်ရာ ဆုံးဖြတ်ချက်တစ်ခုတောင် ဖြစ်လာပါတော့တယ်။

အဲဒါက ဘာလဲဆိုတော့ 'စာရေးသူတို့ထဲက နီးစပ်မှုသူနဲ့ ပတ်သက်သမျှ လူတွေအားလုံး သူ့ရဲ့ စီးပွားရေးသို့ ပြန်ကြည့်ရှုရေး' ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲသည်လို ဆုံးဖြတ်ပေမယ့် ရေရေရာရာ မရှိကြပါဘူး။ အနည်းအကျဉ်းလောက်ပါပဲ။

ကိုယ်လုပ်နေတဲ့ စာအုပ်ကလေးတွေပြီးတဲ့အခါမှာ ကလေးတွေ စာအုပ်သွားပေး၊ မုန့်ဖိုး သွားပေးပါပဲ။

မနှစ်ကမှ သူ့ရဲ့ (မေတ္တာကာယကံထမြောက်ခဲ့မှု)ကို မေတ္တာကာယကံမြောက်စွာ လုပ်ပေးနိုင်ခဲ့ပါတယ်။

အနည်းငယ် နာမည်ရစပြုခဲ့တဲ့ စာရေးသူဟာ သူ့အတွက် စာမူတစ်အုပ် ရေးပေးပါတယ်။ သူ မထုတ်ဝေနိုင်မှန်းသိလို့ ဟိုဆေးရုံတက်ခဲ့ရတဲ့ကောင်ကို ထုတ်ခိုင်းတော့ သူက သဘောတူပါတယ်။ သူကလည်း သူ့မိဘအမွေရတာရယ်၊ နိုင်ငံခြားက သူ့အစ်ကို ပို့တာရယ်နဲ့ ထောနေပြီလေ။ နောက်ဆုံး ထုတ်ဖြစ်ပြီး စာမူခရော၊ မြတ်တဲ့ငွေရော သူ့အိမ်ကိုသွားပြီး ကန်တော့ကြပါတယ်။ ဆေးရုံတက်ခဲ့ရတဲ့ကောင်ကလည်း ဟိုစဉ်က သူယူခဲ့တဲ့ ငွေ ပြန်ဆပ်တဲ့သဘော ပေးပါတယ်။

သူ့အိမ်ကို စာရေးသူတို့အုပ်စု သွားကြတာ ဆယ့်တစ်ယောက်၊ နှစ်ယောက်ကတော့ မလိုက်ဖြစ်ဘူး။

ကန်တော့မယ့်ငွေက ငါးသောင်းခြောက်ထောင်တစ်ရာသုံးကျပ်။

ဘာမှ ကြိုပြောမထားဘဲ ပုဆိုးတစ်ထည်၊ ထဘီတစ်ထည်၊ ငွေငါးသောင်းကျော်ထုတ်တစ်ထုပ်နဲ့ ရှိခိုးဦးချ ထိုင်ကန်တော့ကြ



တော့ သူတို့လင်မယားဟာ ဘာဆိုမှ မပေးဘဲ ချုံးပွဲချ ငိုကြပါတော့တယ်။ ဗျာ-- ရှိုက်ရှိုက်ကို ငိုတာပါပဲ။

သူတို့လည်း ငို၊ စာရေးသူတို့လည်း ငို။ အတန်ကြာမှ တစ်ယောက်ကနေ တော်ပါတော့ပြောမှ အရှက်ပြေ ရယ်ကြမိတယ်။

"ငါးထောင်တောင် ပြည့်အောင်မရင်းနိုင်တော့တဲ့အချိန်မှာ ငွေငါးသောင်းဟာ မများပေမယ့် မင်းတို့မေတ္တာက များလှပါတယ်ကွာ"လို့ ပြောတယ်။

စာရေးသူ စိတ်ထဲမှာတော့ -

'အစ်ကိုကြီး မေတ္တာမနောကံ ထမြောက်မှုက များပါတယ်ဗျာ' လို့ ပြောလိုက်မိပါတယ်။

"ကံကြမ္မာက ပေးမထားသော အရာဝတ္ထုများကို မိမိလက်ဝယ်တွင် ရောက်ရှိနေသော်လည်း မည်မျှပင် ပင်ပန်းအဆင်းရဲခံ၍ ထိန်းသိမ်းစေကာမူ ရရှိနိုင်မည် မဟုတ်ပေ။ ထိုနည်းတူစွာ ကံကြမ္မာက ချပေးသမျှတို့ကိုလည်း မည်သို့ပင် ပယ်ရှားရန် ကြိုးစားစေကာမူ ပျောက်ပျက်နိုင်မည် မဟုတ်ပေ၊"

(သီရိကုရယ်လ်ကျမ်း)

အခန်း ၃၈၊ အပိုဒ် ၆။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ကံကိုယ့်ဆူးပုံနင်းသူ

ထိုထိုသမ္မ
ပြုပြုသမ္မ
ကံကိစ္စဒ္ဒ–

(ဝန်ကြီးပဒေသရာဇာ)

သူ့စာပျို့

"ဆူးပုံနင်းကြည့်မယ်ကွာ အဲဒီဆူးက မစူးဘူးဆိုရင်တော့၊ ငါ ကံကောင်းတဲ့လူသားတစ်ဦး ဖြစ်သွားပြီ"

အဲသည်စကားကိုပြောပြီး ကံကိုစမ်းချင်တဲ့လူ၊ ဆူးပုံနင်းခဲ့တဲ့ လူတစ်ယောက် ရှိခဲ့တယ်။

'ဖြစ်ရင်ခံမယ်
လွှတ်ရင်စံမယ်' ဆိုတဲ့ ရည်ရွယ်ချက်မျိုး သူ့မှာရှိခဲ့တယ်။

စွန့်စားခြင်း တစ်ခုကိုလုပ်ပြီး သူဟာ ဘဝမှာ စီးပွားရေးကို



ဖြတ်လမ်းက လိုက်ချင်တယ်။ ငွေများများလိုချင်တော့ လွဲမှားတဲ့ စွန့်စားခြင်းကို စွန့်စားတော့တာပေါ့။

ဘောလုံးကစားဖော် သူငယ်ချင်းလည်းဖြစ်၊ မြစ်ဝကျွန်းပေါ် သားလည်းဖြစ်တဲ့ သံယောဇဉ်နဲ့ သူ့ကို အကြိမ်ကြိမ်တားမြစ်ခဲ့ ပါတယ်။ ဘယ်လိုပြောပြော ရမလိုလိုနဲ့ မရခဲ့ပါဘူး။

နောက်ဆုံးမှာ သူလုပ်ချင်ရာအလုပ်ကို လုပ်ဖို့ ထွက်သွား တော့တာပါပဲ။

အဲသည်ခွဲခွာချိန်မှာတောင် ပြောသွားပါသေးတယ်။

"ဆူးပုံ နင်းကြည့်မယ်ကွာ၊ အဲသည်ဆူးပုံက မစူးဘူးဆိုရင် တော့ ငါဟာ ကံကောင်းတဲ့လူသားတစ်ဦး ဖြစ်သွားပြီ" တဲ့။

စာရေးသူဟာ သူ့ကို အဲသည်အချိန်က တကယ်ပဲ သူ့ကို အဲသည်အလုပ် မလုပ်စေချင်သူရယ်ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ စာရေးသူနဲ့ သူဟာ မြို့နယ်ကုန်သွယ်ရေး ဘောလုံးသင်း မှာ ကစားခွင့်ရပြီး အလုပ်ရဖို့က သေချာနေပြီဖြစ်တယ်။ ကုန်သွယ်ရေး အရာရှိကလည်း အာမခံချက် ပေးပြီးပြီ။ ဘောလုံး ကစားချိန်လည်း လခ ရမယ်။ ပြီးရင် ပြည်သူ့ဆိုင် (အခြေခံ)မှာ ဝင်ရမယ်။ အဲသည်အချိန်ကတော့ ရှစ်ဆယ့်နှစ်ကျပ်စားပေါ့။ ထမင်းလခကတော့ လေးဆယ့်ငါးကျပ် ပေးစားရင် ရတယ်။

စာရေးသူရဲ့ သူငယ်ချင်းဟာ တရုတ်လူမျိုးတစ်ဦးနဲ့ သိကျွမ်းပြီး အဲသည်လူ လုပ်ခိုင်းတဲ့အလုပ်ကို သိပ်စိတ်ဝင်စားနေခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ လောဘစိတ်ကလည်း သူ့မှာ ဝင်နေတော့တယ်။ တစ်ချီတည်း များများ ရချင်တာပါပဲ။

အလုပ်ကလေးနဲ့ ဘောလုံးကလေး ကန်၊ ရည်းစားနဲ့ စနေနေ့ တွေ့ဆိုတဲ့ ရည်ရွယ်ချက်ကိုကျော်ပြီး သူဟာ လွဲမှားတဲ့ စွန့်စားမှုကို လုပ်တော့တယ်။

သူနဲ့ အခြားတစ်ယောက်ဟာ ဘယ်နေ့က ရန်ကုန်ကို တက်သွားတယ်ဆိုတာ မသိလိုက်ရပါဘူး။

သူက လျှို့ဝှက်စွာ ထွက်သွားတယ်။ သူ့အလုပ်မျိုးက လည်း လျှို့ဝှက်ရတဲ့အလုပ် မဟုတ်လား။ ခင်မင်လှပါတယ်ဆိုတဲ့ သူငယ်ချင်းတွေကိုရော ရည်းစားကိုပါ နှုတ်ဆက်မသွားခဲ့ပါဘူး။

သုံးလေးရက် မတွေ့ရာက မေးမြန်းကြည့်မှ သူမြို့မှာမရှိ တော့မှန်း သိတယ်။

သူ့ခရီးစဉ်က ရန်ကုန်သွားမှာ၊ ပြီးရင် နယ်စပ်ထိသွားမှာ။ သွားမယ့်နယ်စပ်ကတော့ ဘယ်နယ်စပ်ထိမှန်း မရိပ်မိဘူး။

သူရဲ့ရည်းစားကို ငါထောရင် လက်ဆောင်တွေနဲ့ ပြန်လာခဲ့ မယ်လို့ မသွားခင်တုန်းက ပြောခဲ့ဖူးတယ်တဲ့။

ကြောက်လွဲ၊ ရဲ မင်းဖြစ်ဆိုတာ မှန်ကန်တဲ့ ရဲရင့်မှုမျိုးမှ ဖြစ်တာ။ မမှန်ကန်တဲ့အလုပ်မျိုးဟာ ကြောက်ကို ကြောက်သင့် တယ်။ မရဲသင့်ပါဘူး။ ခုတော့ သူက သိပ်မဟုတ်ဘူး။ အလွန် အတင့်ရဲတာပါပဲ။



မြို့က သူ ပျောက်သွားလိုက်တာ ရက်လေးဆယ်ကျော်ပြီ။ ဘာသတင်းမှ မရဘူး။

စာရေးသူတို့ သူငယ်ချင်းတစ်သိုက်လုံးလိုလို မြို့နယ် ကုန်သွယ်ရေး ဘောလုံးအသင်းမှာ ကစားနေကြပြီ။ လေ့ကျင့်ဖို့ နံနက် ကွင်းဆင်းရင် သူ့အိမ်နားက ဖြတ်သွားရလို့ သတိအမြဲရမိ ပါတယ်။

သူ့ကောင်မလေးနဲ့ လမ်းမှာတွေ့တိုင်း စာလာလား မေးကြည့်မိတဲ့အခါ မလာကြောင်း သိရတယ်။

သည်လိုနဲ့ သုံးလအကြာမှာ “ဆူး”ပုံကို သွားနင်းကြည့် မယ်။ အဲသည်ဆူးက မစူးဘူးဆိုရင် ငါ ကံကောင်းပြီ ဆိုတဲ့ သူငယ်ချင်းဟာ သတင်းစာထဲမှာ ဖခင်အမည်၊ အိမ်လိပ်စာနဲ့ အတူ ပါလာပါတော့တယ်။

တရားဥပဒေနဲ့ ငြိစွန်းတဲ့ပစ္စည်း သယ်ဆောင်လာမှုနဲ့ ဘယ်မှာ ဖမ်းမိတယ်ဆိုတဲ့အကြောင်း။

ဆူးစူးသွားတဲ့ သတင်းပေါ့လေ။

‘သြော်– ငါ့ကောင်ကြီး ဆူးစူးသွားရှာပြီ၊ ကံမကောင်း ဘူး’ ရယ်လို့ ဝမ်းနည်းရတော့တာပေါ့။

လွတ်မယ်ထင်တဲ့ အတွေးနဲ့ ကံကောင်းရင် ငွေအများကြီး တစ်ခါတည်း ရလာမယ်ဆိုတဲ့ အတွေးနဲ့ ကြိုးစားခဲ့တဲ့ သူငယ်ချင်း ဟာ ခုတော့ သံတိုင်တွေကြားကို ရောက်သွားရှာပြီ။

www.burmeseclassic.com

www.burmeseclassic.com



* ကောင်းတာလုပ်မှ ကောင်းတာဖြစ်၊

* မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မှန်းက သိသာပါတယ်။

ကံပေးပြီး လွတ်တယ်ဆိုလဲ တစ်ကြိမ်နှစ်ကြိမ်ရယ်ပေါ့။ မကောင်းမှုနဲ့ ရေရှည် လွတ်နေတယ်ဆိုတာ မရှိပါဘူး။

သူ့သယ်ဆောင်တဲ့ပစ္စည်းက ဥပဒေ အလွန်ပြင်းထန်တဲ့ ပစ္စည်းမို့ ထောင်က ဆယ်နှစ်တောင် ကျတယ်။ ဆူးတွင်းထဲ ဆယ်နှစ်နေရတော့မယ်လေ။

လွတ်မယ်ထင်တဲ့ ကံကိုယုံပြီး ဆူးပုံနင်းတာဟာ မလွတ်ဘဲ ဆူးတွင်းထဲ ကျတယ်။

ကျရုံနဲ့ ရော ပြီးသလား၊ မပြီးသေးပြန်ပါဘူး။ ထောင်ထဲမှာ သူဟာ အကျဉ်းသားချင်း ရန်ဖြစ်လို့ တိုက်ပိတ်ခံရ။ တစ်ခါ ရဲဘက်ဘဝအရောက်မှာ နောက်ထပ် ထွက်ပြေးဖို့ ကြိုးစားလို့ အပြစ်ထပ်ရ။

ဆူးတွင်းထဲက မလွတ်ဘဲ ဆူးတွေ များတဲ့ ညွန်ထဲကို ထပ်ခါထပ်ခါ နစ်။ ဘောလုံးကစားဖော် သူငယ်ချင်းတွေက အိမ်ထောင်တွေ ကျ၊ သားသမီးတွေ ရ၊ အလုပ်အကိုင်တွေ တိုးတက်၊ အသီးသီး အဆင်ပြေတဲ့ကာလအရောက်မှာ သူဟာ ထောင်က လွတ်လာတယ်။

စာရေးသူတို့တွေ ဆံပင်ဖြူတာထက် သူ့ဆံပင်က တစ်



ခေါင်းလုံး ဖြူနေတယ်။ လူကလည်း မည်းမှောင်ပိန်ကပ်နေတယ်။

ငယ်သူငယ်ချင်းတွေမို့ တွေ့တော့ အားရဝမ်းသာစကားပြော အဖြစ်အပျက်တွေ မေးကြည့်မိတယ်။

သူဟာ အပိုင် နောက်ဆုံးလုပ်မယ်ဆိုတဲ့အခေါက် ခရီးအဆင့်ဆင့် လွတ်လာခဲ့ပြီး ရန်ကုန်မှာ ငွေယူရမယ့်နေရာရောက်မှ အဖမ်းခံလိုက်ရတယ်လို့ ဆိုပါတယ်။ အချင်းချင်းသစ္စာဖောက်တာလို့လည်း ဆိုတယ်။

မကောင်းမှုကံဟာ ဘယ်တော့မှ ထာဝရအကျိုးပေးရိုးထုံးစံ မရှိပါဘူး။

အကျိုးပေးလည်း ခဏပဲ။ ခံရတယ်ဆိုတာသာ ထာဝရပဲ။

အဲသည်သူငယ်ချင်းဟာ အခုတော့ ထောင်ထဲက တတ်လာတဲ့ ဝါးကုလားထိုင်ထိုးအတတ်၊ လက်သမားအတတ်နဲ့ ရိုးသားစွာ လုပ်စားနေပြီ။

သူ့ရဲ့ ပရိဘောဂဆိုင်ဟာ လက်ရာကောင်းလို့ နာမည်ကြီးပါတယ်။

သူဟာ ဆူးတောထဲ မတိုးတော့ပါဘူး။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ကံဆိုးမိုးမှောင်

ကံဆိုးမိုးမှောင်ကျပြီဆိုရင် သိပ်ကို ကြောက်စရာကောင်းတယ်။

အကုသိုလ်တွေ တပ်ဖွဲ့ကြီးနဲ့ကို လိမ့်ပြီး တက်လာတတ်ပါတယ်။

တစ်ခု မပြီးသေးဘဲ နောက်တစ်ခု ဆက်ဆက်တက်လာပြီးတော့ အမှောင်ထဲရောက်ပြီး မှောင်သထက် မှောင်သွားရော။

ကံဆိုးမိုးမှောင်ကျခဲ့ရင် ဘဝက သိပ်နာတယ်။ အဲသည်က လွတ်လည်း အရိပ်မည်းကြီးဟာ ပါလာတတ်တာပါပဲ။

ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒဟသုတ်မှာ–

"ကံကုန်လို့ ဒုက္ခမငြိမ်း၊ တဏှာကုန်မှ ဒုက္ခငြိမ်းတယ်" လို့ ဆိုပါတယ်။

အဲသည် လူတစ်ယောက် ဒုက္ခရောက်ရတာဟာ ကာမ



တဏှာကို မထိန်းသိမ်းနိုင်လို့ပါပဲ။

သူ့မှာ မိန်းမ မရှိတာ မဟုတ်ဘူး။ ဇနီးချော ဇနီးလှ ခေတ်ပညာတတ် တစ်ယောက်လည်း ရှိပါတယ်။ ကလေး နှစ်ယောက်လည်း ရှိတယ်။ သားတစ်ယောက် သမီးတစ်ယောက် ဖြစ်ပြီး ကလေးလေးတွေက ချစ်စရာလေးတွေပါ။

ကံဆိုးမိုးမှောင်ကျဖို့ စတာက ဌာနဆိုင်ရာ အလုပ်ကိစ္စနဲ့ ခရီးသွားရာက စတာပါ။

ခရီးသွားရင်း အမျိုးသမီးငယ်တစ်ဦးနဲ့တွေ့တယ်။ အရွယ်က သူ့ညီမအငယ်ဆုံးနဲ့ တစ်ရွယ်တည်းပါ။ အသက်က နှစ်ဆယ့်နှစ်နှစ်။ သူ့မိန်းမထက်လည်း ငယ်တယ်။

တွေ့တဲ့အချိန်မှာ သူ့အသက်က လေးဆယ်ကျော်နေပါပြီ။ လေးဆယ့်ငါးနှစ်ထဲမှာပါ။

ကားအတူ တွဲစီးရာက ရင်းနှီးတယ်။ လမ်းမှာ ကားပျက်လို့ တစ်ညအိပ်ရတယ်။ နောက်တစ်နေ့ မိုးအလင်းမှာ သူတို့နှစ်ဦးဟာ ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ် ရှိနေကြပြီ။

အလုပ်ကိစ္စနဲ့ သူ သွားရမယ့်မြို့အထိ အဲသည် မိန်းမက လိုက်လည်တယ်။ အမှန်မှာက လမ်းမှာ နေခဲ့ရမယ်။

တိုတိုပြောရရင် ဇာတ်လမ်းရှုပ်ရောပေါ့။ ရန်ကုန်ပြန်ရောက် ပြီးမှ အဲသည် မိန်းကလေးရှိရာမြို့ကို တစ်လတစ်ခေါက် သူ ရောက်နေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း သိလာရာက ငြီးလာ၊ ငြီးလာရာက ထိလာရောပေါ့။

ကောင်မလေးက အပျိုမဟုတ်ဘူး။ တစ်ခုလပ်လို့ ပြောပါတယ်။

အဲသည့်မိန်းမကိစ္စနဲ့ တစ်ညနေမှာ သူ အရိုက်ခံရတယ်။ ဆေးရုံမှာ ရစ်ချက် ချုပ်ရတယ်။

သူ့ဇနီးက သိသွားပြီး အိမ်ထောင်ရေး အဆင်မပြေဖြစ်တယ်။ တစ်နှစ်နီးပါးမှာ တရားဝင် ကွဲကြရော။ မိန်းမက သူ့အမေအိမ်ဆင်း၊ သူက စိတ်လေပြီး ခွင့်ယူလျှောက်သွားနေ။ အဲသည်လိုဖြစ်ရာက သူနေတဲ့ရပ်ကွက် မီးလောင်လို့ အိမ်မီးထဲပါသွားရော။ သူ့ဆီမှာ ခရီးထွက်လာတဲ့ လက်ဆွဲအိတ်ပဲ ပါလာတယ်။

နေစရာမရှိ ဖြစ်နေတဲ့အချိန်မှာပဲ သူခရီးသွားရင်း ထိခဲ့ငြိခဲ့တဲ့ ကောင်မလေးက ကိုယ်ဝန်ရှိလာလို့ အတင်းယူခိုင်းတယ်။ အဲသည် ကိုယ်ဝန်ဟာ သူ့ကိုယ်ဝန်လား ဘယ်သူ့ကိုယ်ဝန်လဲဆိုတာ သံသယ မကင်းဘူး။

နောက်ဆုံး သနားတဲ့ အခြေခံစိတ်နဲ့ သူက ယူလိုက်ပါတယ်။

ဟော အဲသည်မှာ မှောင်တကာ့ မှောင်တဲ့ မိုးမှောင်ကြီး ထပ်ကျလာပြန်ရော။



ဘယ်လိုဖြစ်သလဲဆိုတော့ ကွဲနေတဲ့ ကောင်မလေး လင်က သူ့ကို မယားခိုး စွဲတယ်။ ဟိုကောင်က တရားဝင် ကွဲသေးတာ မဟုတ်ဘူးလေ။

ဒဏ္ဍဖြစ်တာက အလုပ်ပြုတ်၊ ထောင်ကျ။

ထောင်ထဲ ရောက်ပြန်တော့ ကျန်းမာရေးပျက်။ အရာရှိငယ် ဘဝက ချောမောလှတဲ့ သူ့မျက်နှာဟာ အရိုးပေါ်အရေတင်ပဲ။

ထောင်က လွတ်လာတော့ မြင်မြင်ချင်း မမှတ်မိပါဘူး။ သုံး လေးနှစ်အတွင်း ဘဝဟာ အပြောင်းလဲကြီး ပြောင်းလဲလို့သွားပါတယ်။

ဘယ်လိုအတိတ်ကံနဲ့ ဘယ်လိုခံရတယ် မသိဘူး။ လူတော့ မသေရုံတစ်မည်ပါပဲ။

သူက ဆုံးမစကား ပြောပါတယ်။ “ငါ့မှာ ကံဆိုးမိုးမှောင်ကျရတာ မိန်းမကြောင့်၊ ငါ့ရဲ့ ကာမတဏှာ အားကြီးမှုကြောင့်၊ အဲဒီတော့ မင်းတို့ အမြဲတမ်း အဲဒီစိတ်ကို သတိထားပါ”တဲ့။

သူက သူ့မိဘရှိတဲ့ အရပ်ကိုပြန်ဖို့ စာရေးသူထံ ခရီးစရိတ်တောင်းပါတယ်။ တောင်းတောင်းချင်း မပေးနိုင်လို့ စာမူပြီးတဲ့နေ့ထိ သူ စောင့်ယူပြီးမှ သွားရရှာတယ်။

သူ့ဘဝ သည်လို ကံဆိုးမိုးမှောင်ကျရတာဟာ မမျှော်လင့်ဘဲ ပေါ်ပေါက်လာတဲ့ ထိတွေ့မှုတစ်ခုကို မရှောင်နိုင်ဘဲ ကျူးလွန်ရာက ဆက်တိုက် ကျူးလွန်မိလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်တဲ့အချိန်၊ ဘွဲ့ရတဲ့အချိန်၊ အလုပ်လုပ်တဲ့အချိန် အားလုံး လူကောင်းတစ်ယောက်ရယ်ပါ။

အတိတ်ကံ ဆိုးလွန်းလို့ တစ်ကွေ့တစ်ထောင့်မှာ ကံဆိုးမိုးမှောင် ကျသွားခဲ့တယ်။

သူ့ကို အဝေးပြေးကားဂိတ်ကို လိုက်ပို့ရင်း နှုတ်ဆက်စကား ပြောမိပါတယ်။

"ဟေ့ လူကြီး လမ်းမှာ ကားပျက်ရင် အမှောင်ထဲမဝင်နဲ့ဦး" လို့ပြောတော့ သူက မကြားတကြား ဖြစ်နေတယ်။

"ဒီလိုဗျာ၊ အကယ်၍ လမ်းမှာကားပျက်ရင် အမှောင်ထဲမဝင်နဲ့၊ ကင်းကိုက် မြွေမလေးကိုက်ရင် ကံဆိုးမိုးမှောင်ကျဦးမယ်"

အဲသည်စကားကို သူသဘောပေါက်စွာနဲ့ ပြုံးရယ်ပါတယ်။

"အေးပါကွယ်၊ ကံဆိုးမိုးမှောင်ဖြစ်တဲ့ အမှောင်ထဲတော့ တစ်သက်လုံး ပြန်မဝင်တော့ပါဘူး၊ ဝင်လဲ မဝင်ရဲတော့ဘူး"

သူ အဲသည်လို စကားပြောချိန်မှာ သူ့ခုံဘေးမှာ မိန်းမ ဝဝကြီးတစ်ယောက် စင်ထိုင်တယ်။ ဝက်မီးနီးကို ဝတယ်။

"ဟာ၊ စိတ်ချပြီဗျို့"လို့ စာရေးသူက နှုတ်ဆက်လိုက်ပါတယ်။

သူ ဖါသွားတဲ့ ကားဟာ နေမင်းရဲ့ အလင်းရောင်ဖြာထွက်နေတဲ့ အရှေ့ဘက်ကို ထွက်သွားပါပြီ။

* ဆန့်ကျင်ဘက်ဖြစ်သော ကံကြမ္မာသည် မိုက်မဲမှုကို ဖြစ်စေ၍ ဖွံ့ဖြိုးသော ကံကြမ္မာသည် ပညာတိုးတက်မှုကို ဖြစ်စေ၏။

(သီရကုရယ်လ်ကျမ်း)

အခန်း ၃၈၊ အပိုဒ် ၂။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်ငါးမိနစ်အတွင်း ကံဆိုး

အမှန်တကယ်တော့ သည်အကြောင်းကို ကျွန်မ ပြန်တွေးပြီး ပြောမပြချင်ပါဘူး၊ စာရေးဆရာရယ်။ စာရေးဆရာက အကြိမ်ကြိမ် ပြောပြပါလို့ ပြောလို့သာ ပြောရမှာ။ အဲသည်အကြောင်း ပြောရမှာကို စိတ်မကောင်းဘူး။

ဖြစ်ခဲ့တဲ့ ကံတရားကလည်းပဲ အလွန်ကို ဆန်းကြယ်လွန်းလှပါတယ်။

ခံရမှာက ကျွန်မပါ။ ဒါပေမယ့် သူက အဲသည်မှာ ကံကြမ္မာဆိုး ဝင်သွားခဲ့တယ်။

သူ့မှာ ဘဝဝဋ်ကြွေးက ဘယ်လို ပါခဲ့တယ် မသိဘူးလေ။

သူ့ကို ကျွန်မ သိပ်ချစ်ပါတယ်။ အဲသည် ကြမ္မာဆိုးကို သူ့အစား ကျွန်မ ခံရမယ်ဆိုရင်လည်း လဲလှယ်ပြီး ခံချင်ပါတယ်။



အဖြစ်အပျက်ကို အသေးစိတ် ပြန်ပြောရရင် သူနဲ့ ကျွန်မ ချစ်သူဖြစ်ခဲ့ကြတာက အမေ ဆေးရုံတက်စဉ်ကပါ။

အမေ့ကို အသည်းရောင် အသားဝါရောဂါနဲ့ ဆေးရုံတင်တော့ ကျွန်မက အမေ့ကို သွားစောင့်ရတယ်။

တစ်နေ့ ရေချိုးယူပြီး ပြန်အလာမှာ အမေ့ခုတင်နားမှာ ရပ်နေတဲ့ သူ့ကို တွေ့ပါတယ်။ အပေါ်မှာ ဝတ်ထားတဲ့ အင်္ကျီအဖြူကိုကြည့်ပြီး သူဟာ အလုပ်သင်ဆရာဝန်လေးတစ်ယောက်ဆိုတာ သိလိုက်ရတယ်။

သူက နောက်ကိုအလှည့် ကျွန်မက ခုတင်အောက်ခုံပေါ် ဓာတ်ဘူးတင်ဖို့အသွား တံတောင်နဲ့တိုက်မိပြီး ဓာတ်ဘူး လွတ်ကျသွားပါရော။

သူဟာ တောင်းပန်စကားပြောပြီး ဓာတ်ဘူးကို ပြန်ဝယ်ပေးပါမယ်လို့ ပြောတယ်။

အမေက မတော်လို့ဖြစ်တာ နေပါစေလို့ ပြောလိုက်ပေမယ့် သူဟာ နောက်တစ်နေ့မှာ မျိုးတူဓာတ်ဘူးတစ်လုံးကို ပြန်ဝယ်ပေးတယ်လေ။ အဲသည်နေ့က သူ့ကို သင်တန်းနေ့ မဟုတ်ပါဘူး။ သက်သက် လာပေးတာပါ။

သည်နောက်တော့ သူနဲ့ ခင်မင်လာခဲ့ကြပါတယ်။ အမေ့ကို တစ်လနီးပါး ဆေးရုံတင်ရတာလေ။ တစ်နေ့မှာတော့ ခုတင်အားမှာ သူ ရပ်တုန်းပဲ၊ ဓာတ်ဘူးနဲ့ ကျွန်မအလာမှာ သူက

www.burmeseclassic.com



အလန့်တကြား နောက်ကိုဆုတ်တယ်၊ ဒီတစ်ခါ ထပ်တိုက်မိရင် လျော်စရာမရှိဘူးလို့ ပြောတယ်။

အမေက ခုတင်ပေါ်က ရယ်တယ်။ ကျွန်မလည်း ရယ်နေတုန်း သူ့ဘေးက သူငယ်ချင်းနှုတ်က ထွက်လာတဲ့စကားဟာ ကျွန်မရင်ကို ဆို့နစ်သွားပါတယ်ရှင်။

သူ ဟိုတစ်ခါက ခါတ်ဘူးပြန်ဝယ်ပေးရတာ သူ့စာအုပ်အချို့နဲ့ အဝတ်တစ်စုံကို ရောင်းပြီး ဝယ်ပေးရှာသတဲ့။

အဲသည်နေ့ကစလို့ ကျွန်မစိတ်ဟာ သူ့ဆီမှာပဲ ရောက်နေတော့တယ်။ သူ့မျက်နှာပဲ မြင်နေတော့တယ်။

လူကလည်း ဖြူဖြူချောချော၊ ဆရာဝန်လောင်းကလည်း ဖြစ်၊ စိတ်သဘောကလည်းကောင်းတော့ ကျွန်မ မစွဲမက်နိုင်ဘဲ နေပါ့မလား စာရေးဆရာရယ်။ စာရေးဆရာက ပွင့်ပွင့်ရှင်းရှင်း ပြောပါဆိုလို့ ပွင့်ပွင့်ပဲ ပြောတာပါ။ ရင်ထဲမှာ သိပ်ခံစားရတယ်။ ရင်ထဲမှာ အဓိပ္ပာယ်ပေါင်းများစွာ ဝင်လာခဲ့တယ်။

အဲသည်နောက်မှာ သူ့ဘဝတွေ ပိုသိရတယ်။ ပညာတော်လို့သာ ဆေးတက္ကသိုလ် ရောက်လာတယ်။ မိဘက စီးပွားရေး မတောင့်တင်းဘူး။ သူ့ဖခင်က သူ ဆယ်တန်းမှာပဲ သေဆုံးခဲ့ရပြီး၊ မိခင် အလယ်တန်းပြ ဆရာမက သူ့ကို ကျောင်းဆက်ထားတာ ဖြစ်တယ်။ ဦးလေးတွေ အဒေါ်တွေက ဝိုင်းထောက်ပံ့တာလေ။



အမေ ဆေးရုံဆင်းတော့ သူအိမ်လာလည်တယ်။ ကျွန်မ ကျောင်းပြန်အဖွင့်မှာ စီးပွားရေးတက္ကသိုလ်ဘက်ကို မကြာခဏ ရောက်လာတတ်တယ်။

ရှင်းရှင်းပြောမယ် စာရေးဆရာရေ၊ သူက အဲသည်လိုလာပြီး ဘာမှဖွင့်မပြောတော့ ကျွန်မကပဲ ပို့စကတ် (သမင်ရုပ်ကလေးနဲ့)မှာ 'သမင်မလေးတစ်ကောင်းတည်း ပျင်းနေရှာတယ်' ဆိုတဲ့ စာကိုရေးပြီး ရည်းစားစာ သဘောမျိုး စရေးတာ။

နောက်နှစ်ရက်မှာ သူက ပို့စကတ်တစ်စောင် လာပေးတယ်လေ။ ကျွန်မမှာ ရင်တထိပ်ထိပ်နဲ့ ရေတမာပင်အောက် သွားထိုင်ပြီး ဖောက်ကြည့်လိုက်တော့ ပုဂံဘုရားတစ်ဆူပုံ တွေ့တယ်။ ရေးထားတဲ့စာက 'တရားအားထုတ်မယ့်လူ' တဲ့။

အဲသည် ပို့စကတ်ကြောင့် သူ့ကို စိတ်ကောက်ရင်းက ချစ်သွားကြရော ဆိုပါတော့ စာရေးဆရာ။

ကျွန်မရဲ့ ရင်ထဲ အသည်းထဲကကို ချစ်ပါတယ်။ သူက ဆရာဝန်မို့ ချစ်တာ မဟုတ်ရပါဘူး။

ချစ်သူတွေ ဖြစ်ကြလို့ တစ်နှစ်တိတိပြည့်မယ့်နေ့မှာတော့–

အဲသည်နေ့က ကျွန်မတို့ ပဲခူးကို ဘုရားဖူးသွားကြတဲ့နေ့ပါ။ ကားကို စင်္ငှားပြီး ကျောင်းက သူငယ်ချင်းတွေနဲ့ ကျွန်မ ညီမတွေလည်း ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဆိုလို့ သူရယ် ကားဒရိုက်ဘာရယ်ပဲ ရှိတယ် လေ။

ပဲခူးမှာ ဘုရားစုံဖူးပြီး ပျော်တာမှလည်း အရမ်းပဲ။

သူ့ကိုပဲ ကျွန်မတို့အားလုံးက စ,နေကြတာ။ ထမင်းစားတော့ သူ့ပန်းကန်ထဲကို ကျွန်မညီမက ဟင်းထည့်ပေးတယ်။

အဲသည်တော့ ကျွန်မက စိတ်ကောက်ပစ် လိုက်တာပေါ့။ သူက ရှက်ကိုးရှက်ကန်းနဲ့ ကျွန်မညီမကို ဟင်းတွေပြန်ပေးတယ်။ အလွန်လှောင်တဲ့ ဟာမတွေက ဂိုင်းလှောင်တာပေါ့။

ဘုရားရှိခိုးရင်လည်း သူ့ဘေးနားမှာ ဘယ်သူမှ ထိုင်ရှိမခိုးရဘူး၊ ကျွန်မပဲ ထိုင်ပါတယ်။

အဲသည်လောက်တောင် ပျော်ရွှင်ပြီး ပဲခူးက ရန်ကုန်အပြန်မှာတော့ ရှင်ရယ်---

ပဲခူးက ကားပြန်ထွက်တော့ ငါးနာရီထိုးဖို့ မိနစ်နှစ်ဆယ်လိုသေးတယ်။

ရှေ့ခန်းမှာ သူရယ် ကျွန်မရယ်။

နောက်မှာက ညီမနဲ့ သူငယ်ချင်းတွေ ထိုင်ကြတယ်။ ကားက ပါဘလစ်ကာ အပြာနုပါ။

ဖြစ်ပုံက ဒီလို--

ကားထွက်လာပြီး အင်းမ,နား အရောက်မှာ သူက အိုက်တယ်လို့ ပြောတယ်။



"မောင် ဒီဘက်ပြတင်းပေါက်မှာ ထိုင်မလား" ဆိုတော့ သူက မပြောဘူး။

ကျွန်မကပဲ စေတနာတွေ ဗရပွနဲ့ အတင်းနေရာပြောင်းထိုင်လိုက်တယ်။

နေရာပြောင်းပြီး ဆယ့်ငါးမိနစ်အကြာမှာတော့---

"ဂျိုင်း--" ဆိုတဲ့ အသံ။

ဘေးက ကုန်တင်ကားကြီး ပွတ်ထွက်သွားတဲ့ အရှိန်။

အဖြစ်အပျက်က မြန်တယ်။

ကုန်တင်ကားကြီးက အစွန်းထွက်နေတဲ့ သံချောင်းက အချစ်ရဲ့ ညာဘက်နားထင်ကိုထိပြီး သူချစ်ပါတယ်ဆိုတဲ့ ကျွန်မနဲ့ လောကကြီးကို စွန့်သွားတော့တာပါပဲ စာရေးဆရာရယ်။

နေရာပြောင်းပြီး ဆယ့်ငါးမိနစ်လောက်မှာ ကံကြမ္မာဆိုးဟာ သူနဲ့ ကျွန်မရဲ့ဘဝကို ခြားနားသွားစေခဲ့တာပေါ့ရှင်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းတုံးပေါ်တည့်တည့် လာမှန်တဲ့ကံ

တစ်ခါတစ်ရံမှာ တကယ့်အဖြစ်အပျက်တွေဟာ ဝတ္ထုဇာတ်လမ်းတွေထက်တောင် ဆန်းကြယ်တတ်ပါတယ်။

အဲသည်အကြောင်း ပြောရရင်တော့ ရယ်စရာရယ်ပါ။ သူ့မှာ စိန်ခေါင်းတုံးဆိုတဲ့နာမည်ရခြင်းက အကြောင်းရှိပါတယ်။

ရန်ကုန်မြို့က ရန်ကင်းမြို့မှာ အရှေ့ရန်ကင်းရယ်၊ အနောက်ရန်ကင်းရယ်ရှိပြီးတော့ ပိုက်လုံးကြီးရဲ့ အနောက်ဘက်မှာ တိုက်လေးလုံး ရှိတယ်။

ရန်ကင်းမြို့တည်စက တိုက်လေးလုံးတည်းရှိတဲ့အတွက် အဲသည်လို ခေါ်တာပါ။ ယခုတော့ တိုက်တွေ များနေပြီ။

စိန်ခေါင်းတုံးဇာတ်လမ်းကိုပြောရရင် ဆံပင်ညှပ်တဲ့ကိစ္စကနေ စပြောရမှာပါပဲ။

တစ်နေ့မှာ သူ့အဖေက သူ့ကို ဆံပင်ညှပ်ခိုင်းတယ်။



စိန် ခေါင်းတုံးက သွားညှပ်ပါတယ်။ ဟိုတုန်းက ငါးလုံးတန်းမှာ ပဲခူးဆံသဆိုင်ဆိုတာ ရှိတယ်။ အဲသည်မှာသွားပြီး ဆံပင်ညှပ်တာပေါ့။

သူ့အဖေက ဆံပင်ညှပ်ဖို့ရယ် မုန့်ဟင်းခါးစားဖို့ရယ် ပိုက်ဆံ ပေးလိုက်တယ်။ သည်ကောင်က ဆံပင် မညှပ်ချင်လို့ သူ့ဖခင်က ချော့မော့လွှတ်လိုက်တာ။ အဲသည်ခေတ်အချိန်လောက်က ဆံပင်ရှည်ရှည်ကို နောက်လှန်ပြီး ဖြီးတတ်ကြတယ်။

အဲဗစ်ပရက်စလေခေတ်လို့ပဲ ဆိုရမှာပေါ့။ သူဆံပင်ညှပ်ပြီး အိမ်ပြန်အရောက်မှာ သူ့အဖေ ဒေါပွပါလေရော။

ဆံပင်က ရှည်မြဲရှည်တာပဲဆိုပြီး ဒေါပွတယ်။ ဆူတယ်၊ ကြက်မွေးနဲ့ သုံးလေးချက်ရိုက်တယ်။ နောက်ပြီးတော့ ပိုက်ဆံထပ်ပေးပြီး ဆံပင်ပြန်ညှပ်ခိုင်းပါတယ်။

အဲသည်မှာ သည်ကောင်တစ်ယောက် ဆံပင်ညှပ်ဆိုင်ပြန် သွားရတော့တာပေါ့။

စိတ်တိုတိုနဲ့ ဒေါပွပြီး ဆံပင်ညှပ်ဆရာ ကိုရွှေကို ခေါင်းတုံး တုံးပေးပါလို့ ပြောပါတယ်။

အမှန်တော့ အရွဲ့တိုက်တာလေ။

အိမ်ပြန်လာတော့ သူ့အဖေက ရယ်ကာယ်။ ခေါင်းတုံးပြောင်နဲ့ သူ့သားကို တဝါးဝါး ဟားတယ်။

အဲသည်အချိန်ကစလို့ သူမှာ စိန်ခေါင်းတုံးအဲ့ကို ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အရင်က သည်နာမည် မခေါ်ပါဘူး။ သူ့မှာ (မောင်....) ဆိုတဲ့ နာမည် ရှိပါတယ်။

သည်လို ခေါင်းတုံးတုံးပြီးတော့ တစ်ဆင့်တက်လို့ စိန်ခေါင်းတုံးဘွဲ့ကို ရတဲ့အကြောင်းကတော့---

တစ်နေ့မှာ--

သူဟာ တိုက်သောကြားကနေ လာပါတယ်။ အချိန်က ညနေဘက်ရယ်ပါ။ ပိုက်လုံးပေါ်မှာ ဂစ်တာတီးနေတဲ့ သူငယ်ချင်းတွေဆီကို သူက သွားမလို့။

သည်လို ပုန်းလျှိုးကွယ်လျှိုး လာရတာက သူကြိုက်နေတဲ့ ကောင်မလေးအိမ်ရှေ့ကနေ မဖြတ်ချင်လို့ပါ။ ညနေဆိုတော့ ဦးထုပ်လည်း သူ ဆောင်းမလာခဲ့ဘူး။

တိုက်သောက ဖြတ်အလာ "တိန်"ခနဲ မြည်အောင်ကို သူ့ခေါင်းပေါ် ပစ္စည်းတစ်ခု ကျလာတယ်။

ဘယ်သူက ခဲလုံးသေးသေးနဲ့ သို့မဟုတ် ကျောက်စရစ်ခဲသေးသေး ပစ်ချလိုက်ပါလိမ့်လို့ သူ ထင်တယ်လေ။ ဒါလည်း အရမ်းပွတာပေါ့။ အပေါ်ကို မော့်ကြည့်တော့ ဘယ်သူ့ကိုမှ မတွေ့ဘူး။ စီညံစီညံ အသံတော့ ကြားတယ်။

အောက်ကို ငုံ့အကြည့်မှာ---

တလက်လက် တောက်ပြောင်နေတဲ့ လက်စွပ်တစ်ကွင်း သူ မြင်တွေ့ရတယ်။



မြင်စမှာ စိန်လား ဘာလားတော့ သူ မသိဘူး။ နောက်မှ ငွေးသီးသည် ကိုတိတ်ကြီး ပြောမှ သိတာပါ။

ကြံကြံဖန်ဖန် သူ့ခေါင်းတုံးပေါ် ကျလာတာက စိန်လက်စွပ်။

ကလေးတစ်ယောက်ယောက်ပဲ ပစ်ချတာလား၊ ဒါမှမဟုတ် အထပ် တစ်ထပ်ထပ်မှာ အနုကြမ်း စီးနေလို့များလား။

သူ့မှာ တောင်တွေးမြောက်တွေး ဖြစ်နေပါတော့တယ်။ ပိုင်ရှင်လည်း မသိ။ အဲသည်တိုက်က ဘယ်သူကမှလည်း မေးမေးမြန်းမြန်း မရှိပါဘူး။

တစ်အိမ်အိမ်က ပစ်ချတယ်၊ ပျောက်တယ်ဆိုလည်း မေးကြမြန်းကြရမှာပေါ့။ ရှာကြမှာ မဟုတ်ဘူးလား။

ကြံကြံဖန်ဖန် သည်ခေါင်းတုံးပေါ်မှာ စိန်လက်စွပ်က လာကျ ရလား။

ဘယ်လိုမှ ဆက်စပ် စဉ်းစားလို့ မရဘူး။

နောက်ဆုံးတော့ သူပိုင် ဖြစ်သွားတာပေါ့။ လက်စွပ်ရပြီး တစ်လကျော်မှာပဲ ကျောက်ကုန်းဘက်က ပန်းထိမ်မှာ သွားရောင်း၊ သူ အလွန်ဝါသနာပါလို့ ဝယ်ချင်လှတဲ့ ပြိုင်စက်ဘီး တစ်စီးကို ဝယ်ပါတယ်။ စက်ဘီး လှေကျင့်ကယ်။

ဟော၊ နှစ်လလောက်လည်းရောက်ရော၊ ပိတ်ထားတဲ့ အခန်းတစ်ခန်းက ညားခါစ လင်မယားနှစ်ယောက် ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။

တိုက်သားက မြက်ခင်းမှာ စိန်လက်စွပ်ရှာတယ်။ ကိစ္စက ပေါ်ပြီလေ။

ခေါင်းတုံးပေါ် မှန်တဲ့နေ့က သူတို့လင်မယားက အိမ်ပေါ်မှာ ရန်ဖြစ်နေတာ။ နှစ်ဦးစလုံးက အရာရှိငယ်တွေပါ။

မိန်းမလုပ်သူက "ရှင့်အမေပစ္စည်းကို မမက်ဘူး" ဆိုပြီး ငွေရေး ကြေးရေး စကားပြောရာက စကားအချေအတင်များပြီး လွှင့်ပစ်လိုက်တာ။

ဟော၊ ခုမှ သူတို့ ပြန်ပြီးပြေလည်ကြတယ်။ ပြန်လာကြတယ်။ နမြောစွာနဲ့ ရှာနေကြတယ်။

ဘယ်မှာ တွေ့တော့မှာလဲ။ စိန်ခေါင်းတုံးက ရောင်းလို့ စက်ဘီးတောင် ဝယ်ပြီးပြီ။

တစ်ဆင့်စကားတစ်ဆင့်နား ကြားပြီး ရသူက စက်ဘီးဝယ်ပြီးတာ သိလို့ ရယ်စရာသာ လုပ်ပစ်လိုက်ကြရတယ်။

ခေါင်းတုံးပြောင်အောင် တုံးကာမှ ခေါင်းကို စိန်လက်စွပ်မှန်တဲ့ ကံပါ။

မဆန်းလားဗျာ။ စိန်လက်စွပ်တစ်ကွင်း ဝယ်နိုင်အောင် လူငယ်တစ်ယောက် အလုပ်လုပ်ဖို့ဆိုတာ မလွယ်ဘူး။ ရချိန်တန်လို့ ရတာပဲ မဟုတ်လား။ လုယူတာလည်း မဟုတ်ဘူး။ ပြောင်နေတဲ့ ခေါင်းတုံးကို တည့်တည့် လာမှန်တာ။



မမှန်ပြန်ရင်လည်း သိမှာ မဟုတ်ပါဘူး။

ကံတရားကြောင့် ရချင်လာရင် ကြံဖန်ကို ရတတ်တာပါပဲဗျာ။

အဲဒါကြောင့် ခေါင်းစဉ်ကို ခေါင်းတုံးပေါ် တည့်တည့်လာမှန်တဲ့ကံလို့ အမည်တပ်လိုက်မိတာပါပဲ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ကံကိုပြင်ချင်ရင် ဆင်ခြင်

ကံကို ပြင်ချင်ရင် ဆင်ခြင်ရမယ်။

ကံဟောင်းများ ကြွေအောင်နှင့် ကံသစ်များထလာအောင်တ ဆင်ခြင်ဖွယ်ရာကို သတိနှင့်ပြည့်စုံစွာ ဆင်ခြင်ရမှာဖြစ်တယ်။

ဆင်ခြင်တတ်သူကို ဆင်ခြင်မှုကပဲ ထပ်ပြီး စောင့်ရှောက်သွားတယ်။

စိတ်အလိုကို လိုက်နေခြင်းဟာ ဖူပန်မှုက မလွတ်နိုင်ဘူး မဟုတ်လား။ စိတ်ကသာ မိမိအလိုကို လိုက်စေရမှာဖြစ်တယ်။

ဆင်ခြင်မှုကို လေးလေးနက်နက်ပြုရင် စိတ်က မိမိအလိုကို လိုက်လာမှာပါပဲ။

ထိပ်တန်းကျတဲ့ ဘဝအသိပညာသည်သာ ထိပ်တန်းဘဝရဲ့ အောင်မြင်မှုကို ပေးနိုင်ပါတယ်။

ထိပ်တန်းကျတဲ့ ဘဝအသိပညာမှာ ဆင်ခြင်မှု အတတ်



ပညာလည်း ပါဝင်ပါတယ်။

ဆင်ခြင်မှု ခိုင်မာလာရင် ကောင်းကံတွေ ရရှိပိုင်ဆိုင်လာမယ်။

ဆင်ခြင်မှု (၄)မျိုးကို သတိမလစ်ဘဲ ဆင်ခြင်ရမှာဖြစ်တယ်။

အဲသည် အရေးကြီးလှတဲ့ ဆင်ခြင်မှု (၄)မျိုးဟာ–

၁။ အကျိုးရှိတာကို ရွေးချယ်ဆင်ခြင်တာ။

၂။ သင့်၊ မသင့်ကို ရွေးချယ်ဆင်ခြင်တာ။

၃။ မပြတ်မလပ် ပြုအပ်တာကို ဆင်ခြင်တာ။

၄။ မတွေမဝေသိသည်ကို ဆင်ခြင်တာတွေ ဖြစ် ပါတယ်။

သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီးက "အသိဉာဏ်ပြည့်ဝတဲ့ပုဂ္ဂိုလ်တွေဟာ လောကဓမ္မ နှစ်ဌာနလုံးတို့မှာ တိုးတက်ကြီးပွားချမ်းသာလိုကြပါတယ်။ တိုးတက်ကြီးပွားကြောင်း အလုပ်တွေကို လုပ်ကိုင်လိုကြပေတယ်။ မိမိတို့ လုပ်ကိုင်သော တိုးတက်ကြီးပွားကြောင်း လုပ်ငန်းတွေကို အောင်မြင်စွာ ပြီးမြောက်လိုကြပေတယ်။ အဲသည်လို မိမိတို့ လုပ်ငန်းတွေ အောင်မြင်စွာ ပြီးမြောက်ဖို့မှာ ဆင်ခြင်ဖွယ် (၄)ပါးနှင့် ပြည့်စုံမှ ပြီးမြောက်နိုင်လိမ့်မယ်" လို့ ဆိုမိန့်ခဲ့တယ်။

လောကရေးရာ ဆင်ခြင်ဖွယ်ရာတွေမှာ––

(၁) လောကချမ်းသာရေးအတွက် တိုးတက်ကြီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေ လုပ်ကိုင်ကြရမယ့် ပုဂ္ဂိုလ်တွေဟာ မလုပ်ကိုင်မီက မိမိတို့အတွက် အကျိုးအရှိဆုံးလုပ်ငန်းကို ရှေးဦးစွာ ရွေးချယ်ကြရမယ်၊ အဲသည်လို ရွေးချယ်ဆင်ခြင်တာဟာ တိုးတက်ကြီးပွားချမ်းသာဖို့ရာ အခြေခံအင်္ဂါတစ်ခုပဲ ဖြစ်ပါတယ်။

(၂) လုပ်ငန်း စပြီးပြုလုပ်ဖို့ရာ သင့်လျော်တဲ့အချိန်ကာလ၊ သင့်လျော်တဲ့ အရပ်ဒေသ စတာတွေကို ရွေးချယ်ကြရပေမယ်။ ရှေးလူကြီးများက ကာလ၊ ဒေသ၊ အဖွဲ့၊ ခန့်ဟု ဆိုရိုးပြုကြတယ်။

ကာလ-သင့်လျော်တဲ့ အချိန်ကာလ

ဒေသ-သင့်လျော်သော အရပ်ဒေသ

အဖွဲ့-သင့်လျော်သော တန်ဖိုး

ခန့်-သင့်လျော်သော ဥစ္စာအင်အားတွေကို ချင့်ချိန်ဆင်ခြင်ကာ ရွေးချယ်ကြရပေမယ်။

မသင့်လျော်တဲ့ အချိန်ကာလ အရပ်ဒေသတွေမှာ လုပ်ငန်းတွေကို လုပ်ကိုင်မိရင် ရည်မှန်းတဲ့အတိုင်း မတိုးတက်ဘဲ ဖြစ်နေတတ်တယ်။

အကြောင်းမညီညွတ်ခဲ့ရင် လုပ်ကိုင်ပြီးတဲ့ လုပ်ငန်းတွေတောင် ပျက်စီးဆုံးရှုံးသွားတတ်ကြတယ်။

အဲသည်လိုဖြစ်လို့ သင့်လျော်တဲ့အချိန်ကာလ၊ သင့်လျော်တဲ့ အရပ်ဒေသ စတာတွေကို ရွေးချယ်ဆင်ခြင်ကြရပေမယ်။ အဲသည်လို သင့်မသင့် ရွေးချယ်နိုင်၊ ဆင်ခြင်နိုင်ခြင်းဟာ တိုးတက်ကြီးပွားချမ်းသာဖို့ရာ အခြေခံအင်္ဂါတစ်ခုပါပဲ။

(၃) အကျိုးအရှိဆုံးလုပ်ငန်းနဲ့ သင့်လျော်တဲ့ အချိန်ကာလ အရပ် ဒေသစတာတွေကို ရွေးချယ်ပြီးတဲ့အခါ လုပ်ငန်းစတင်လုပ်ကိုင်ရမယ်။

လုပ်ငန်းတစ်ခု စတင်တည်ထောင်ပြီးရင် လုပ်ငန်းအပေါ်မှာ စိတ်မဝင်စား၊ အခြားကိစ္စတွေနဲ့ အချိန်ကုန်တာ များနေရင် မိမိလုပ်ငန်းဟာ ရည်မှန်းတဲ့အတိုင်း တိုးတက်နိုင်မှာ မဟုတ်ဘူး။ ဆုတ်ယုတ်သွားတတ်ပါတယ်။

အဲသည်လို ဖြစ်တတ်လို့ မိမိတို့လုပ်ငန်းခွင်မှာ စိတ်ဝင်စားစွာ မပြတ်မလပ် လုပ်ကိုင်ကြရပေမယ်။ စိတ်ဝင်စားစွာ မပြတ်မလပ် လုပ်ကိုင်ခြင်းဟာ တိုးတက်ကြီးပွားချမ်းသာဖို့ရာ အခြေခံအင်္ဂါတစ်ခုပဲ။

(၄) မပြတ်မလပ် လုပ်ကိုင်ရာမှာလည်း မိမိတို့ရဲ့လုပ်ငန်း တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကို ပိုင်းပိုင်းခြားခြား မတွေမဝေ မှန်ကန်စွာသိအောင် လေ့လာကြရပေမယ်။

မိမိရဲ့လုပ်ငန်းမှာ တစ်နေ့တာအတွက် အရင်းအနှီးက မည်မျှရှိတယ်၊ အကျိုးအမြတ်က မည်မျှရှိတယ်၊ တစ်လအတွက်၊ တစ်နှစ်အတွက် အရင်းအနှီးက မည်မျှရှိတယ်၊ ပြီးတော့ အကျိုးအမြတ်က မည်မျှရှိတယ် ဆိုတာကို ပိုင်းပိုင်းခြားခြား မတွေဝေဘဲ မှန်ကန်စွာ သိမြင်တာဟာ တိုးတက်ကြီးပွား ချမ်း

www.burmeseclassic.com



သာဖို့ရာ အခြေခံ အင်္ဂါရပ်တစ်ခုပါပဲ။

ကံကိုပြင်ချင်ရင် ဆင်ခြင်ရမယ်။

အဲသည်ဆင်ခြင်ဖွယ်ရာ တရား(၄)ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ လောကမှာ တိုးတက်ကြီးပွားချမ်းသာကြမှာ ဖြစ်ပါတော့တယ်။

အရှင်နန္ဒဝံသ (မဟာဝိဇ္ဇာ)က သိပ္ပံဒဿန မြတ်ဗုဒ္ဓစာအုပ်စာမျက်နှာ (၄၄)မှာ–

'ဆင်ခြင်ခြင်းသည် အတွေ့အကြုံ မပါလျှင် ဗလာအချည်းနှီး ဖြစ်တတ်သကဲ့သို့ အတွေ့အကြုံသက်သက်သည် မြော်မြင်ဆင်ခြင်ခြင်း မပါလျှင် မျက်ကန်းနှင့်တူသည်'ဟု ဆိုပါတယ်။

အတွေ့အကြုံနဲ့ ဆင်ခြင်ခြင်းဟာ အပြန်ပြန်အလှန်လှန် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ကျေးဇူးပြုနေကြတယ်။

☆ ☆ ☆

BURMESE CLASSIC .com

# ကံရဲ့အကျိုး တကယ်ရှိမရှိ

ကံရဲ့အကျိုးတရား တကယ်ရှိမရှိဆိုတာကို လွယ်လွယ်နဲ့ လက်ခံနိုင်ကြမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကုသိုလ်ကံတစ်ခုကို ပြုလုပ်လိုက်ရင် အဲသည်ကုသိုလ်ကံရဲ့ အကျိုးတရားဟာ ချက်ချင်းလက်ငင်းဆိုသလို အကျိုးပေးတာ မဟုတ်လို့ပဲ။ ချက်ချင်း အကျိုးရသူက ရှားပါတယ်။

အဲဒါနဲ့ ပတ်သက်လို့ လူနှစ်ယောက်ရဲ့ဘဝကို လေ့လာကြည့်ရအောင်ဗျာ။

အမြွှာညီအစ်ကိုနှစ်ယောက် ဖြစ်တယ်။ မွေးတော့ အချိန်က ငါးမိနစ်သာ ခြားပါတယ်။

အမြွှာညီအစ်ကိုဖြစ်ပေမယ့် တစ်ဦးနဲ့တစ်ဦးဟာ ရုပ်ဆင်တူတာကလွဲလို့ အကျင့်က လုံးဝမတူဘူး။ အငယ်က ယောင်းကျန်းသလောက် အကြီးက အေးဆေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်မှာလည်း အကြီးက အအေး၊ အချိုအဆိမ့် ကြိုက်ပြီး အငယ်က အပူအစပ်မှ ကြိုက်တယ်ဗျ။

ညီအစ်ကိုနှစ်ယောက်ဟာ အမြွှာမွေးပေမယ့် ပြဒါးတစ်လမ်း သံတစ်လမ်းပဲဗျို့။

စိတ်ဓာတ်လည်း လုံးဝမတူဘူး။ တစ်ဦးက ဒေါသကြီး၊ တစ်ဦးက သည်းခံစိတ်ရှည်တယ်။

အရွယ်ရောက်လေ မတူညီတာတွေက ကွာခြားလာလေရယ်ပါ။

မတူတဲ့အကြောင်းက စိတ်ဝင်စားစရာတော့ မဟုတ်ဘူး။ စိတ်ဝင်စားစရာကိစ္စက ကံအကျိုးပေးမှု ကိစ္စရယ်ပါ။

အကြီးကောင်ဟာ ပညာတတ်၊ ဘွဲ့ရပါ။ မျိုးရိုးကောင်း အမျိုးသမီးတစ်ဦးနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။

အငယ်ကောင်က ပညာလည်း ဘွဲ့ရအောင် မသင်ဘူး။ ဆယ်တန်းလည်း မအောင်ဘူး။ အိမ်ထောင်ကျပြန်တော့လည်း တစ်ခုလပ်နဲ့မှ ရတယ်။

အဲသည်လိုတွေ ဖြစ်နေကြပေမယ့် အကြီးကောင်ရဲ့ မိသားစုဟာ ဆင်းရဲတယ်။ အဆင်မပြေဘူး၊ အိမ်ပိုင်နဲ့ မနေနိုင်ဘူး၊ မိဘအိမ်မှာပဲ နေရတယ်။ အလုပ်လည်း နှစ်ယောက်လုံး ရှိပါလျက် မပြည့်စုံဘူး။ အိမ်မြေဝယ်ဖို့ကို အခြေအနေက ပေးမလာဘူး။



အငယ်ကောင်ကတော့ အင်း ကန်ထရိုက်ဆိုမှာ အင်းစာရေး ဝင်လုပ်ရာက ငွေစုမိပြီး မြေဝယ်တယ်။ အိမ်ကတဖြည်းဖြည်း ဆောက်လိုက်တယ်။ အိမ်ပိုင်နဲ့ဗျ။

သည့်အထိ ဆန်းကြယ်သလားဆိုတော့ မဆန်းကြယ်သေးပါဘူး။

သူ တို့နှစ်ဦး အသက်ကြီးလာကြတယ်။ သူတို့သားသမီးတွေကတောင် အိမ်ထောင်ကျလို့ မြေးရနေပါပြီ။

အကြီးကောင်ဟာ ဘာသာတရား သိပ်ကိုင်းရှိုင်းတာ၊ နေ့စဉ်ဘုရားဝတ်တက် မပျက်ဘူး။ ဝါတွင်းဆို သက်သတ်လွတ်စားတယ်၊ လှူတယ်။ ဘာသာရေးကိစ္စလည်း ဆောင်ရွက်၊ သာသနာပြုရေးမှာ ရှေ့ဆုံးကပဲ။

ဟော– အငယ်ကောင်က ဖဲရိုက်တယ်၊ အရက်သောက်တယ်၊ မိန်းမရှုပ်တယ်၊ အသက်ငါးဆယ်ရောက်မှ နောက်မိန်းမယူတယ်။

နောက်မိန်းမယူပြီးမှ ကံများကောင်းချင်တော့ သိန်းထီထပေါက်သဗျ။

အဲသည်ထက် ပိုပြီး တစ်မြို့လုံး ပြောစရာဖြစ်သွားပုံက မဟာဒုတ် ဘုရားမဲကို သူက ပေါက်သွားတာပါပဲ။

ဘုရားကို အခမ်းအနားနဲ့ပို့တဲ့နေ့က မြို့မှာ အရှိမ်းစည်တာပဲ။ ဒိုးပတ်ဝိုင်း နှစ်ဝိုင်းနဲ့လေ။ သူ့အိမ်က ရွှေရင်အေးနဲ့

www.burmeseclassic.com



ညှော်ခံတယ်။ ဆေး၊ ကွမ်း လိုသလောက်ပေးတယ်။ ထီကပေါက် ထားတော့ စိတ်ထင်သလို လုပ်တာပေါ့။ ဘုရား သူ့အိမ်ရောက် တော့ သူ မူးနေတယ်လေ၊ အံ့ရော။

အတိတ်ကံရဲ့ အကျိုးပေးက သူ့မှာ အားကောင်းလာပါ တော့တယ်။

ဟော— အတိတ်ကံ အားကောင်းရာက သူဟာ ပစ္စုပ္ပန် ကံပါ ပြုလာနိုင်ပါရော။

အနီးအနားက ဆင်းရဲတဲ့ ရင်းနှီးတဲ့သူတွေကို ငွေရင်း အနည်းငယ်စီထုတ်ပေး။ ဝက်မွေးခိုင်း၊ ဘဲမွေးခိုင်း ပြီးတော့ တစ်ယောက်တစ်ဝက်ယူ။ ရပ်ကွက်ဆောလုံးသင်းဆိုရင် သူကပဲ လှေကျင့်ချိန်ပြီး စားသောက်ရေး တာဝန်ယူထားတယ်။

သူတော်ကောင်း အစ်ကိုကြီးကတော့ နာမည်ကောင်း၊ အကျင့်ကောင်းပါလျက် အတိတ်ကံ မရှိတော့ ဆင်းရဲနေရှာ တယ်။ မကြာခဏ သူ့ဆီက ငွေလာချေးရတယ်။ ဒါပေမယ့် သူ့မိန်းမမျက်နှာက တင်းနေတော့ နောက်မလာတော့ဘူး။

ကံအကျိုးပေး တကယ်ရှိမရှိဟာ အဲဒါသာ ကြည့်တော့ဗျာ။

အချို့က အတိတ်ကံ အားကောင်းတယ်။

အချို့က ပစ္စုပ္ပန်ကံ အားကောင်းတယ်။

လူတွေမှာ ပြိုင်လို့မရတာ ကံအကြောင်းတရားပါပဲ။

အခုလုပ်တဲ့ ကံဆိုတာကလည်း အခုချက်ချင်း ထအကျိုး



ပေးချင်မှ ပေးတာရယ်ပါ။

အငယ်ကောင်ရဲ့ကံက ဆန်းတယ်။ ဟုတ်တာရော၊ မဟုတ် တာရော လုပ်ရင် အကျိုးပေးနေတာပါပဲ။ သူ့အသက် ငါးဆယ့် ခြောက်နှစ်မှာ လယ်ကွင်းထဲက လယ်သမားတစ်ယောက်ရခဲ့တဲ့ ပစ္စည်း သူ့လာရောင်းရာက ဝယ်လိုက်တယ်။

အဲဒါကို သူက အစိုးရဆီ ပြန်အပ်နှံတဲ့အခါ ငွေအဆ ပေါင်းများစွာ ရသွားခဲ့တယ်လေ။ အဲသည်တော့ ချမ်းသာပြီး ရင်း ချမ်းသာရင်းပဲပေါ့။ ဘဝတစ်သက်တာ ချမ်းသာသွား တယ်။

ဘိတ်ဆုံးမှာ ကံရဲ့ ဆန်းကြယ်ပုံကို ပြောရရင်တော့—

အငယ်ကောင်ရဲ့ ဇနီးက အရင်ဆုံးတယ်။ အငယ်ကောင်က အရက်ဒဏ် ပွေလွန်းတောလွန်းတဲ့ဒဏ်ကြောင့် အကြီးကောင်ထက် အရင် ဆုံးတယ်။

နောက်ဆုံးမှာ အကြီးကောင်ဟာ သူ့ရဲ့လူမမည် သားသမီး နှစ်ယောက်ကို အုပ်ထိန်းရင်းနဲ့ သူ့စီးပွားအားလုံးကို ပိုင်ဆိုင်ပြီး ချမ်းသာစွာ နေထိုင်သွားတော့တယ်လေ။

* ကလျာဏ ကာရီ ကလျာဏံ၊
ပါပကာရီစ ပါပကံ၊
ယာဒိသံ ဝပ္ပ ပလာဗီဇံ။
တာဒိသံ ဟရတေ ဖလံ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှု ပြုလုပ်သူ
ကောင်းကျိုး ရတယ်။
မကောင်းမှု လုပ်သူ
မကောင်းကျိုး ရတယ်။
အကြင်မျိုးစေ့ကို စိုက်ပျိုးတယ်။
ထိုအသီးကို သုံးဆောင်ရတယ်။

(ဗုဒ္ဓမြတ်စွာ)

☆ ☆ ☆

## ကားပျက်တွန်းပေးရာက ကံကောင်းသွားတဲ့ အညာသားတစ်ဦး

ရန်ကုန်ဆင်းလာတော့ တရုတ်လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုး တစ်ယောက်ရယ်ပါ။ ရန်ကုန်ရောက်စက ရိုးတယ်။ ဘယ်မှလည်း မသွားတတ်ဘူး။ ဘာမှလည်း မသုံးစွဲဘူး။ ဆိုင်က ကျွေးတာစားပြီး လခကို အသားတင် စုမိတယ်။ လူကြုံရှိရင် ရွာက အရီးအေးမှုံကိုတောင် ပိုက်ဆံပို့လိုက်သေး။

သူ့မှာ မိဘ မရှိတော့ဘူး။ အရီးနဲ့ အဒေါ်ပဲရှိတယ်။ မွေးချင်း တစ်ယောက်မှ မရှိဘူး။ ရန်ကုန်မှာလည်း အသိတစ်ယောက်တောင် မရှိပါဘူး။ တစ်ကောင်ကြွက် တစ်မျက်နှာရယ်ပါ။

အိုကေမှာ စိုပြည်နေရာက သူ့ဘဝမှာ ဒုက္ခရောက်ချင်လာတာကတော့ တစ်ဂိုးကျော်တို့ တစ်လုံးသရေတို့ ကိစ္စရယ်ပါ။ ဘောလုံးပွဲလောင်းတဲ့ကိစ္စလို့ ရှင်းရှင်းဆိုပါတော့။

သူတို့လက်ဖက်ရည်ဆိုင်မှာ ဘောလုံးပွဲ လောင်းကစား

www.burmeseclassic.com

www.burmeseclassic.com



ပွဲစားနှစ်ယောက် ထိုင်နေကျရှယ်ပါ။

ကြားနေမြင်နေရာက သူ့ စိတ်ပါလာခဲ့ပါတယ်။ သူ ပထမဆုံး လောင်းတဲ့ပွဲကတော့ မကွေးနဲ့ ရှမ်းပွဲပါ။ သူ့ကျေးရွာရဲ့ တိုင်းဖြစ်တဲ့ မကွေးဘက်က သူ လောင်းတယ်။ အဲသည်ပွဲမှာ သူ လောင်းတာ နိုင်တယ်။

အဲသည်နောက်တော့ တစ်စတစ်စနဲ့ ဘောလုံးပွဲလောင်း ကစားကျင့် စွဲလာတယ်။ စားပွဲထိုး နားချိန်ဆိုရင် ဘောလုံးကွင်းထဲ သူ ရောက်နေပြီ။ ယခင်ကဆိုရင် သူ့ဂျူတီချိန် မဟုတ်တောင် သူ ကူလုပ်ပါတယ်။

နောက်တော့ အဲသည်ဘောလုံးပွဲလောင်းကစားကိစ္စကနေ အလုပ်ပြုတ်ရော ဆိုပါတော့ဗျာ။ ငွေရေးကြေးရေးကိစ္စတွေ၊ အလုပ်သမားချင်းရှုပ်၊ စကားများ၊ ပစ္စည်းပျောက်လည်း သူ့ကို သံသယ ဝင်၊ ဘိတ်ဆုံးမှာ အလုပ်က ထုတ်ခံရတဲ့အဖြစ် ရောက်တယ်။

ရွာကိုမပြန်ဘဲ သူ့ကို ရွာကခေါ်လာတဲ့လူအိမ် သွားကပ်နေတယ်။ အလုပ်မရှိဘဲ ကြာကြာနေလို့ မဖြစ်ပြန်တော့ အညာက လူနဲ့ အဆက်အသွယ်ရှိတဲ့ မြို့စွန်က ဘုန်းကြီးကျောင်း ရောက်ရော။

ဒုက္ခသည် ဖြစ်တဲ့အတွက် ဘုန်းကြီးက ကယ်လိုက်တယ်။ ကျောင်းကိစ္စ ကူလုပ်၊ အိပ်တော့ အိပ်ပေါ့လေ။



သည်လိုနဲ့ သူ့ဘဝဟာ စားရတစ်ရက်၊ မစားရ တစ်ရက်။ ပြတ်လပ်ရင် ရောင်းရလို့ အဝတ်တစ်ထည် ကိုယ်တစ်ခု ဘဝကို ရောက်နေတယ်။

ဒုက္ခရောက်မှ ဘဝကို နားလည်ပြီး ရှေ့ရေးမှာ ရိုးသားစွာ ဝဲ လုပ်ကိုင်စားမယ်လို့ သူဟာ သန္နိဋ္ဌာန်ချခဲ့တယ်။

တစ်နေ့တော့ မြို့စွန်ကနေ အလုပ်ရှာဖို့ မြို့ထဲကို လမ်းလျှောက်ထွက်လာတယ်။ ကားစီးဖို့က ကားခ မရှိပါဘူး။

ဝမ်းဗိုက် တကြုတ်ကြုတ် မြည်နေပါတယ်။ သည်နေ့မှာ ဆွမ်းကျန်ကလေးတောင်မှ မစားခဲ့ရပါဘူး။ ရှိလည်း မရှိဘူး။ ကျောင်းမှာ ဘုန်းကြီးဧည့်သည် ရောက်နေတယ်။

ငါးမိုင်လောက် လမ်းလျှောက်လာ အပြီးမှာ ကားပျက် တစ်စီး တွေ့တယ်။ လူတစ်ယောက်ရှယ်ပါ။ ကားပိုင်ရှင်က သူ့ကို ကား ကူတွန်းပေးဖို့ အကူအညီတောင်းတဲ့အခါ သူဟာ ဝမ်းဗိုက်က တကြုတ်ကြုတ် မြည်နေရာက တွန်းပေးပါတယ်။

ရှေ့တစ်ရွာကျော်မှာက ကားပြင်တဲ့ ဝပ်ရှော့ ရှိတယ်လေ။ ကားက သေးပေမယ့် တစ်ယောက်တည်း တွန်းရတော့ မစားသာပါဘူး။ လူကို မောဟိုက်ပန်းရိုနေတာပါပဲ။ တရွေ့ရွေ့နဲ့ ရောက်တဲ့အထိ တွန်းပေးတယ်။

ဝပ်ရှော့ ရောက်တော့ ကားကို ပြင်တယ်။ ကားပိုင်ရှင်က သူ့ကို အကြော်ဝယ်ကျွေးတယ်။ ငွေကျပ်သုံးဆယ် ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားက သိပ်အကြီးအကျယ် ပျက်တာ မဟုတ်တော့ ခဏကလေးနဲ့ပဲ ပြင်လို့ရတယ်။ ဆီမလိုက်တဲ့ ကိစ္စပဲမို့ ဆီလည်းလိုက်ရော ကားစက်နှိုးလို့ရရော။

ကားကောင်းသွားတော့ ကားပိုင်ရှင်ဟာ အားရဝမ်းသာ သူ့ကားဆီသွားပြီး စက်နှိုး မောင်းသွားတယ်။ ကားပြင်ခကို သူ့ရဲ့အင်္ကျီအိတ်ထဲက ထုတ်ပေးပြီး နှုတ်ဆက် မောင်းထွက်သွားတာပဲ။

သူကတော့ အကြော်စာရင်းနဲ့ လက်ပြနှုတ်ဆက်ကျန်ခဲ့ပါတယ်။

သူထတော့မယ် အလုပ်မှာ ဖင်ထိုင်ခုံလေးပေါ်မှာတင်ထားတဲ့ သားရေအိတ်ကို တွေ့တယ်။

ကားပိုင်ရှင်ရဲ့ ပိုက်ဆံအိတ်ကြီး ကျန်ရစ်ခဲ့ပြီ။ အကြော်သည်ကြီးက နောက်ကျောလှည့်နေတော့ မမြင်ဘူး။ အနီးအနားမှာ ဘယ်သူမှလည်း မရှိဘူး။

သူဟာ အဲသည်အိတ်ကို သူ့ရဲ့လွယ်အိတ်အဟောင်းထဲ ထည့်လိုက်တယ်။

မြို့ကို မသွားတော့ဘဲ ကျောင်းကိုပဲ လမ်းလျှောက်ပြန်လာတယ်။ ကျောင်းအိမ်သာထဲ ရောက်မှ ဖွင့်ကြည့်တော့ ငွေ တစ်သောင်းကျော်နဲ့ အရေးကြီးတဲ့ စာချုပ်စာတမ်းတွေ ရှိပါတယ်။

ထမင်းမဝနိုင်အောင်တောင် ဒုက္ခရောက်နေတဲ့ သူ့ဘဝမှာ



အဲဒါတွေဟာ အရင်းအနှီးပဲ။

ကားပိုင်ရှင်ဟာ သတိရရချင်း ပြန်လာရှာပေမယ့် စုံစမ်းမရဘူး။ သူကလည်း သည်အရပ်မှာ လူသစ်မို့ မသိကြဘူး။

အညာသားကြီးဟာ ဘုရားရှိခိုးတယ်။ သူဟာ ငါးပါးသီလ ဆိုတိုင်းမှာ သူ့တစ်ကိုယ်လုံး ကြက်သီးထနေပါတယ်။

သူ့ဘဝမှာ ဘယ်သူ့ပစ္စည်းမှ မခိုးခဲ့ဖူးပါဘူး။ ရန်ကုန်ရောက်မှ မဟုတ်တာဆိုလို့ ဘောလုံးပွဲပဲ လောင်းတာပါ။

နောက်ဆုံး သူဟာ ဘုန်းကြီးကို ဖွင့်လျှောက်တင်ပြီး အဲသည် ကားပိုင်ရှင် လိပ်စာအတိုင်း သွားပြန်ပို့တယ်။

သူ အဲသည်ငွေထဲက သုံးမိတာက မုန့်ပျစ်စလက် နှစ်ကျပ်ဖိုး၊ ခြူးဆေးလိပ် သုံးကျပ်ဖိုး၊ သင်္ကြန်စာတစ်စောင် ဝယ်ပြီးပြီ။

အဲဒါတော့ သုံးစွဲမိကြောင်း ကားပိုင်ရှင်ကို သူဖွင့်ပြောပြလိုက်တယ်။ နောင် ပြန်ပေးပါမယ်လို့ သူက ပြောတယ်။ ဆင်းရဲတာထက် ငရဲကြီး ကံကြွေးတပ်ခံရမှာ ကြောက်တယ်တဲ့။

နောက်ဆုံး ဇာတ်သိမ်းကောင်းပုံလေးကို ပြောပြရရင်–

သူဟာ အဲသည် ကားပိုင်ရှင်ရဲ့ ပွဲရုံမှာ ညစောင့် လူယုံတော် အလုပ်ရခဲ့တယ်။ အလုပ်ရပြီး ရှစ်နှစ်မှာတော့ ပွဲရုံမန်နေဂျာဖြစ်ခဲ့တယ်။ ဆယ့်တစ်နှစ်မှာ ပွဲရုံပိုင်ရှင် မိန်းမဘက်က တူမနဲ့ အိမ်ထောင်ကျတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူဟာ ပွဲရုံပိုင်ရှင် နီးနီးပါပဲ။ ရန်ကုန်ဆိပ်ကမ်းဘက်က ကုန်သည်မှန်သမျှ သူ့ကို မသိသူ မရှိဘူး။

သူဟာ ကားမှျက်တွန်းရာက သိခဲ့ရတဲ့ ပွဲရုံပိုင်ရှင်နဲ့ သိခဲ့တာ။ အဲသည်နေ့မှာပဲ သူ့ဘဝကံကို ပြင်သွားတာ။

ကဲ..... ကံက မဆန်းလားဗျာ။

ယခုတော့ သူ့ပိုင်ရှင်က စီးပွားရေးမှ အနားယူပြီး သာသနာ့ရိပ်သာ တစ်ခုမှာ အလုပ်လုပ်နေပြီ။ သူလည်း စီးပွားရေးလုပ်ရင်းက သာသနာရေးကိစ္စ သိပ်လုပ်တာပဲဗျာ။

☆ ☆ ☆

## ကံဆိုးက အလဲထိုးချသူ

သတ္တဝါတွေမှာ အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ကံသာ ကိုယ်ပိုင်ဥစ္စာရှိတယ်။

နှစ်တန်သောကံ၏ အမွေကို ခံယူကြရတယ်။

နှစ်တန်သော ကံသည်သာ အကြောင်းရင်းမဲ။

နှစ်တန်သော ကံသည်သာ ဆွေမျိုးဖြစ်ပါတယ်။

နှစ်တန်သောကံသာ အားထားကိုးကွယ်ရာ ရှိပါတယ်။

သတ္တဝါတွေရဲ့ ယုတ်ညံ့ခြင်း၊ မြင့်မြတ်ခြင်းကို (တစ်နည်း) ဆင်းရဲခြင်း၊ ချမ်းသာခြင်းကို အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောကံက ဆဝန် ပိုင်းခြားပေးတယ်။

ဥပရိပဏ္ဏာသ ပါဠိတော်

(စူဠကမ္မဝိဘင်္ဂသုတ်)

ကံဆိုးက အလဲထိုးချသူတစ်ဦးအဖြစ်ကတော့ ပုံပြင်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ် ဆန်လှမါတယ်။

သူဟာ ရှမ်းပြည်တောင်ပိုင်းသား တစ်ဦးရယ်ပါ။ ရှမ်းတရုတ်ကပြားတစ်ယောက်ဖြစ်တယ်။

ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က ဘီအက်စ်စီဘွဲ့ကို ရပြီးမှ ကျောင်းဆရာ ခေတ္တ ဝင်လုပ်သေးတယ်။

နောက်တော့ ကုန်သည်မျိုးရိုးဖြစ်တဲ့အတိုင်း ကုန်ရောင်းကုန်ဝယ်ဘက်ကို စိတ်ပါသွားပြီး ကျောင်းဆရာအလုပ်က ထွက်လိုက်ပါတယ်။

သူဟာ စီးပွားရေးလုပ်ငန်း စလုပ်ကတည်းက အရမ်းအောင်မြင်တာပဲ။

လေးငါးနှစ်အတွင်းမှာ သိန်းပေါင်းများစွာ ချမ်းသာလာခဲ့ပါတယ်။

ရုပ်ကလည်း ချောတယ်၊ သူတို့ မောင်နှမ သုံးယောက်စလုံးဟာ လူပြောစရာဖြစ်လောက်အောင်ကို ချောမောလှပါတယ်။

သူ့မှာ ညီတစ်ယောက်၊ ညီမတစ်ယောက်ရှိတယ်။ သူတို့နှစ်ယောက်ကလည်း သူ့စီးပွားရေးမှာ ညာလက်ရုံး၊ ဘယ်လက်ရုံးလို အကူအညီ ရပါတယ်။

သူဟာ စီးပွားရေးမှာ အောင်မြင်လှပေမယ့် အချစ်ရေးမှာတော့ မအောင်မြင်ပါဘူး။ မအောင်မြင်တာက ကောင်မလေးက သူ့ကိုမကြိုက်တာ မဟုတ်ဘူး၊ ကြိုက်ပါတယ်။ ရုပ်ချော



သဘော ကောင်းလှတဲ့ သူဌေးငယ်ငယ် တစ်ယောက်ကို လိမ္မော်သီးနေ့စားရှုးတဲ့ ကောင်မလေးက ဘယ်မှာ မကြိုက်ဘဲ နေပါ့မလဲ။

ကံတရားဆိုတာက အဲသည်လို ရှိနေပါတယ်။

ချစ်သူတွေ တွေ့ဆုံအောင် ကံတရားကပဲ ဖန်ဆင်းပေးထားတယ်။ ချစ်သူတွေ ပေါင်းမရအောင် ကံတရားကပဲ စီစဉ်ပြန်တယ်။

စော်ဘွားအနွယ်ဆက်ခဲ့တဲ့ သူ့မိခင်က ကန့်ကွက်လို့သူဟာ သူ့ချစ်သူကို အိမ်ထောင်မပြုရဘူး။

အချစ် ဆိုတာကလည်း ဆန်းပါတယ်။

သိန်းပေါင်းများစွာ ချမ်းသာပြီး နိုင်ငံခြားနဲ့ပါ သွင်းကုန်ထုတ်ကုန် လုပ်နိုင်တဲ့ သူဌေးချောချောလေး တစ်ယောက်ဟာ လိမ္မော်သီးရှုးတဲ့ ဆင်းရဲလှတဲ့ ရှမ်းမလေးကို မေတ္တာသက်ဝင်တယ်။

သူ့မိဘတွေက သူ့ကို အိမ်ထောင်ချဖို့ လူရှာတယ်။ ဆက်ဖက်ကုန်သည်ကြီးတစ်ဦး၊ ဆရာဝန်မလောင်းလေးနဲ့ ဆက်စပ်ပေမယ့် နောက်ဆုံး သူတို့ မယူဖြစ်ကြပါဘူး။

ပြတ်တောက်ပြီး ပျောက်နေတဲ့ လိမ္မော်သီးရှုးတဲ့ ရှမ်းမလေးကို ဆက်စပ်ခံရတဲ့ ဆရာဝန်လောင်းမလေးကပဲ လိုက်လံရှာဖွေဆက်သွယ်ပြီးတော့ မေတ္တာလမ်း ပြန်ခင်းပေးတယ်။

မိဘတွေက မိန်းကလေးမိဘတွေကို ငွေကြေးအရိုန်အဝါ

www.burmeseclassic.com

www.burmeseclassic.com

သုံးပြီး ခွဲကြပါတယ်။ ဒါပေမယ့် မကွဲကြပါဘူး။

နောက်ဆုံး သူတို့နှစ်ယောက် တစ်နေရာ ပြေးကြဖို့ အလုပ်မှာ ကောင်မလေးရဲ့ရှာက ကြိတ်ပိုးနေတဲ့ ကာလသားတစ်ယောက်က နှောင့်ယှက်လို့ ပျက်သွားတယ်။

အစီအစဉ်ပျက်ပြီး လူချင်းလွဲသွားခဲ့ကြပါတယ်။ ရုပ်ရှင်ထဲက လိုပေါ့ဗျာ။ ပိုဆိုးသွားတာက ရှမ်းသူဌေးလေးကို ပြန်ပေးဆွဲခံရတယ်။ ကောင်မလေးက လူယုတ်မာလက်ထဲကို ပါသွားတယ်။

အဲသည်ထိ ဆိုးနေတဲ့ကံတွေက သူ့ကို အလဲထိုးချမခံရဘူး။

ပြန်ပေးလက်ကလည်း သူ့ဖခင်က လွတ်အောင်ပြန်ရွေးတယ်။ ဒါပေမယ့် ပြည်သူ့ရဲ့ အကူအညီကို တစ်ဖက်လှည့်က ယူထားပါတယ်။

ပြန်ပေးတွေနဲ့ ရဲတပ်ဖွဲ့နဲ့ အပြန်အလှန်တိုက်ခိုက်ရာမှာ သူ ထွက်ပြေးခဲ့တယ်။ လွတ်လည်း လွတ်ခဲ့တယ်။ အဲသည်နေ့က ဘာမှမဖြစ်ဘူး။

ဖြစ်တာက သူ့ချစ်သူကို သွားကယ်တဲ့ နေ့မှာပေါ့ဗျာ။

သူဘာဖြစ်သွားသလဲဆိုတော့ ကံဆိုးက အလဲထိုးချခံရတယ်။

သေသွားသလားဆိုတော့ မသေပါဘူး။ ခေါင်းမှာ ဒဏ်ရာရ



တာပါ။

ဒါပေမယ့် ဘာဖြစ်လို့ ကံဆိုးက အလဲထိုးချခံရတယ်လို့ ပြောသလဲဆိုတော့ သူဟာ အဲသည်ကစလို့ အတိတ်မေ့သွားပြီး အရူးတစ်ယောက်လို ဖြစ်သွားလို့ပဲဗျာ။

သူ့ဘဝဟာ ပညာတတ်တစ်ယောက်၊ ဥစ္စာရှိသူတစ်ယောက်၊ အသိုက်အဝန်း ပတ်ဝန်းကျင် ကောင်းသူတစ်ယောက်ဖြစ်တယ်။

ဒါပေမယ့် ကံကြမ္မာဆိုးက အလဲထိုးချလိုက်တယ်။

* အကြင်သူတစ်ဦးသည် မည်မျှပင် ထင်ရှားသော ကျမ်းဂန်များကို ဖတ်ရှုစေကာမူလည်း မိမိ၏ ကံကြမ္မာ အရ ဖန်တီးထားသော ပညာဉာဏ်မျှသာ ထွန်းကားနိုင်၏။

**(သိရုက္ကရယ်လ်ကျမ်း)**

**အခန်း ၃၈၊ အပိုဒ် ၃။**

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## လုံထမ်းလာတာမြင်ရ ကံထမ်းလာတာမမြင်ရ

'လုံထမ်းလာတာ မြင်ရ၊ ကံထမ်းလာတာ မမြင်ရ' ဆိုတဲ့ စကားပုံကို လူပြောများလှပါတယ်။ အဲဒါက ကံဟာ ဘယ်လိုဘယ်ပုံနဲ့ မမြင်ရဘဲနဲ့ လူကိုလာပြီး အကျိုးပေးတတ်လို့ ရယ်ပါ။ အချို့က တိုက်ဆိုင်မှုတဲ့။

စာရေးသူအမြင်မှာ အယူအဆမှာက တိုက်ဆိုင်မှုပဲဆိုဆို၊ ကံကောင်းချိန်ရောက်လို့ ကံကောင်းခွင့်ရတာလို့ပဲ ခံယူပါတယ်။

အဲသည် အချက်နဲ့ပတ်သက်လို့ အဖြစ်အပျက်ကလေးတွေကို လေ့လာရအောင်။

❀

မြစ်ဝကျွန်းပေါ်က စတီရီယိုအဆိုတော်လေးတစ်ဦး နာမည်ရသွားခဲ့ဖူးတယ်။ သူက ဘာသာမတူ လူမျိုးကွဲပါ။

သူဟာ အဆိုတော်ဖြစ်ချင်လွန်းလို့ ရန်ကုန်ကို မကြာခဏ



လာပြီး ကြိုးစားတယ်။ နောက်ဆုံး ငွေအနည်းငယ်ထည့်ပြီး ဆိုခွင့်ရတယ်။

စီးရီးသီချင်းသွင်းတော့ သူဟာ အခြားသူ မဆိုချင်တဲ့၊ ကျန်တဲ့သီချင်း ဆိုရတယ်။ ဟိုလူပယ် သည်လူပယ်လို့ ကျန်တာပေါ့။ မကောင်းဘူးထင်လို့ ကျန်တာပေါ့ဗျာ။

သူ့မှာတော့ သီချင်းဆိုချင်လွန်းလှတော့ ရရာဆိုရမှာပဲလေ။ (မှတ်ချက်။ ။ထိုစဉ်က စတီရီယိုသီချင်းသွင်းလျှင် အဆိုတော် လေးငါးဦး ပေါင်း၍ သွင်းပါသည်။)

ဘာသာမတူတဲ့ မြစ်ဝကျွန်းပေါ် သားလေးဟာ ဗုဒ္ဓဘာသာ သီချင်းနဲ့ နိုင်ငံသီအဆိုတော်ဘဝကို အဲသည်အချိန်က ရောက်သွားခဲ့တယ်။ သူ့လိုပဲ နယ်ကလာဆိုသူတွေ မအောင်မြင်ခဲ့ဘူး။ ဒါဆို အဲသည်ကံဟာ ဘယ်လောက်ဆန်းသလဲ။

❀

လက်ပံတန်းက လူတစ်ယောက်ကတော့ လက်ပံတန်းမြို့ကြီး မီးလောင်တော့ ဓားဖြူကုန်းက သူ့ဘကြီးဆီ ခေတ္တသွားနေတယ်။ မီးလောင်စဉ်က ဘာမှမရလိုက်လို့ သူတို့လင်မယားမှာ အဝတ်တစ်ထည် ကိုယ်တစ်ခု။ ကလေးတွေမှာသာ ကျောင်းလွယ်အိတ်လေးတွေ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြီးက ကလေးတွေကို အိမ်သာသွားရတာ ပေးတယ်ဆိုပြီး ခြံထောင့်မှာပဲ အိမ်သာသစ် ဆောက်နိုင်းတယ်။

အိမ်သာသစ်ဆောက်ဖို့ တွင်းတူးရာက ငွေဒင်္ဂါးတွေ၊ ရွှေဒင်္ဂါးတွေရှိတဲ့ အိုးတစ်လုံး ရတယ်။

သူ့ကံကြမ္မာက မီးလောင်လို့ ဒုက္ခရောက်တော့မှ သူဌေးဖြစ်တာပျ။ မီးလောင်တာဟာ သူ့အတွက် အလွန်ကောင်းသွားခဲ့ပါတယ်။

❀

မမဆန်းကျတော့ တော်လှန်ရေးနေ့ စစ်ကြောင်းချီတက်တာ သွားကြည့်တယ်။ လူတွေကြားထဲက ခလုတ်တိုက်မိအပြီးမှာ ငွေဆယ်တန် အနွမ်းလေးတစ်ရွက် ကောက်ရတယ်။ ဘုရားအဆင်းက ထီဆိုင်မှာ ထီထိုးလိုက်တယ်။ ထီပေါက်တယ်။ တူတွေကို ရှင်ပြု၊ တူမကို နားသပြီး အောင်းမှုလုပ်တယ်။ အလှူမှာ အသံချဲ့စက် လာဖွင့်ပေးသူနဲ့ ကြိုက်သွားတယ်။ ယူလိုက်ကြတယ်။ အခုတော့ ကလေးတစ်ယောက်နဲ့ တစ်ဗိုက်ရနေပါပြီ။ ရှမ်းလမ်းဘူတာမှာတွေ့တာ ဗိုက်ကြီးကို ပူလို့။

❀

နော်မူထွေး အဖေအဆုံးမှာ အလုပ်ဟူမျှ ဂုဏ်ရှိစွဆိုပြီး



ရန်ကုန်မှာ ရရာအလုပ် တက်လုပ်တယ်။ ကျန်းမာရေးမှူးသမီးက ဝင်လုပ်တာက ကလေးထိန်း အိမ်ဖော်အလုပ်။

ကုလသမဂ္ဂက မြန်မာပြည်ဆိုင်ရာ အရာရှိတစ်ဦး အိမ်မှာပါ။ လေးနှစ် အလုပ်လုပ်တယ်။ နိုင်ငံခြား အရာရှိနဲ့ အရာရှိကတော်၊ ကလေးတွေကပါ သူ့ကို သံယောဇဉ်ကြီးကြတယ်။ သူတို့ ပြန်သွားအပြီး လေးနှစ်အကြာမှာ နော်မူထွေးကို ဟိုကနေ အလည်အပတ်လာဖို့ ခေါ်တယ်။ နော်မူထွေး နိုင်ငံခြားသွားလည်တယ်။

မြန်မာပြည်မှာပဲ ပျော်မွေ့နေတဲ့ နော်မူထွေးဟာ ဟိုကပေးတဲ့ အလုပ်ကို လက်မခံဘူး။ သံယောဇဉ် ရှိပေမယ့် ငြင်းလိုက်တယ်။

နိုင်ငံခြားက ပို့တဲ့ပစ္စည်းတွေနဲ့ ရင်းလိုက်တာဟာ ခုဆိုသူ့မှာ အပ်ချုပ်စက်ဆိုင်နဲ့အတူ အလှကုန်ဆိုင် ဖွင့်နိုင်နေပြီ။

❀

ပေကုန်းဆိုတဲ့ ရွာက ကိုလှမောင်ကြီး နွားနဲ့လှည်းသယ်နိုင်ခဲ့တာက အဖိုးတန် ဂျပန် အကြီးအကဲကိုင် ဓားအောင်းကြီး တစ်လက်ကို ငါးပက်ရာက မမျှော်လင့်ဘဲ ရလို့ပျ။

❀

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြည်တို့ ဌာနကိုဖျက်တော့ ဦးလေးကြည် အလုပ်ပြုတ်ရော။ လခ သုံးလခတော့ ရတယ်။

သူက ငွေစာရင်းနိုင်တယ်။ အင်္ဂလိပ်စာ တတ်တယ်။ တစ်နေရာမှာ နေ့စား ဝင်လုပ်တယ်။ သူ့အထက်ကလူက နိုင်ခြား သွားတယ်။ နောက်တစ်ဆင့်က လူက ကိစ္စတစ်ခုနဲ့ အရေးယူခံရတယ်။ နောက်တစ်ဦးကတော့ အသက်ကြီးလို့ ပင်စင်ယူရတယ်။ ဦးလေးကြည်ဟာ မမျှော်လင့်ဘဲ ဌာနခွဲမန်နေဂျာ တက်ဖြစ်ရော။

❀

စာရေးသူ ဘောလုံးကစားခဲ့စဉ်က ဆီမီးဖိုင်နယ်ပွဲ တစ်ပွဲမှာ ဒုတိယပိုင်း မိနစ်နှစ်ဆယ် အကျန်မှာ တစ်ယောက်နာလို့ ဝင်ကစားခွင့် ရတယ်။ အဲသည်နေ့က စာရေးသူတို့ဘက်က နှစ်ဂိုးတောင် ရှုံးနေပါတယ်။ ကွင်းထဲဝင်တော့ စိတ်ကိုအားအပြတ်သွင်းပြီး ပြေးလွှားကစားတယ်။ ကွင်းထဲရောက်လို့ နှစ်မိနစ်မှာ ဘောလုံးရ၊ လိမ်ကောက်ဆွဲပြေး၊ ဂိုးထဲကန်ထည့်၊ ဂိုးရသွားရော။ နောက်ဒုတိယဂိုးကိုတော့ အချိန်ကုန်ချိန်နီးမှာ အဝေးက တအားကန်ထည့်လိုက်တာ ဝင်သွားရောဗျ။ ပျော်လိုက်တာ ဘာပြောကောင်းမလဲ။ အချိန်ပိုမှာ စာရေးသူတို့ဘက်က နိုင်ခဲ့တယ်။ ပွဲပြီးတော့ ခြေထောက်တွေ ရောင်ကိုင်းနေအောင် အချုခံရတာ တစ်ပတ်ကျော် အနားယူရတယ်လေ။ (အဲဒါမျိုးက ပစ္စုပ္ပန်



လက်ငင်း အားထုတ်မှုရယ်ပါ။)

❀

ကိုသန်းတင်ဟာ ဆင်းရဲတယ်။ ဒါပေမယ့် ရိုးသားတယ်။ ပညာလည်း ငါးတန်းထိသာ သင်ဖူးတယ်။ အပြင်ဆေးခန်းတစ်ခုမှာ သန့်ရှင်းရေးအလုပ်သမား ဝင်လုပ်ရာက ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချော ဆရာဝန်မလေးနဲ့ ရသွားခဲ့ပါတယ်။ သားသမီး သုံးယောက် ရနေပြီ။

အဲသည်အထိ ကိုသန်းတင်ရဲ့ကံက မဆန်းကြယ်ပါဘူး။ ဆန်းကြယ်သွားတာက အိမ်ထောင်ကျအပြီးမှာ သူတို့ထွင် လုပ်ကိုင်တဲ့ သဘော်ဆေးက နာမည်ကြီးသွားတာပါပဲ။ အလွန်အောင်မြင်ပါတယ်။ ကိုသန်းတင်ဟာ သဘော်ဆေး လေ့လာဖို့အတွက် မလေးရှား၊ ထိုင်းလင်း၊ စင်ကာပူစတဲ့ နိုင်ငံ သုံးနိုင်ငံကိုတောင် ရောက်ခဲ့ဖူးပါပြီ။

❀

စာပေနယ်က မိတ်ဆွေတစ်ယောက်ရဲ့ အဖြစ်ရယ်ပါ။ သူက ပြောပြတယ်။ အဲသည်နေ့က သူဟာ စိတ်ညစ်စွာနဲ့ ဆန်ဖိုး၊ ဆီဖိုး ရှာနေသတဲ့။ မနေ့ကတည်းက သူ့အိမ်မှာ ဆန်ပြတ်ခဲ့ပြီ။ တစ်အိမ်ကျော်က ဆန်ကို ချေးချက်ထားရတယ်။ သည်နေ့ ဆန်ဖိုး မရလို့ကို မဖြစ်ဘူး။ ရအောင်ကို ရှာရမယ်။

www.burmeseclassic.com



သည်လထုတ် မဂ္ဂဇင်းတွေထဲမှာလည်း သူ့ဝတ္ထု တစ်ပုဒ်မှ ပါမလာခဲ့ဘူး။ တစ်နေ့လုံး စိတ်ညစ်စွာနဲ့ ငွေရှာနေတယ်။ ရတာကလည်း ဆန်တစ်ပြည်ဖိုးတောင် မရှိဘူး။ ညနေပိုင်းမှာ ခင်မင်လှတဲ့ ရေးဖော်တစ်ယောက်နဲ့ တွေ့သွားတယ်။ ဟိုရေးဖော်က သူ့စာမူ ဘယ်မှာ ပါတယ်၊ လိုက်ခဲ့၊ စာမူခ ရရင် ဆန်ဖိုးပေးလိုက်မယ်လို့ ခေါ်သွားတယ်။ မဂ္ဂဇင်းတိုက်ရောက်တော့ ရေးဖော်က တိုက်ထဲဝင်သွားပြီး သူက ပလက်ဖောင်းမှာ ရပ်စောင့်နေတယ်။ ကြာတော့ ခြေညောင်းလာ၊ ဗိုက်ကဆာ၊ ဗယာကြော်တစ်ခုဝါးပြီး ပြန်ထွက်အလာကို စောင့်တယ်။ စာမူခ ရလာပါစေလို့ ဆုက တောင်း။

အဲသည်မှာ သူဆောင့်ကြောင့်ထိုင်နေတဲ့နားကို အက်စ်အီး ကားတစ်စီး ဖင်ထိုးပြီး ရပ်တယ်။ လူတွေက ဆင်းသွားတယ်။

သူကားဘီးမှာ ကပ်နေတဲ့ လက်လက်ပြောင်နေတာကို ကြည့်မိတယ်။

ဘီးတစ်ချောင်း၊ ရွှေဘီးများလား။

ကားတာယာထဲမှာ စိုက်နေတဲ့ဘီးကို ဆွဲဖြုတ်လိုက်တော့ ဟော– ရွှေဘီးဗျ။ ဘယ်က ဘယ်လို ပါလာသလဲ၊ ဘယ်သူ့ဟာလဲ။ သူ့မျက်လုံးထဲမှာ ဆန်ဆိုင်ကို မြင်တယ်။

❀



ဗဟန်းက ကိုသန်းတင်ဟာ သူ့ရဲ့ကင်းလှည့်ကျတဲ့ညက လမ်းလျှောက်ရင်း သူ့ရဲ့ရှာဘာဖိနပ်မှာ ရွှေလက်စွပ်တစ်ကွင်း နင်းမိရာက ကပ်ပါလာဖူးတယ်။ သူ့မိန်းမ ကောက်ညှင်းပေါင်း ရောင်းတာ အဲသည် အရင်းတဲ့ဗျ။

❀

ကံကောင်းတာဟာ ဘယ်လိုဘယ်နေရာကနေ အကျိုးပေးမယ်၊ ဘယ်နေ့ တွေ့မယ်၊ ဘယ်အချိန် ရမယ်၊ ဘယ်လိုမှ ပြောလို့ မရဘူး။

* လုံ့ကိုသာ မြင်မယ်
ကံက မမြင်ရဘူး။

ကံကောင်းကို မသိရသလို ကံဆိုးကိုလည်း ဘယ်နေရာကနေ ထပြီး ပေါ်လာမယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိမှာလဲ။

တစ်ထောင့် တစ်နေရာ တစ်ကွေ့ ဘွားခနဲ ပေါ်လာချင်ရင် ပေါ်လာတာ။

အလစ်အငိုက်ကို ဝင်တိုက်ချင်တိုက်တာမျိုး ဖြစ်တယ်။ သည်နှစ်မှာ ကံကောင်းနေပေမယ့် နောက်နှစ်ကျတော့ ထော်တုတ်မရအောင် ဆိုးချင်ရင် ဆိုးနေတာမျိုး။

အဲဒါကြောင့် လူမှာ--

* ကံသာ ကိုယ်ပိုင်ဥစ္စာရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



* ကံသာ အမွေခံရှိတယ်။
* ကံဟူတဲ့ အကြောင်းတရားရှိတယ်။
* ကံသာ အဆွေအမျိုးရှိတယ်။
* ကံသာ အမှန်တကယ် ကိုးကွယ်ရာဖြစ်တယ် မဟုတ်ပါလား၊
* ကံကြမ္မာကို အကြောင်းပြု၍ ပစ္စည်းဥစ္စာရလိုမှု၌ နှစ်လို ဖွယ်ရှိသည့် အားလုံးတို့မှာ မနှစ်လိုခြင်းဖြစ်နိုင်၏။ မနှစ်လိုဖွယ် အားလုံးတို့မှာ နှစ်လိုခြင်း ဖြစ်လာနိုင်၏။

(သီရကုရယ်လ်ကျမ်း)
အခန်း ၃၀၊ အပိုဒ် ၅။

☆ ☆ ☆

## ငါးသုံးကောင်နဲ့တူတဲ့ လူသုံးယောက်

ယုတ်မြတ်များစွာ
သတ္တဝါအား
ကံသာမယှဉ်း
ကောင်းဆိုးခြင်းသည်
ကြောင်းရင်း ကမ္မသကာတည်း။

(မဃဒေဝ၊ ၂၆၅)

ငါးသုံးကောင်ဇာတ်လမ်းကို ကြားဖူး ဖတ်ဖူးသူ များပါတယ်။ တံငါလှေထဲ ရောက်နေကြတဲ့ ငါးသုံးကောင်ရယ်လေ။ တံငါပိုက်မှာ မိပြီး လှေဝမ်းထဲ ရောက်နေချိန်မှာ--

တစ်ကောင်က ငါးပျင်းပါ။ ကံကောင်းရင်တော့ လွတ်မှာပါ၊ ကံမကောင်းလည်း သေရုံပေါ့ဆိုပြီး ခပ်အေးအေးပဲနေပါတယ်။ သည်ငါးပျင်းက ကံသက်သက်သာ အားကိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကတော့ ဝီရိယသမား၊ ငါးငပျင်းမဟုတ်ဘူး။ ငါးဆတ်စလူး၊ တဖျပ်ဖျပ် ခုန်ပါတယ်။ အခြေအနေကို မသိဘဲ အရမ်းကာရော လုပ်တော့ တံငါသည် မျက်စိနှောက်လာပြီး ခေါင်းကို ထုထည့်လိုက်ရော။ ရုတ်တရက် ဘဝပြောင်းရရော။

တတိယငါးကတော့ ကံ၊ ဉာဏ်၊ ဝီရိယသမားပါ။ ကာလ၊ ဒေသ၊ ပယောဂကို ကြည့်တယ်။ အခြေအနေနဲ့ အချိန်အခါကို ကြည့်ပြီး လှိုင်းအပုတ် လှေအလှုပ်မှာ ဖြုတ်ကနဲ ခုန်ထွက်လိုက်တာ အဏ္ဏဝါထဲ ပြန်မြုပ်သွားပါတယ်။

အဲသည် ငါးသုံးကောင်နဲ့တူတဲ့ လူသုံးယောက်ကို စာရေးသူ သတိထားမိပါတယ်။ အသက်တွေက ရွယ်တူလောက်ပါပဲ။ သိပ်မကွာပါဘူး။

စာရေးသူနဲ့ တစ်ကျောင်းတည်း နေခဲ့ကြတဲ့ သူငယ်ချင်းတွေ ဖြစ်တယ်။ ခြောက်တန်းကတည်းက အတူတူ နေကြပေမယ့် ပထမ တစ်ယောက်ဟာ အပျင်းကြီးပါတယ်။ စာမကျက်ဘူး။ ကျောင်း မှန်မှန်မတက်ဘူး။ သူဟာ အမြဲလို ပျင်းနေတာပါပဲ။

တစ်လမှာ ကျောင်းက ခုနစ်ရက် ရှစ်ရက်ထိကို ပျက်တတ်ပါတယ်။ ကျောင်းခန်းထဲရောက်လည်း စာတောင် မှန်မှန်လိုက်ကူးတာ မတွေ့တတ်ဘူး။ ကျောင်းပိတ်ရက်ဆိုလည်း အခြားကိစ္စမလုပ်ဘဲ သူ့ခြံထဲမှာ နေချင်နေ၊ မနေချင်လည်း ဖျာတစ်ချပ်နဲ့ အိပ်တာပဲ။



ဘယ်သွားရအောင်၊ ဘာလုပ်ရအောင်ခေါ်လည်း မလိုက်တာများတယ်။ ခြောက်တန်းတော့ အောင်ပြီး ခုနစ်တန်းနှစ်နှစ် ဆက်ကျလို့ ကျောင်းမနေတော့ဘူး။ သူ့ရဲ့ပျင်းရိမှုဟာ စတင်ရတယ်။ ကံကောင်းရင် ငါ့အဘိုးအမွေရပြီး ချမ်းသာမှာကို သူ့စိတ်က ထင်နေပါတယ်။ ဒါပေမယ့် သူ အသက်နှစ်ဆယ် ရောက်ချိန်မှာ အဘိုးအိမ် မီးလောင်တယ်။ အတွင်းပစ္စည်းတွေလည်း ပျောက်ဆုံးတယ်။ အိမ်ကြီးကနေ တဲလေးနဲ့နေပြီး ဆင်းဆင်းရဲရဲ နေရတော့တယ်။

အဲသည် ဆင်းရဲတဲ့အချိန်အထိလည်း ပျင်းနေတာပါပဲ။ သူ့မိခင်က မုန့်ဟင်းခါးလက်သုပ် ရောင်းတယ်။ သူ့အဖေက သူငယ်ငယ်ကတည်းက ကွဲနေတာ၊ ဘယ်မှာရောက်နေမှန်းတောင် မသိဘူး။

အခုချိန်ထိလည်း ဆင်းရဲပါတယ်။ ဒါပေမယ့် သူက ကံကောင်းရင် တစ်နေ့နေ့ မြန်မြန်လာမှာလို့ ပြောပါတယ်။

ဒုတိယလူကတော့ စာရေးသူပဲ ဆိုပါတော့ဗျာ။ စာရေးသူဟာ နေရာတကာ ဝီရိယဦးစားပေးခဲ့မိတယ်၊ ဉာဏ်နဲ့စဉ်းစားတာ နည်းခဲ့တယ်။

ဟိုယောင်ယောင်၊ သည်ယောင်ယောင်လည်း ပါတယ်။ ဆောလုံးလက်ရွေးစင်လည်းဖြစ်ချင်၊ စာရေးဆရာလည်းလုပ်ချင်၊ လည်းကြံ့ရင်ရိုက်၊ အရက်လည်းသောက်ချင်သောက်၊ ရည်းစား

www.burmeseclassic.com

www.burmeseclassic.com



လည်းထား။ အမြဲတမ်းတော့ တက်ကြွနေတာပဲ။ ကြာတော့ ပြဿနာတွေ ရှုပ်လာရော။ ဖိနဲ့လည်း အရေးယူခံရ၊ အရက်နဲ့လည်း အရေးယူခံရ၊ နာမည်ပျက်ရ။ ဟိုကိစ္စ၊ သည်ကိစ္စလည်း ဝင်ပါလို့ အရေးယူခံရ။ နောက်ဆုံးတော့မှ ငြိမ်ကျသွားရတာပေါ့။

အခိပ္ပာယ်မဲ့ ဝီရိယတွေထုတ်ခြင်းကလည်း အမှန်တကယ် အကျိုး မရှိပါဘူး။ မှန်ကန်တဲ့ ဘက်မှာသာ ဝီရိယရှိရမှာဖြစ်တယ်။ အစက က်ဆိုတာတောင် သိပ်လက်ခံချင်တာ မဟုတ်ခဲ့ဘူးလေ။ သည်တော့ ဒုက္ခတွေ ရင်စီး ခံရတာပေါ့။

စာရေးသူဟာ ဘွဲ့လည်းမရ၊ ကျောင်းလည်း တစ်ဝက်တစ် ပျက်နဲ့ပြီး၊ ဝီရိယလွဲတွေ ထားခဲ့ရတဲ့ အပြစ်ကို ခံစားရတယ်။ ဝီရိယသမားဆိုပေမယ့် ဖြည်းဖြည်းမှန်မှန်သမားသာ မှန်ကန်တဲ့ ဝီရိယပါ။ ကိုယ့်ဝီရိယကလည်း လမ်းမှန်ရမယ်။

တတိယ သူငယ်ချင်းကတော့ က်၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံးကို အားကိုးတယ်။

စာမှန်မှန်ကျက်၊ ကျောင်းမှန်မှန်တက်၊ ဘောလုံးကန်တာ လည်း သူ့အချိန်နဲ့သူပဲ။ ဟိုစပ်စပ် သည်စပ်စပ် မပါခဲ့ဘူး။

နောက်ဆုံးတော့ သူဟာ ဘီအီးဒီဘွဲ့ရတယ်။ အထက်တန်း ကျောင်းဆရာဘဝကနေ ယခုကျောင်းအုပ်ကြီးတစ်ယောက်လည်း ဖြစ်နေတယ်။

သူ့ကျောင်းက မကြာခဏဆိုသလို ဘောလုံးဒိုင်းရတယ်။



ဘောလုံးသမားကောင်းတွေလည်း မွေးပေးနိုင်ပါတယ်။

သူ့အိမ်ထောင်ကိုလည်း သူဟာ လှလှပပ အိမ်တစ်ဆောင် မီးတဖြောင် ထားနိုင်ပြီး ရောက်ရာအရပ်မှာ နာမည်ကောင်းရ တယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က နိုင်ငံခြားကို လေ့လာရေး သွားဖြစ်လို့ စာရေးသူကိုယ်တိုင် လေယာဉ်ကွင်း လိုက်ပို့တယ်။

သူ လေယာဉ်ပေါ် တက်သွားချိန်မှာ သူဟာ က်၊ ဉာဏ်၊ ဝီရိယသမားပဲလို့ စာရေးသူ စိတ်ထဲက ပြောလိုက်မိပါတယ်။

လောကမှာ က်ချည်းပဲ အားကိုးနေတာ မှားသလို ဝီရိယ ချည်းပဲ စိုက်ထုတ်နေတာလည်း ဝီရိယအကျိုး ခံစားရပေမယ့် အောင်မြင်မှု အမှန်မရပါဘူး။

က်ရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ်ကို ဟန်ချက်ညီ ထုတ်မှသာ အောင်မြင်ခြင်း အထွတ်အထိပ်ကို ရောက်မှာဖြစ်ပါတော့တယ်။ က်၊ ဉာဏ်၊ ဝီရိယ သုံးမျိုးကို မျှတအောင် ပြုရမယ်လေ။

မာန်လည်ဆရာတော်ကြီးက မဃဒေဝ ပိုဒ်ရေ ၂၄၅ မှာ–

'လုံ့လမထူ၊ ဉာဏ်မကူဘဲ

အယူတစ်ချောင်း၊ က်တစ်ကြောင်းမှု

မကောင်းလည့်က်၊ ကောင်းလည်းက်ဟု

က်ကိုချည်းသာ၊ မကိုးရာဘူး

ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို

အခွင့်ရ၍၊ အပြုလုံ့လ

www.burmeseclassic.com

www.burmeseclassic.com



ရှိအပ်စွတည့်၊ တံငါလက်တွင်း
ရောက်လျှင်းတုံ့ပြား၊ သုံးကောင်ငါးကို
မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့
လို့ ဆိုမိန့်ခဲ့ပါတယ်။

* လူတို့သည် ကောင်းသော ကံကြမ္မာကို ကြည်ရွှင်စွာ လက်ခံ၍ မကောင်းသော ကံကြမ္မာကပ်ရောက်သော အခါ ပူပန်ဆင်းရဲကြ၏။ ကံကြမ္မာ၏ တူမျှသော အဟုန်ဖြစ်သောကြောင့် ဤသို့အဘယ်ကြောင့် ဖြစ်ရပါသနည်း။

(သီရိကုရယ်လ်ကျမ်း)
အခန်း ၃၈၊ အပိုဒ် ၉။

☆ ☆ ☆

## ကံစကားပုံများ

၁။ ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲ။
၂။ ကံမခိုင် သံတိုင်အိမ်ဆောက်သော်လည်း ကံမှောက်လျှင်ကျိုး။
၃။ ကံမမှ ဟန်ကျ။
၄။ ကံကိုယုံ ဆူးပုံမနင်းနဲ့။
၅။ လုံ့ထမ်းလာတာမြင်ရ၊ ကံထမ်းလာတာမမြင်ရ။
၆။ ကံကောင်းချင်ရင် ကံဟောင်းကိုပြင်။
၇။ အတိတ်ကံ ပြိုင်မရ။
၈။ မကောင်းလည်းကံ၊ ကောင်းလည်းကံ။
၉။ ကံလွန်ကျူး အခုံး။
၁၀။ ကံကုန်၍ ဒုက္ခမငြိမ်း၊ တဏှာကုန်မှ ဒုက္ခငြိမ်း။
၁၁။ ကံရှိမှ ဘဝဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



၁၂။ ကံကောင်းသူနှင့်ပေါင်းမှ အကြောင်းလှ။
၁၃။ ကံသမားကို တစ်ခါတစ်ရံ ဉာဏ်သမားမမီ။
၁၄။ ကံဆိုးက မိုးမှောင်သလို။
၁၅။ ကောင်းကံဆို တစ်ခုသာလာ၊ အကုသိုလ်ကံဆို
အပေါင်းသင်းနှင့်လာ။
၁၆။ ကံသာအမွေ၊ ကံသာအကြောင်းရင်း။
၁၇။ ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ။
၁၈။ ကံကောင်းတဲ့ခွေး၊ ချေးပုံဟပ်မိ။
၁၉။ ကံသာအမိ၊ ကံသာအဖ။
၂၀။ ယခင်ကံကောင်းလို့၊ ယခုကံကောင်း
ယခုကံကောင်းတော့ နောင်ကံကောင်း။
၂၁။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီး။
၂၂။ စေတနာမဲ့လို့ ကံမဲ့တာ၊ စေတနာရှိရင် ကံရှိတယ်။
၂၃။ အသက် ဉာဏ်စောင့်၊ ဥစ္စာ ကံစောင့်။
၂၄။ ကုသိုလ်ကံတစ်ခု၊ ကိုယ်ခံပြု။
၂၅။ လူမိုက်ကံကောင်း၊ နစ်မြုပ်ကြောင်းဖြစ်။
၂၆။ ဥစ္စာကံပေး မရသေး၊ နောင့်နှေးဗျာပါ မရှိရာ။

☆ ☆ ☆

## ကံသဘောတရားများ

၁။ အချို့ကံတွေဟာ တစ်ခါတလေသာ လုပ်တာဖြစ်တယ်။

အချို့ကံတွေကသာ ထပ်ခါထပ်ခါ ပြုလုပ်တာဖြစ်တယ်။ နေ့စဉ်နဲ့အမျှ အမြဲမပြတ် ပြုလုပ်တဲ့ကံကို (အာစိဏ္ဏကံ)လို့ ခေါ်ပါတယ်။

၂။ တစ်ကြိမ်ပြီးတစ်ကြိမ် ထပ်လုပ်တဲ့ကံဟာ အားကောင်းတဲ့ ကံဖြစ်တယ်။ အကြိမ်ကြိမ် အခါခါလုပ်တော့ ကံဟာ တစ်ခုကိုတစ်ခု အားပြုပြီး ပိုကောင်းတာပေါ့။

၃။ ကံနဲ့ကံရဲ့ အကျိုးကို ယုံကြည်တာဟာ ဗုဒ္ဓဘာသာကိုးကွယ်ဆည်းကပ်သူတွေအတွက် အလွန်အရေးကြီးတဲ့ အချက်ပါပဲ။

၄။ ကောင်းမြတ်တဲ့ အာရုံတွေမှာ မွေ့လျော်နိုင်အောင်

www.burmeseclassic.com



ကြိုးစားနေရမယ်။ ကောင်းမြတ်တဲ့ အာရုံက ကံကောင်းတွေကို မွေးဖွားပေးလိမ့်မယ်။ အာရုံကြောင့်သာ သန့်စွမ်း၊ အသက်ရှည်၊ အောင်မြင်၊ ချမ်းသာ၊ တည်ကြည်၊ ပညာကြီး၊ စိတ်ဓာတ် မွန်မြတ်တာဟာ ကောင်းမြတ်တဲ့ အာရုံတွေကနေ တစ်ဆင့်ရတာ ဖြစ်ပါတယ်။ ကံကောင်းအောင် အာရုံကို အမြဲဆင်ခြင်နေပါ။

၅။ အောင်မြင်ကျော်ကြား အထွတ်အထိပ် ရောက်နေသူများဟာ သူများတွေ ပျော်နေချိန်၊ သူများတွေ တွေဝေနေချိန်၊ သူများတွေ အိပ်နေချိန်များမှာ သူတို့ကံကို သူတို့ ပြင်နေသူများ ဖြစ်ကြပါတယ်။

၆။ ကံကောင်းအောင် သူများ လုပ်ပေးရှုမရ၊ ကိုယ်တိုင် ပြုလုပ်မှ ရပါတယ်။

၇။ ကံဆိုတာ အကျိုးတရားတို့ကို ဖြစ်ပွားပေါ်ပေါက်စေနိုင်သော အကြောင်းတရားများ ဖြစ်တယ်။

၈။ ကံပြုပြင်ပေးမှာကို မသေချာဘဲနဲ့ စောင့်နေရတာ၊ မရသေးတဲ့ နေ့ရိပ်ကို မျှော်နေရတာ၊ သူများ ပေးစာကမ်းစာ မျှော်နေရတာ လူ့ဘဝ ဆုံးရှုံးတယ်။ ကိုယ့်ကံကို ကိုယ်ဖန်တီး။

၉။ လူ့ခပ်သိမ်းတို့ အပေါ်မှာ လိမ်လည်နိုင်ပေမယ့် ကံနဲ့ ကံရဲ့အကျိုးပေး အပေါ်မှာ မလိမ်လည်နိုင်ဘူး။

၁၀။ ကုသိုလ်ကံ ပြုသူသာ မိမိကိုယ်ကို စောင့်ရှောက်တာ



မည်တယ်။

၁၁။ လူတွေဟာ ကံလို့ ဆိုလိုက်တာနဲ့ အတိတ်က ပြုလုပ်ခဲ့တဲ့ ကံကိုသာ အသိအမှတ် ပြုလိုက်ကြပါတယ်။ ကံဆိုတာက အတိတ်ကံတင် ကံ မဟုတ်ပါဘူး။ ပစ္စုပ္ပန်ကံလည်းပဲ ကံပါပဲ။

၁၂။ အချိန်နဲ့အမျှ ဘဝပေး တာဝန်တွေကို အသိပညာနဲ့ ရင်ဆိုင်တိုက်ခိုက်နေရမယ်။ အဲဒါမှ ဘဝတန်ဖိုး စံချိန်မီမယ်။ အချိန်ဖြုန်းပြီး တွေဝေနေရင် ဘယ်တော့မှ ကံကောင်းတဲ့လူဖြစ် မလာနိုင်ပါဘူး။

၁၃။ အကြံရကျပ်နေရင် ဝီရိယထုတ်ရမယ်။ ဝီရိယထုတ်ရင် ဉာဏ်ပွင့်လာ၊ ကံကောင်းလာမယ်။ တွေးနေ၊ ထိုင်နေရုံနဲ့ သက်တွေ့ဉာဏ်လည်း မရ၊ ကံလည်း မပေါ်ဘူး။

၁၄။ ကံကို ယိုးမယ်ဖွဲ့မနေဘဲ မိမိကိုယ်စွမ်းရှိသလောက် ဉာဏ်စွမ်းရှိသလောက် အစွမ်းကုန်ဖြစ်အောင် လုပ်နေကြရမယ်။

၁၅။ ရှေးက ကောင်းမှုပြုခဲ့တဲ့ ကုသိုလ်ကံ အချက်တွေဟာ ခြင်သာ မသိသာဘူး၊ ဘဝပေးဘာင်းကို ဘယ်လိုလုပ် သိမှာလဲ။ အဲဒါကြောင့် အချို့က ရှေးကံကို ပေါ့ပေါ့လျော့လျော့ သဘောထားကြတယ်။

၁၆။ ကောင်းတဲ့ကံကိုပြုရင် ကောင်းကျိုးခံရမယ်။ မကောင်းတဲ့ ကံကိုပြုရင် မကောင်းကျိုးခံရမယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ကောင်းကံကလည်း တစ်ခါတလေ ချက်ချင်း အကျိုးပေးချင်မှ ပေးပါတယ်။ နောင်မှ ပေးတာမျိုးလည်း ရှိတယ်။

၁၈။ လူ့ဘဝရဲ့ သုခကို ဖန်တီးလိုလျှင်—

၁။ ကံတရားကို ပြင်

၂။ စိတ်တရားကို ထိန်းချုပ်

၃။ ဥတုပူဇ သပ္ပာယကို မျှတ

၄။ အာဟာရ ကာလသတွေကို တစ်နေ့တည်းမဟုတ်ဘဲ နေ့စဉ် လိမ္မာစွာ ပြုပြင်နေရမယ်။ အဲသည်အချက်လေးချက်မှာ တစ်ချက်ကိုမှ မေ့ထားလို့ မရပါဘူး။

၁၉။ ကာယကံ၊ ဝစီကံ၊ မနောကံလို့ ရှိတဲ့အထဲမှာ မနောကံက အကြီးအကျယ်ဆုံးပါပဲ။

၂၀။ ကာယကံမြောက် ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အရာတွေကို တွေ့မြင်ရပြီး ဝစီကံ၊ မနောကံကြောင့် ဖြစ်လာတဲ့ အရာတွေကို ထင်ထင်ရှားရှား မတွေ့ရပါဘူး။

၂၁။ ရုပ်ပြည့်တယ်၊ ပညာတတ်တယ်ဆိုရင် ကောင်းကျိုး ဖြစ်ထွန်းမှုအတွက် မျှော်လင့်ချက်မှာ ကံသာသူကသာ နိုင်မှာပဲ။

၂၂။ ပညာချင်း ပြိုင်လို့ရတယ်။ ဉာဏ်ရည်ချင်း ပြိုင်လို့ ရတယ်။ ကံကျတော့ ပြိုင်လို့မရဘူး။ ပြီးခဲ့တဲ့ အတိတ်ကံကို



ဘယ်လိုလုပ်ပြီး ပြိုင်မှာလဲ။

၂၃။ ဘယ်ကိစ္စမဆို အဖြေမရှိဘူး မဟုတ်ဘူး ရှိတာပါပဲ။ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ မပြတ်အားထုတ်ဖို့သာလိုတယ်။ လိုလျှင် ကြံဆ နည်းလမ်းရစမြဲပါ။

၂၄။ ကံဆိုတာက ကိုယ်၊ နှုတ်၊ စိတ်တို့နဲ့ ပြုလုပ်တဲ့ ကောင်းမှု၊ မကောင်းမှုများပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲသည် ကောင်းမှု၊ မကောင်းမှုများဟာ စေတနာကြောင့်သာ ထမြောက်အောင်မြင်ကြရတဲ့အတွက် အကြောင်းရင်းစေတနာကိုပဲ (ကံ)လို့ ခေါ်တယ်။

၂၅။ အဆိပ်လူးထားတဲ့ မြားတည့်တဲ့ မြားတောင့်ဟာ အဆိပ်နဲ့ ပေကျံနေသလိုပဲ၊ လူယုတ်မာနဲ့ ပေါင်းတဲ့ သူကလည်း မကောင်းမှုနဲ့ ပေကျံနေမှာပဲ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ကံပဲ၊ မကောင်းတာလုပ်တဲ့ လူနဲ့ပေါင်းရင်လဲ ကိုယ့်ဆီကို မကောင်းတဲ့ကံပဲ လာလိမ့်မယ်။

၂၆။ အချို့က ကံမကောင်းဘူး၊ အချို့ဟာ တစ်ကြိမ် တစ်ခါ မှားရုံနဲ့ တစ်သက်လုံး ဆုံးရှုံးရတတ်ပါတယ်။ အချို့က အကြိမ်ကြိမ် မှားပေမယ့် ပြင်ဆင်လို့ ရတတ်ပါတယ်။

၂၇။ မကောင်းလည်းကံ ကောင်းလည်းကံ။ ရှေးကံကောင်းလို့ ယခုကောင်း၊ ယခုကောင်းလို့ နောင်မှာကောင်း။

၂၈။ လူတွေဟာ ကောင်းကျိုးကို လိုလားတယ်။ မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကို မလိုလားဘူး။ အဲသည်တော့ လိုလားတာနဲ့ လိုက်လျော ညီထွေ လုပ်မှသာ လိုလားတဲ့အတိုင်း ဖြစ်လာမယ်။ ကံနဲ့ ကံရဲ့ အကျိုးကို ယုံကြည်ပေမယ့် ဒုစရိုက်ကိုသာပြုပြီး သုစရိုက်ကို မပြုရင် ဘယ်မှာ ကောင်းကျိုးဖြစ်မှာလဲ။

၂၉။ တစ်စုံတစ်ရာကို ဖြေဖန်သုံးသပ်ရာမှာ လူပုဂ္ဂိုလ်အရလည်းကောင်း၊ လုပ်ငန်းအရလည်းကောင်း၊ ကံသုံးပါးအရလည်းကောင်း၊ ပိုင်းခြားခွဲဝေလျက် အဘက်ဘက်က သုံးသပ်မှသာ အမှန်ကို ရနိုင်ပါတယ်။

၃၀။ အခုလုပ် အခု အကျိုးပေးတယ်ဆိုတာ အားနည်းတဲ့ ကံကြောင့်ဖြစ်တယ်။ ကုသိုလ်ကံဆိုတာက အားကြီးတာကြောင့် အချိန်ကြာမြင့်မှ အကျိုးပေးတယ်လို့ ယူဆရမယ်။ အပိုးတန်တဲ့ ကျွန်း၊ ပျဉ်းကတိုးသစ်ကို သဘော၊ ငှက်ပျော စိုက်သလို စိုက်လို့ မရဘူး မဟုတ်လား။

၃၁။ ကံတရားဟာ အားအကြီးဆုံးသောတရား မှန်ပေမယ့် ကံကောင်း၊ မကောင်းကို မေ့ဒင်သွားမေး အပျင်းမွေး မေးနေခြင်းထက် အလုပ်တစ်ခုခုကို လက်တွေ့ လုပ်ကြည့်တာကသာ ကံကောင်းတဲ့ အဖြေမှန် ရနိုင်ပါတယ်။

၃၂။ ကိုယ်ခံကောင်းအောင်၊ ကုသိုလ်ကံအားကောင်းအောင် ဒုစရိုက်ကို ကြဉ်ပြီး သုစရိုက်နဲ့ ယှဉ်ရမှာဖြစ်တယ်။

၃၃။ သေခါနီးမှာ ပြုတဲ့ကံကို (အာသန္နကံ)လို့ ခေါ်တယ်။



ရှေးကပြုလုပ်ခဲ့တဲ့ကံကို ပြန်သတိရအောက်မေ့ပြီး မနောကံနဲ့ ထပ်ဆင့်ပွားတာလည်း (အာသန္နကံ)ပဲ။

၃၄။ ကံဆိုတာ ဘာလဲဆိုရင် ကံဆိုတာ (ကမ္မ)ဆိုတဲ့ ပါဠိစကားက ဆင်းလာတဲ့ စကားဖြစ်တယ်။ အလုပ်၊ အမှုကိစ္စလို့ အနက်ရတယ်။

၃၅။ ကံဆိုတာက နာမ်အစဉ်မှာ စိတ်ဝိညာဉ်နဲ့ အတူပါလာတဲ့ စေတနာဓာတ်ကြီးပါပဲ။

၃၆။ ဉာဏ်ဝီရိယ ထောက်ကူမှသာ များသောအားဖြင့် ရှေးကံတွေလည်း အကျိုးပေးလာတာပဲ။ ဉာဏ်ဝီရိယ မပါဘဲ ကောင်းကျိုးပေးဖို့၊ အလုပ် မလုပ်ဘဲ ကြီးပွားဖို့က မမျှော်လင့်ကောင်းဘူး။

၃၇။ သူတစ်ပါး အပြစ်ဖို့ချင်တဲ့ဆန္ဒ မများနဲ့။ ကံကိုယိုးမယ်ဖွဲ့ချင်တဲ့ဆန္ဒ မများနဲ့။ သူတစ်ပါး အားကိုးချင်တဲ့ဆန္ဒ မများနဲ့။

၃၈။ လူ့တွေဟာ အာရုံကောင်း မရဘူး။ အဲဒါကြောင့် ကံကောင်းတွေ မရကြဘူး။ အာရုံကောင်းမှ ကံကောင်းပါတယ်။

၃၉။ ပြုသမျှ၊ ပြောသမျှ၊ ကြံသမျှဟာ ကံနဲ့ကံရဲ့ အကျိုးအရ ခံစားခြင်းဖြစ်တယ်။ မကောင်းမှုပြော၊ မကောင်းမှုပြု၊ မကောင်းကြံရင် မကောင်းကျိုးရတယ်။ အကောင်းပြု၊ အကောင်းပြော၊ အကောင်းကြံရင် ကောင်းကျိုးရတယ်။

www.burmeseclassic.com

www.burmeseclassic.com



၄၀။ လောကဓံတရား ဒုက္ခတွေကို ခံနိုင်ရည် ပြည့်ဝမှသာ ပြန်လည်တိုက်ခိုက်နိုင်မှသာ ကံကောင်းမယ်။ စိတ်ပျက်တာ၊ စိတ်တိုတာ၊ မကြိုးစားလိုတာတွေဟာ ကံမကောင်းဖို့ ကိစ္စတွေပါ။

၄၁။ ကံကောင်းအောင် လုပ်ဖို့အတွက် ရတနာသုံးပါး အားထားစရာရှိနေခြင်းဟာ ကံကောင်းလှတယ်။ ပစ္စုပ္ပန် ကြီးပွားဖို့ ဉာဏ်ဝီရိယမွမ်းမံလိုက်ပါက အတိုင်းထက်အလွန်ဖြစ်တယ်။

၄၂။ အတိတ်ဘဝမှ လုပ်ဆောင်ချက်ရဲ့ အကျိုးသက်ရောက် ဆက်စပ်မှု လှိုင်းဂယက် ကံဆိုးမိုးမှောင်ချနိုင်သည့် သက်ရောက်မှုတွေကို အတွင်း မနောစိတ်များနဲ့အတူ ပေါ်ပေါက် လာတဲ့ အခါမှသာ ပတ်သတ်နိုင်ခွင့်၊ ရှုသတ်နိုင်ခွင့်ရှိတယ်။

၄၃။ အတိတ်ဘဝရဲ့ အသိအမှတ် မှားယွင်းမှုနဲ့ ပတ်သက်တဲ့ လွှမ်းမိုးမှုများကို ဉာဏ်ပညာနဲ့ ရှင်းသန့်ပြီး စင်ကြယ်အောင် ဆေးကြောတဲ့အမှု ပြုရပါမယ်။

၄၄။ အကုသိုလ်ကံဆိုးဟာ အပေါင်းအသင်းနဲ့ လာတတ်ပါတယ်။ ကံကောင်းတွေသာ အပေါင်းအသင်းနဲ့ မလာတာ။ ကံကောင်းတွေ အပေါင်းအသင်းနဲ့ လာစေချင်ရင် အလုပ်တိုင်းကို ကောင်းတဲ့စေတနာနဲ့ လုပ်ရမယ်။

၄၅။ ကုသိုလ်ကံ၊ အကုသိုလ်ကံ စက်ရဟတ်များက တစ်လှည့်စီ လည်နေပါတယ်။

၄၆။ ကောင်းကျိုးမပေးသေးဘူးဆိုရင် အလုပ်မလုပ်လို့ အကျိုးမပေးတာဘဲ။ အလုပ်ကြိုးစားလုပ်ရင် အကျိုးပေးမှာပေါ့။

အဲသည်မှာ အလုပ်ကြိုးစားလုပ်ပေမယ့် လုပ်ဆောင်ချက် မှန်မမှန်ကို ဆန်းစစ်ရမယ်။ မထွန်းကားတာက အကျိုးပေးရာမှာ ဉာဏ်မပါသေးလို့ပါ။ ကံမကောင်းလို့ အကျိုးမပေးတာ မဟုတ်ပါဘူး။

၄၇။ ဉာဏ်ပညာနဲ့ အတိတ်ဘဝက လွဲမှားတဲ့ နှလုံးသွင်းမှားမှုတွေ၊ ကံဆိုးကျရောက်စေနိုင်မှုတွေ ပယ်ချင်ရင် ပေါ်စိတ်ကို အချိန်မီဆင်ခြင်။

၄၈။ ကံကလည်း ရှိ၊
လုံ့လပယောဂလည်း ကောင်း၊
အသိ၊ အလိမ္မာ၊ ဉာဏ်ပညာဆိုတဲ့ ရေမိုးအလုံအလောက်ရရင် အကျိုးတရားဟာ အောင်မြင်ကြီးထွားလာမှာပဲ။

၄၉။ ကိုယ့်ရဲ့ ချို့ယွင်းချက်ကို ကံအတိုင်းဖြစ်တယ်လို့ ဆိုးမယ် မဖွဲ့ပါနဲ့။

၅၀။ တောင်ချင်းတူသော်လည်း မြင်းမိုရ်တောင်နဲ့ တောင်ပို့ ကွာခြားတယ်။ ရေချင်း တူပေမယ့် သမုဒ္ဒရာနဲ့ လက်ယက်တွင်း ကွာခြားတယ်။ အလင်းရောင်ချင်း တူပေမယ့် လမင်းနဲ့ ပိုးစုန်းကြူး ကွာခြားတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူချင်းတူပေမယ့်၊ ကံအားရှိသူနဲ့ ကံအားနည်းသူ ကွာခြားတယ်။

☆ ☆ ☆

## မိမိကိုယ်မိမိ သနားလျှင် ကံကောင်းအောင် လုပ်ပါ

ဘယ်သူမပြု၊ မိမိမှု မဟုတ်လား။

မိမိကိုယ်မိမိ သနားပြီး ကံကောင်းအောင်ပြုချင်ရင်လည်း မိမိပဲ ပြုလုပ်ရလိမ့်မယ်။ ဘယ်သူကမှ လာပြုပေးမှာ မဟုတ်ဘူး။ ပြုလို့လည်း မရပါဘူး။ ကိုယ်တိုင်ပြုမှ ရမှာ။

လူတွေဟာ ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံး၊ ကိုယ့်ကိုယ်ကိုသာ အသနားဆုံး။ ဒါပေမယ့်လို့ မိမိကိုယ်မိမိ နှိပ်စက်နေကြသူများတယ်။

ကံကောင်းချင်ကြတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုပဲ ကံကောင်းအောင် လုပ်နေကြတယ်။

ဘယ်လို ကံကောင်းအောင် မလုပ်ကြသလဲ ဆိုတော့ အစားကောင်းကောင်း၊ အသုံးအဆောင်ကောင်း၊ အဝတ်ကောင်း၊ နေထိုင်မှု အဆင့်မြင့်မြင့်၊ အားလုံးဒုက္ခပင်ပန်း ဖြစ်နိုင်တာကို

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း မကြိုးစားကြဘဲ အမြန် လိုချင်ကြတယ်။ အမော တကော ရှာကြတယ်။ အဲသည်မှာ ကံကောင်းမှုတွေက နီးသလိုနဲ့ ဝေး။ လူတွေလည်း ပင်ပန်းကုန်ကြပါရော။ ကိုယ့်ကိုယ်ကို သနားတယ်ဆိုပြီး သနားရာ မရောက်တော့ဘူးလေ။

ပိုလို့ကံမကောင်းအောင် လုပ်သူတွေကတော့ ဒုစရိုက်မှုကို လုပ်သူတွေပါပဲ။

မိမိကိုယ်ကို ချစ်ရာမရောက်တာဟာ ဒုစရိုက်အမှုတွေ လုပ်တာပါပဲ။

ဒုစရိုက်လုပ်လို့ ယာယီကံကောင်းသူဟာ သိပ်တိုကြောက်စရာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူမိုက်ကံကောင်း နစ်မြုပ်ကြောင်းမို့ရယ်ပါဗျာ။ ယနေ့မနစ်သေး၊ နက်ဖြန် နစ်မယ်၊ နက်ဖြန်မနစ်ရင် နောက်နစ်မယ်။ နောက်ဆုံးမှာ သည်ဘဝ မနစ်တောင် နောက်ဘဝမှာ နစ်မှာပဲ။

ဒုစရိုက်အလုပ်တွေ လုပ်နေသမျှဟာ မိမိကိုယ်ကိုမချစ်ဘဲ မိမိကိုယ်ကို နှစ်ဖို့ပဲ။

ကံကောင်းအောင်လုပ်ဖို့ အလုပ်ဟာ ခက်သလား၊ မခက် ပါဘူး။

သုစရိုက်လုပ်ရင် ကံကောင်းတာပဲ။ ဒါပေမယ့် သုစရိုက် လုပ်ဖို့ ကျတော့ ခက်နေပြန်ပါတယ်။

လူတွေဟာ မိမိကိုယ်ကို သုစရိုက် လုပ်နေကြတယ်လို့ဝံ့



ထင်ကြတယ်။

မိမိရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေမှာ ဒုစရိုက်တွေ မသိမသာ ပါနေတာကို သတိမထားမိကြဘူး။

လူတွေဟာ မိမိကိုယ်ကိုမိမိ မသနားကြတဲ့အတွက်–

အရက်တွေ သောက်ကြ၊ ဖဲတွေ ရိုက်ကြ၊ မကိစ္စ ရှုပ်ကြ ကိုယ်ရရေးသာ ကြည့်ကြ။

အဲသည်အဆင့် မရောက်သေးရင်လည်း မုသာဝါဒပြောကြ၊ မနာလိုဖြစ်ကြ၊ စိတ်ယုတ်မာအမျိုးမျိုး မွေးကြ၊ အသွေးအသား ကိစ္စကို သောက်လေသောက်လေ ငတ်မပြေ ဖြစ်ကြနဲ့ရယ်ပါ။

အချို့က ဒါသဘာဝပဲလို့ဆိုတယ်။ ထားပါတော့ သဘာ ဝပဲ။ ဒါပေမယ့် လူတွေက လိုတာထက် ပိုနေကြတော့ ကံ မကောင်းတော့ဘူးလေ။

အပျော်အပါးမက်တာဟာ ကိုယ့်ကိုယ်ကို မသနားတာပါ။ အပျော်အပါးဟာ သိပ်ပင်ပန်းတာ။ အနားယူမှန်တဲ့ ပျော်ရွှင် ခြင်းမျိုးကလွဲလို့ အခြားအပျော်အပါးဟာ ဘာတန်ဖိုးမှ မရှိ ပါဘူး။

ကံမကောင်း အကြောင်းမလှဘူးသာ ပြောကြတယ်။ အကြောင်းလှအောင် ပေါင်းရမယ့်လူတွေနဲ့ မပေါင်းကြပြန်ပါ ဘူး။

လူကောင်းတွေနဲ့ ပေါင်းရမှာကို အချို့က ညည်းကမ်းကြီး

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အိုက်တင်ခံတယ်၊ ဘဝင်မြင့်တယ်လို့ ယူဆကြတယ်။

ဟေးလားဝါးလား သူလိုကိုယ်လိုသာ ပေါင်းဖက်နေထိုင်ကြချင်တဲ့သဘော ရှိပါတယ်။

ရယ်စရာကိစ္စတော့ မဟုတ်ဘူး။

မိမိကံကောင်းချင်ရင် ကံကောင်းနေတဲ့သူတွေကို ရှာပြီး ပေါင်းရမယ်။

ကံကောင်းဆိုတာ ကူးပါတယ်။ ကံကောင်းသူနားနေရင် ကံကောင်းတတ်ပါတယ်။ ကံကောင်းနေသူနဲ့ တွေ့ရင် သူ့ကို အောက်ကျို့ပြီး ပေါင်းသင်းနိုင်အောင် ကြိုးစားပါ။

လောကမှာ အမှီကောင်း သိပ်လိုတယ်။

အမှီရှိမှ အဆင့်မြင့်။

ကုသိုလ်ကံကောင်းသူနဲ့ပေါင်းမှ ကိုယ်လည်း သူ့ကုသိုလ်ကံ အရိုန်ဟပ်တယ်။

အချို့ အတိတ်ကံ ဆိုးသူဟာ ကုသိုလ်ကံကောင်းသူနဲ့ ပေါင်းလည်း အကျိုးမရဘူး။

ကုသိုလ်ကံကောင်းသူဆိုတာမှာ ဆန်းကြယ်တာက ပညာရှိသူရော ပညာမရှိသူပါ ရှိပါတယ်။

အချို့ဆို ကျောင်းပညာလည်း မတတ်၊ အတွေးအခေါ်လည်း အားနည်းလှပေမယ့် ကံကောင်းတာပါပဲ။

အဲသည်မှာ ငွေရှိသူကို၊ ရာထူးရှိသူကို ပေါင်းလို့သာ



ဆိုလိုတာ မဟုတ်ဘူးနော်။ ကံကောင်းသူကိုရှာပြီး ပေါင်းနိုင်ရင် ကောင်းတယ်လို့ ဆိုလိုတာရယ်ပါ။

အမျိုးသမီးတစ်ဦးဟာ ကံကောင်းသူနဲ့ပေါင်းမိလို့ သူ့အသက်ဘေးက လွတ်သွားတယ်။ ဘယ်လို လွတ်သလဲဆိုတော့ ကံကောင်းသူက လှမ်းအခေါ်မှာ သူက ထအလာ ရုံးခေါင်မိုး ထုပ်တန်း ပြုတ်ကျပြီး သူ့စားပွဲခုံ ကြေမွသွားတယ်။ တစ်ခါမှာ ကံကောင်းသူက ထီစပ်ထိုးဖို့ အဖော်ညှိလို့ ထိုးရာက သူပါ ထီ တစ်စောင် ပေါက်တယ်။ နောက်ဆုံး ကံကောင်းသူ ရတဲ့ ခင်ပွန်းသည်ရဲ့ညီ ဗိုလ်ကြီးတစ်ဦးနဲ့ သူဟာ အိမ်ထောင်ကျတယ်။ သူ့ဘဝအဆင့်ဟာ အနိမ့်ကလေးက အမြင့်ဆုံး ဖြစ်သွားခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို သနားပြီး ကံကောင်းချင်ရင် ကံကောင်းသူနဲ့ ပေါင်းလို့ သူက လက်တွေ့သဘောတရားအရ ပြောတာပါ။

အချို့ဆို အားကစားကျွမ်းကျင်သူနဲ့ လေ့ကျင့်တွဲရင် သူပါ အကျော်အမော် ဖြစ်လာတယ် မဟုတ်လား။

လောကမှာ ဘယ်သူများ ကိုယ့်ကိုယ်ကို 'ကံဆိုးချင်လိုက်တာဗျာ'လို့ ပြောသလဲ။ မပြောကြပါဘူး။ ဒါပေမယ့်လို့ လူတွေဟာ ကိုယ့်ကိုယ်ကို ကံဆိုးအောင် လုပ်နေကြတယ်။ စာရေးသူကိုယ်တိုင်လည်း မိမိကိုယ်မိမိ မသနားဘဲ ကံဆိုးအောင် လုပ်မိတာတွေ အများကြီးပဲဗျာ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ဥပဋ္ဌေဒကကံ

အဲသည်ကံကို လူတွေ သိပ်ကြောက်ကြပါတယ်။ ဗေဒင်မေး၊ လက္ခဏာမေးရင်တောင် အဲသည်ကံပါလားလို့ မေးတတ်ကြတယ်။

သည်ကံ ပါလာခဲ့ရင်လည်း ခံရမယ့်အချိန်မှာ ဘယ်အသက်အရွယ် ရောက်နေနေ၊ ဘယ်လိုရာထူးရှိနေနေ၊ ဘယ်လို ရုပ်ရေချောမောလှပ အားကောင်းသည်ဖြစ်စေ ခံရတော့တာပါပဲဗျာ။

မိန်းမ၊ ကလေး၊ အသက်အရွယ်ကြီးသူ ဘာမှ မခွဲခြားဘူး။ သည်ကံပါရင် ခံရမည့်အချိန် လည်စင်းခံ။ ဒါမှမဟုတ် ရင်ဖွင့်ခံ။ ပြားဝပ်ကြေမွသွားအောင် ခံရတာပဲ။

ခံရမယ့်အချိန်ဆိုရင် မြတ်စွာဘုရားရှင်ရဲ့ ညာလက်ရုံး ဖြစ်တဲ့ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးသော်မှ ခံရပါတယ်။ တန်ခိုးတွေပျောက်ပြီး ရှေးအတိတ်ဘဝကပြုခဲ့တဲ့ အကုသိုလ်ကံကို



ရက်စက်စွာ ခံရပါတော့တယ်။

ဥပဋ္ဌေဒကကံရဲ့ အကျိုးတရားကို တန်ခိုးက မလွန်ဆန်နိုင်တဲ့ သာဓကပါပဲ။

သည်ကံပါရင် သည်သံသရာ လူလာဖြစ်ချိန်မှာ ခံကိုခံရတော့တယ်။

မောင်လှစိုးလို့ ခေါ်တဲ့ လူငယ်တစ်ယောက်ဟာ ဥပဋ္ဌေဒကကံပါတော့ နာမည်နဲ့ လိုက်အောင် ကံက လှလှပပလေး ဆိုးခဲ့ပါတယ်။ အဲသည်နေ့က သူ့အဖေက ဂျာကင်အသစ် ဝယ်လာတဲ့ ညနေပါ။ မောင်လှစိုးဟာ သည်နှစ်မှာ ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနဲ့ အောင်မြင်လို့ သူ့အဖေက ဝယ်ပေးတာ။

မောင်လှစိုးက အသားဖြူတယ်၊ ဥပဓိရုပ် ကောင်းတယ်။ အဲသည်နေ့က ဂျာကင်အနီဝတ်တော့ မင်းသားပဲလို့ ညီမတွေကတောင် ပြောကြတယ်။

အိမ်က ဂျာကင်လေး ဝတ်ထွက်လာတယ်။ ဘာရယ်လို့ မဟုတ်ဘူး။ ဂျာကင်နဲ့ အပြင်ထွက်ချင်လို့ပါ။ ဆောင်းဦးပိုင်းမို့ အပြင်မှာ ချမ်းစိမ့်စိမ့်ရှိတယ်။ အချိန်က မှောင်စပြုနေပြီ။ အိမ်က ထွက်သွားပြီး တစ်လမ်းကျော်မှာ မောင်လှစိုးဟာ ဓားခုတ်ခံရလို့ ပွဲချင်းပြီး သေသွားတယ်။

အဖြစ်ကတော့ လူမှားသွားတာ၊ သိပ်ကို အဖြစ်ဆိုးတော့တယ်။ လာပြီး စောင့်ခုတ်တဲ့လူတွေဟာ သူတို့ စောင့်နေတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com



လာတာ သိတယ်။ ကွမ်းယာ ဝင်ဝယ်လိုက်တာ မသိဘူး။ ဂျာကင်အနီနဲ့ လူတစ်ယောက် ကွမ်းယာ ဝင်ဝယ်နေစဉ်မှာ မောင်လှစိုးက ဂျာကင်အနီနဲ့ လမ်းထဲက ထွက်သွားခဲ့တာပါ။ လူများခုတ်တော့ ချက်ကောင်းထိပြီး သေရော။ ပညာကောင်း၊ ရုပ်ချော၊ ဘယ်သူနဲ့မှ ရန်မဖြစ်ဖူးတဲ့လူဟာ ဥပဒ္ဒေကကံ ပါလာခဲ့လေတော့။

❀

မောင်မောင်ကျတော့ တစ်မျိုး။ သူတို့အိမ်ရဲ့ အောက်ထပ်မှာနေတဲ့ အိမ်ငှားတွေ ရန်ဖြစ်ကြတာ။ ခြေရင်းခန်းက ကလေးနဲ့ ခေါင်းရင်းခန်းက ကလေး ရန်စဖြစ်။ ပြီးတော့ လူကြီးချင်းဖြစ်။ မောင်မောင်က အဲသည်နေ့ကမှ ခွင့်နဲ့ ရန်ကုန်ပြန်လာတာ။ သူ့တပ်ရင်းက မေမြို့မှာရှိတယ်။ ရေချိုးပြီး ထမင်းစားစရှိသေးတယ်။ ဝုန်းဒိုင်းကြဲနေတော့ ဝရန်တာက ရပ်ကြည့်တယ်။ သူ့အမေက မောင်မောင်ရယ် သွားဆွဲပါဦး၊ အိမ်ငှားတွေ ခြေလွန်လက်လွန် ဖြစ်ကုန်မယ်ပြောလို့ သွားဆွဲတာပါ။

ရန်ဖြစ်တာ ဝင်အတားအပြု ခေါင်းရင်းခန်းက အိမ်ထောင်ဦးစီးရဲ့ညီရဲ့ ဓားမြှောင်က သူ့လည်ချောင်း ထိမိ၊ ထိုးမိသွားတယ်။ ချက်ကောင်းဆိုတော့ သွားရော။

❀



မြန်မာနိုင်ငံသမိုင်းမှာ ကောင်းမြတ်ခြင်းအင်္ဂါတွေနဲ့ နာမည်ကြီးလှတဲ့ ဘုရင်နော်ရထာရဲ့ ဇာတ်သိမ်းက ကံဆိုးပါတယ်။

ဘုရင်ဖြစ်ပေမယ့် ကျွဲခတ်လို့ သေရပါတယ်။

အနော်ရထာ ဘုရင်မင်းမြတ်ဟာ သောင်းကျန်းနေတဲ့ ကျွဲရိုင်းကြီးကို သူကြီးဖြစ်ဖြစ်၊ ဆယ်အိမ်ခေါင်းဖြစ်ဖြစ် လွှတ်ပြီး အသတ်ခိုင်းလိုက်ရင် ကိစ္စပြီးလျက်က သူကိုယ်တိုင် ကျွဲသတ်ချင်တော့ ကျွဲရဲ့ ကျွဲချိုဖျားမှာ သူ့အသက်ပါသွားတယ်။

တစ်ဖက်မှာ ဘုန်းကံကြီးသလောက် နောက်ဆုံးနေ့မှာ ကံငယ်လွန်းတော့တယ်ဗျာ။

❀

ဦးပဥ္စင်းဦးဝိမလ အဖြစ်ကတော့ ၁၉၅၈–ခုနှစ်၊ ဇော်ဝတီနဲ့ ရှမ်း တိုင်းနဲ့ပြည်နယ် ဘောလုံး၊ နောက်ဆုံး ဗိုလ်လုပွဲမှာ ဘောပွဲ ရှုံးရင်းဆန်ခတ်ဖြစ်တော့ အုတ်နီခဲ ခေါင်းကိုမှန်တယ်။ ဒဏ်ရာ ရတယ်။ ဒဏ်ရာက မများပါဘူး။ ဒါပေမယ့် မေးခိုင်ပိုးဝင်လို့ ပျံလွန်သွားရတယ်။ အဲသည်နှစ်က ပထမလတ်တန်း ဖြေမယ့်နှစ်ပေါ့။

❀

အန်တီစိန်ကတော့ သူ့ရဲ့ အချစ်ဆုံး လေးနှစ်သားလေး လက်ချက်ကြောင့် သေရတယ်။ သူ့ဖခင်က လက်နက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းကပါ။ ရုံးဆင်းတော့ အိမ်ပြန်လာတယ်။ သေနတ်ကို ဗီရိုမှာ သိမ်းပါတယ်။ အလတ်မက မုန့်ဖိုး ခိုးချင်တော့ ဗီရိုဖွင့်တယ်။ ခိုးတော့ သတိလစ်ပြီး ဗီရို မပိတ်မိဘူး။ လေးနှစ်သားကောင်က သေနတ်သိပ်ကိုင်ချင်တာ။ မနိုင့်တနိုင်ကိုင်ပြီး နှုတ်ကတိုးတိုးလေး ဒိုင်းဒိုင်းလုပ်ရာက ဒိုင်းဆို ကျည်ဆန် ထွက်သွားရှာတယ်။ အန်တီစိန်က အခန်းထဲ အဝင်၊ ရင်ဝတည့်တည့်မှန်၊ ပွဲချင်းပြီးတာပဲ။

❀

မောင်ထော်လေးလမ်း (ယခုဗိုလ်ဆွန်ပက်)မှာ စာအုပ်ဟောင်း ရောင်းတဲ့ ကိုသိန်းနိုင် သားလေး သေတယ်ဆိုလို့ အသုဘ သွားပို့ဖြစ်တယ်။ ဟိုရောက်မှ အကြောင်းစုံ သိရတာက မန္တလေးက အပြန်မှာ ကေအင်ယူ ထောင်တဲ့ မိုင်းကို မန္တလေး အမြန်ရထား နင်းမိလို့တဲ့။ ကလေးက ခြောက်တန်းကျောင်းသားလေးဗျာ။

❀

ငယ်တာ၊ ကြီးတာ၊ လှတာ၊ ချောတာ၊ ပညာတတ်တာ၊ ပညာမဲ့တာ၊ အာဏာရှိတာ၊ မရှိတာ အဲဒါတွေ တားလို့မရဘဲ ဥပစ္ဆေဒကကံ ပါလာပြီဆိုမှဖြင့် သူ့အချိန်ရောက်ရင် သူ ခံရပါတယ်။



အဲသည် ကံက လွဲအောင် ဘယ်လိုမှ မတတ်နိုင်ကြဘူးလို့ ဆိုတယ်။

ရှင်မဟာမောဂ္ဂလာန်ဟာ ရှေးဘဝက သူ့အမိကို သတ်ခဲ့ပါတယ်။

အဲသည်ကံ ယခုဘဝမှာ ကောင်းကျိုးပေးနေတဲ့ ဘဝဖြစ်စဉ်ကို ဖြတ်တောက်ပစ်ပြီး ဥပစ္ဆေဒကကံကို ခံရတော့တယ်။ တန်ခိုး မေ့မိန်ပြီး ခိုးသားငါးရာ လက်ချက်နဲ့ ပရိနိဗ္ဗာန်စံရတော့တယ်။

အို နာ သေကွဲ
ကံပဲ ဥစ္စာ
ဤငါးဖြာ
မကွာနေ့ည
ဆင်ခြင်ကြ။

**(မေဒိနီတောရဆရာတော်ကြီး)**

မသေမီအချိန်တွင်
ကုသိုလ်၊ အကုသိုလ် ကံနှစ်ပါးသာ
ငါ့ဥစ္စာဟု အမြဲဆင်ခြင်။

**(စံကျောင်းဆရာတော်)**

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## အဟောသိကံ

အဟောသိကံ ဆိုတာကတော့ ဘယ်လို ကံကြီးမျိုးမှန်း မသိပါဘူးဗျာ။

အဟောသိကံ ဖြစ်သွားတယ်ဆိုရင် သွားရော။

အဟောသိကံ ဆိုတာကို ငယ်ငယ်ကတည်းက နားရည်ဝနေတယ်။

စာရေးသူရဲ့မိခင်က 'နင်တို့ကို ကျွေးမွေးရတာ အဟောသိကံပဲ'လို့ မကြာခဏ ဆူပူတတ်လို့ အဲသည်နာမည်ကြီး သိနေရတာ။

အဟောသိကံရဲ့ အဓိပ္ပာယ်ကို သေသေချာချာ မသိဘူး။ 'အလကားပဲ' ပြောလို့သာ အလကား ဖြစ်သွားတယ်လို့သာ အဓိပ္ပာယ် ယူလိုက်ရတာပါ။

အရွယ်ရလာတဲ့အချိန်မှာ 'အဟောသိကံ' ဆိုတာကို စိတ်ဝင်



စားလာမိတယ်။

အဟောသိကံ မဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာ စိတ်ဝင်စားလာတယ်။

ဘယ်မှာ တရားနာဖူးတယ်ဆိုတာတော့ မမှတ်မိတော့ဘူး။ တရားတစ်ခု နာရာက–

'အကုသိုလ် မကောင်းတဲ့အရာတွေ အဟောသိကံ ဖြစ်သွားအောင် ဉာဏ်ဝီရိယ စိုက်ရမယ်' ဆိုတာ ကြားဖူးတယ်၊ သဘောကတော့ ဉာဏ်၊ ဝီရိယစိုက်ပြီး ကုသိုလ်ကံသစ်တွေကို ထူထောင်တာပါပဲ။

ကံသစ်တွေရရင် ကံညစ်တွေက မလာနိုင်တဲ့ သဘောပဲ ထင်ပါတယ်။

အကျိုးပေး ပြောင်းလဲသွားတာရယ်လို့သာ ထင်ပါတယ်။

အဟောသိကံ ဆိုတာ ပါဠိစကား။

အဲသည် ပါဠိစကားရဲ့ အဓိပ္ပာယ်ကို ရှင်းရင်–

လက်ငင်း အကျိုးပေးတဲ့ကံဟာ လက်ငင်း အကျိုးမပေးရင် နောင် ဘယ်တော့မှ အကျိုးပေးတော့မှာ မဟုတ်ဘူးတဲ့။ အဲသည် စေတနာဇာတ်ရဲ့ စွမ်းအင် ကုန်သွားသတဲ့။

နောင်ဘဝမှာလည်း အကျိုးပေးမယ့်ကံဟာ ပိုအားကောင်းတဲ့ ဒုတိယကံက ဝင်သွားတော့၊ အခြားကံက အကျိုးဝင်ပေးပြန်တော့ အကျိုးပေးခွင့် မရဘဲ အဟောသိကံ ဖြစ်သွားသတဲ့။

www.burmeseclassic.com



အယောသိကံ မဖြစ်မှ တော်မယ်။ ဘယ်လိုကံကြီးလဲ မသိဘူးဗျာ။

ကံတရားမှာ အဲဒါတွေက ဆန်းကြယ်လှပါတော့တယ်။

ကံဆိုတိုင်း မိမိစွမ်းအားနဲ့ အကျိုးပေးနိုင်ကြတာ မဟုတ်ပါဘူး။

အချို့ကံတွေဟာ အခြားကံတစ်ခု အကျိုးပေးနိုင်အောင် ကူညီထောက်ပံ့ရုံသာ စွမ်းနိုင်တယ်။ အခြားကံတစ်ခု အကျိုးပေးမှာကို ပိတ်ပြီး ဖျက်တဲ့ကံတွေ ရှိတယ်။

အချို့ကံတွေကျတော့လည်း အကျိုးပေးမယ့်ကံကို ဖြတ်ပြန်သဗျ။ ထောက်ကူကံရှိသလို အဖျက်ကံ ရှိပြန်သဗျာ။

လူမှာ အဖျက်သမားရှိသလို ကံမှာလည်း ဖျက်တဲ့အဖျက်ကံ ရှိတယ်။ နှောင့်ယှက်တဲ့ကံကို ပါဠိလို (ဉပပီဠကကံ)လို့ ခေါ်ပါ တယ်။

ပိတ်ပင်ကံတွေ၊ ဖျောက်ဖျက်ကံတွေ၊ နှောင့်ယှက်ကံတွေကြောင့် လူ့ဘဝမှာ လိုမှန်ခံနေကြရတာ ဖြစ်မယ်။

အဲဒါကြောင့် မာန်လည် ဆရာတော်က မဃဒေဝမှာ 'အကြောင်းရှိရာ၊ အကျိုးလာ၏။ (ကောင်း)မှာ (ဆိုး)မှာ ရှေးကြမ္မာလျှင်၊ ခွင့်သာရောက်ပြား၊ ထိုသူအားကို၊ ဘုရားမကယ်နိုင်' ရယ်လို့ ဆိုခဲ့တာပါ။

☆ ☆ ☆

## ကောင်းကံကို မခံစားထိုက်ရင် မခံစားရ

ဦးလေးသိန်း အဖြစ်က ဆိုးတယ်။ သူ့ရဲ့ လုပ်ရပ်မှန်သမျှ ကောင်းပါလျက်က ဘဝဟောင်းတုန်းက ဘာတွေများ လုပ်ခဲ့သလဲ မသိဘူးဗျာ။

သူ့မိဘက ချမ်းသာတယ်။ ဒါပေမယ့် သူ့မှာ အိမ်ထောင်ပြုကတည်းက ဆင်းရဲခဲ့ရတယ်။ သဘောမတူသူနဲ့ ယူလို့ဆိုပြီး အိမ်က အဆက်အသွယ် ဖြတ်တယ်။

ကံဆိုးကြားထဲက ဥာဏ်ဝီရိယစိုက်ပြီးတော့ သူ့အိမ်ထောင်ကလေး သူပျိုးထောင်ခဲ့ပါတယ်။ မိုးလင်းတာနဲ့ ဦးလေးသိန်းဟာ အလုပ်တစ်ခု မဟုတ် တစ်ခု လုပ်နေပြီ။ အလုပ်နဲ့လက်နဲ့ မပြတ်ဘူး။ သမ္မာအာဇီဝ အလုပ်မှန်သမျှနဲ့ ငွေရှာတယ်။ ရောင်းဝယ်တယ်။ ကုန်ကူးတယ်။ ငွေရင်း နည်းတော့ ကတိနဲ့ လုပ်စားတယ်။ အမြတ် နည်းချင်နည်း ပင်ပန်းခံ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ပါတယ်။ အဝတ်ခြိုးခြံ၊ အစားခြိုးခြံ၊ အပျော်အပါး အသောက်အစားဆိုတာ ဘာကို ခေါ်မှန်း မသိတဲ့ လူမျိုးပါ။

သူ့မိဘတွေက ချမ်းသာပေမယ့် သူအိမ်ထောင်ကျစဉ်မှာ မကြည့်သော်လည်း သူဟာ သူ့မိဘ ဆင်းရဲတဲ့အခါမှာတော့ သူက သူ့မိဘကို ပြန်လည်ထောက်ပံ့ပါတယ်။

ဒါပေမယ့် သူ့မိဘ ညီအစ်ကို မောင်နှမတွေဟာ သူ့အိမ်ကို ဘယ်တော့မှ မလာဘူး။ သူနေမကောင်းလည်း လာမကြည့်ဘူး။

ငွေလိုချင်လာရင်တော့ လူကြုံနဲ့လွှတ်ပြီး တောင်းပါတယ်။ ဦးလေးသိန်းကတော့ စိတ်မဆိုးဘဲနဲ့ ပေးမြဲ ပေးတာပါပဲ။

ဦးလေးသိန်း ဘဝဟာ အိမ်ပိုင်ရှိတာ မဟုတ်ပါဘူး။ အိမ်ငှားနဲ့ နေရတာပဲ။

ဇနီးနဲ့ သားသမီး စားဝတ်နေရေးအပြင် မိဘ ညီအစ်ကို မောင် နှမ ထောက်ပံ့မှုနဲ့အတူ သူဟာ အိမ်တစ်အိမ် မြေတစ်ကွက် ဆောက်နိုင်ဖို့ပါ ကြိုးစားလုပ်ရပါတယ်။

ကံက ဆိုးလွန်းတယ် ဆိုရပါမယ်။ သူမြေဝယ် အိမ်ဆောက်မယ့် အလုပ်မှာ သူ့ရဲ့ သူငယ်ချင်းက ငွေကြပ်ပြီး အပူတစ်ခု ဝင်နေလို့ သူ့ကို အိမ်အပေါင်ခံ ခိုင်းပါတယ်။

စေတနာစိတ် ပြင်းထန်တဲ့ ဦးလေးသိန်းက အိမ်ပေါင်ခံပြီး ငွေကို လှူလိုက်ပါတယ်။ အဲသည် အိမ်ဟာ အပေါင်ခံပြီး သုံးနှစ်ကြာအောင် မရွေးနိုင်ဘဲ နောက်ဆုံး သူငယ်ချင်း သေရော။



သေပြီး မကြာဘူး အိမ် မီးထဲ ပါပြန်ရော။ သည်ဘဝမှာ ဦးလေးသိန်း အိမ်ပိုင်ဖြစ်ဖို့ ဝေးသွားပြန်တယ်။

ကံဆိုးပေမယ့် ဦးလေးသိန်းက စိတ်ဓာတ်မကျပါဘူး။ သည်အကြောင်းကို မေ့ပြီး ထပ်ကြိုးစားပါတယ်။

အဲသည်အချိန်မှာ သူ့မိန်းမဘက်က ယောက္ခမ ဆုံးတယ်။ အိမ်ကို သူ့မိန်းမ ရတယ်။ ဒါပေမယ့် သူ့မိန်းမက အဲသည် အိမ် မနေချင်ဘူး။ အဲသည် အရပ်လည်း မပြန်ချင်ဘူး။

မနေဘဲ ရောင်းပြန်တော့ ဆွေမျိုးတွေက ချေးငှားတောင်း ရမ်းကြရော။ မိန်းမကလည်း ပေးချင်ရာ ပေးခဲ့တယ်။ ဉာဏ်မရှိဘူး။ ပေးသင့်သူ မပေးသင့်သူ မခွဲခြားဘူး။

ဆိုးဝါးလှတဲ့ ကံကြမ္မာက အဲသည်အခေါက် ရပ်ရွာ အပြန်မှာ သူ့မိန်းမဟာ ရည်းစားဦးနဲ့ ပြန်တွေ့တာပါပဲ။

သားသမီးသုံးယောက်ရှိပြီး အရွယ်လေးဆယ်ကျော်နေတဲ့ မိန်းမ တစ်ယောက်ဟာ ငယ်ရည်းစားကို ပြန်ဆက်သွယ်တယ်ဗျာ။ ကံတရားဟာ အံ့ဩစရာကောင်းတယ်။

ဦးလေးသိန်း ရိပ်မိချိန်မှာ စိတ်ရှည်ရှည်နဲ့ ဆုံးမရှာပါတယ်။

နားထောင်မလိုလိုနဲ့ မရဘူး။ ပုန်းလျှိုးကွယ်လျှိုး လင်ငယ် ကို ပေးလားကမ်းလားပဲ။

ကြာတော့ ဦးလေးသိန်း စိတ်ညစ်ရတာပေါ့။ စီးပွားရေး အလုပ်တွေ နှောင့်နှေးတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ယခင်လို ရက်ရှည်ခရီး မထွက်ရဲတော့ဘူး။ အိမ်နဲ့မကွာ အလုပ်လုပ်နေရတယ်။

ဇနီးသားမယား စားဝတ်နေရေး ပြည့်စုံအောင်လုပ်၊ မိဘကို ထောက်ပံ့၊ ပြီးတော့ ရပ်ရေးရွာရေးမက သာသနာရေးတွေ တောင် တတ်နိုင်သမျှ ပြုတာပါပဲ။

ဒါပေမယ့်ဗျာ သူ့ကုသိုလ်ကံက သူ့ကို ယခုဘဝမှာ ကောင်းခွင့် မပေးပါဘူး။

ပိုက်ဆံရှာတယ်။ အိမ်ပိုင်လေးနဲ့ နေချင်တယ်။ သူများကို အကူအညီပေးရာက ကိုယ့်အိမ် မဆောက်ဖြစ်ဘူး။

အတာ နတာ မဟုတ်ဘဲ သူဟာ စိတ်စေတနာ ကောင်းတာ ရယ်ပါ။

ကံအဆိုးဆုံးကတော့ သူဟာ အလုပ်ဖိစီးလို့ အိပ်ရာထဲလဲ မထတဲ့အချိန်မှာ သူ့မိန်းမက လင်ငယ်နောက် လိုက်သွားတယ်။

သူ့ကလေးတွေနဲ့ သူနဲ့ကို အိမ်ရှင်က နှင်ချင်တယ်။ ဘုန်းကြီးကျောင်းအနီးက တဲလေးကို ပြောင်းနေကြရတယ်။

နောက်ဆုံးမှာ ကံကောင်းလေးတစ်ချက် ဝင်မယ့်အချိန်မှာ သူဟာ အရပ်ဆေးဆရာနဲ့ အိမ်မှာ အနိစ္စသဘောကို ခံစားသွား ရရှာပြီ။ အရပ်က သူ့အလောင်းကို ချတယ်။

သူ့မိန်းမက သူသေတော့ ပြန်လာတယ်။ ကလေးတွေကို ခေါ်တယ်။ လက်ကျန်ရှိတဲ့ ပစ္စည်းလေးတွေ သယ်သွားပါတယ်။



အဲသည်လောက် ကံဆိုးတာက ထားပါဦးတော့။ လူ့ဘဝမှာ ကြားဖူးနေကျရယ်ပါဗျာ။

သိပ်ကံဆိုးတဲ့ အကြောင်းက---

ဦးလေးသိန်း ရန်ကုန်သွားစဉ်က ထိုးတဲ့ထီက သိန်းဆု ပေါက်တယ်။ သူထိုးစဉ်က ရန်ကုန်ထီဆိုင်ကို လိပ်စာပေးခဲ့လို့ ရန်ကုန်က စာလိုက်လာတယ်။

အဲသည် ထီလက်မှတ် ဖြတ်ပိုင်းဟာ ဘယ်မှာရှိနေမှန်း မသိဘူး။ ရှာမတွေ့ဘူး။ သူ့မိန်းမနဲ့ ကလေးတွေလည်း ရှာမရဘူး။ အရပ်က ဝိုင်းရှာတာလည်း မတွေ့ဘူး။ သိန်းထီပေါက်တဲ့ လက်မှတ် ပျောက်ဆုံးနေတယ်။

ဦးလေးသိန်းတစ်ယောက်ဟာ သူ့ကံဆိုးလွန်းလို့ ထီလက်မှတ်ကို တမလွန်များ ယူသွားလေရော့သလား မသိဘူး။

ကံကြမ္မာထက် သန်စွမ်းသောအရာသည် အဘယ်နည်း။
ထိုကံကြမ္မာကို လမ်းလွဲရန် ကျွန်ုပ်တို့ ကြံစည်သည့်ရှိ
သော် စိတ်မကူးမိကပင် ကျွန်ုပ်တို့ ရှေ့သို့ ကံကြမ္မာက
ရောက်နှင့်နေလိမ့်မည်တည်း။

သိရကုရယ်လ်

**အခန်း ၃၈၊ အပိုဒ် ၁၀။**

☆ ☆ ☆

www.burmeseclassic.com

## ဘုန်းကံရှိမှ သာသနာပြုနိုင်

ပစ္စည်းရှိရုံနဲ့ သာသနာ မပြုနိုင်ဘူး။ မပြုဖြစ်ပါဘူး။ အချို့ဆို ပစ္စည်းတွေ များစွာ ကျန်ရစ်ခဲ့ကြပါလျက် သာသနာပြု မသွားကြဘူး။

အချို့ကတော့ သာသနာပြုတယ်ဆိုရုံသာ ပြုသွားတယ်။ ဟုတ်တိပတ်တိ ပြုမသွားဘူး။

ဂုဏ်ပကာသနအတွက် သာသနာပြုသွားသူတွေလည်းပဲ ရှိပါတယ်။

အရှိန်အဝါရှိရုံနဲ့ရော သာသနာပြုနိုင်သလား။ ပြုချင်စိတ် မရှိလို့ မပြုတာရယ်၊ ပြုရမယ့်ကံ ပါမလာလို့ မပြုတာရယ်လည်း ရှိပါတယ်။ သာသနာပြုတဲ့အလုပ်ဟာ ပြုချင်တိုင်းပြုလို့ မရပါဘူး။

သာသနာပြုနိုင်ပါစေလို့ ဆုတောင်းတိုင်းလည်း သာသနာ မပြုနိုင်ပါဘူး။



ပြုနိုင်တဲ့ ကံရှိမှသာ ပြုနိုင်မှာ ဖြစ်ပါတယ်။ ဆုတောင်းတိုင်း မရဘူး။

အကုသိုလ်ဒုစရိုက်ပြုသူက လူ့ဘဝကို တောင့်တ၊ နတ်ဘဝကို တောင့်တပြီး ဆုတောင်းလို့ မရဘူး။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ပဲ ရမယ်လေ။

ကံရဲ့ ဟောင်ကို ကျော်ပြီး ဆုတောင်းလို့က မရနိုင်ပါဘူး။

ရသင့်ထိုက်တာပဲ ရမှာပါ။ ဆုတောင်းသူရဲ့ အရည်အချင်းက သိပ်လိုပါတယ်။

ဆုတောင်းမှုဟာ ဆန္ဒဓာတ်။

ဆန္ဒဓာတ်ဟာ တန်ခိုးတစ်မျိုး။

ကံဆိုတာ အလုပ်ပဲ၊ အလုပ်လုပ်ရင် ဖြစ်မှာပဲလို့ စာရေးသူ ယခင်က ခံယူခဲ့မိပါတယ်။

ဘယ်လိုပဲ ကြိုးစားကြိုးစား ဖြစ်ချင်မှ ဖြစ်တာမျိုးပါ။

သာသနာပြုနိုင်အောင် ကြိုးစားတိုင်း သာသနာတော့ မပြုနိုင်တာတွေ ရှိတယ်။

ကိုယ်ခံ ကံကောင်းပြီး အကြောင်းအလျှော် သင့်ရင် သာသနာပြုနိုင်လိမ့်မယ်လို့တော့ ထင်ပါတယ်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ကံမရှိ ဝါဒ

'ဘာကံလဲ။ ကံဆိုတာ ခေါင်းထဲ မထည့်ပါနဲ့။ ဖြစ်ချင်ရင် ဖြစ်မယ်။ ပျက်ချင်ရင် ပျက်မယ်။ အတိတ်ဆိုတာ ဘယ်မှာ မြင်ရလို့လဲ။ အနာဂတ်ဆိုတာကိုရော ဘယ်မှာ သေချာအောင် မျှော်မှန်းလို့ရလဲ။ ကောင်းတာလုပ်လုပ် မကောင်း တာလုပ်လုပ် စားထိုက်ရင် စားရမှာပဲ။ ဦးနှောက်ခြောက်စရာ မစဉ်းစားနဲ့။ လုပ်ရင် စားရမယ်။ ကံဆိုတာ မရှိဘူး။ သေပြီးလည်း ဘာ ဖြစ်မယ်ဆိုတာ မသိဘူး'

အဲသည်လို အယူအဆမျိုးသမားတွေဟာ ကံမရှိ ဝါဒ သမားတွေ ဖြစ်ပါတယ်။ ကံကို မယုံကြည်ဘူး။

ကံဆိုတာ မရှိဘူး၊ ကံရဲ့ အကျိုးတရားဆိုတာ မရှိဘူး၊ ကောင်းမှုပဲပြုပြု မကောင်းမှုပဲပြုပြု ရှစ်ဆယ့်လေးကမ္ဘာကြာရင် အလိုလိုကျွတ်သွားမယ်ဆိုတာ မိစ္ဆာဒိဋ္ဌိ အယူဖြစ်တဲ့ ဂုဏလို့ခေါ်



တဲ့ တက္ကတွန်းတစ်ဦးရဲ့ အယူအဆပါ။

မိတ္ထီလာပြည်ရှင်ဘုရင် အင်္ဂတိမင်းဟာ အဲသည် ဂုဏ တက္ကတွန်းကြောင့် အယူလွဲဖူးပါတယ်။

အဲသည် ကံမရှိ ဝါဒသမားတွေဟာ လောဘ၊ ဒေါသ၊ မောဟတွေ သိပ်များပါတယ်။ ကုသိုလ်ကံဖြစ်တဲ့ အကြောင်းတရား သုံးပါးကို မေ့တယ်။ ကံမရှိဝါဒဖြစ်လို့ အလောဘ၊ အဒေါသ၊ အမောဟ အကျိုးကို မခံစားတော့ဘူး။ မတရား စီးပွားရှာပြီး ကြီးပွားနေတာကို ကြည့်ပြီး ကံကို မယုံဘူး။

ကောင်းမှုတွေသာ ကြိမ်ကြိမ်လုပ်နေတဲ့အတွက် မကောင်း ကျိုး ရနေသူတွေကိုကြည့်ပြီး ကံကို မယုံပါဘူး။ ပြုလုပ်ခဲ့တဲ့ကံနဲ့ အလားတူ အကျိုးဖြစ်စေတဲ့ တူသော အကျိုးရတယ် ဆိုတာကို သက်မခံဘူး။

ကံမရှိ ဝါဒကို ယူမိရင် သံသရာမှာ လည်ပြီး ဒုက္ခတွေ သိပ်ရောက်မှာဖြစ်တယ်။ ကံမရှိ ဝါဒသမားဟာ မဂ္ဂင်ရှစ်ပါး တရားကို မသုံးစွဲနိုင်ဘူး။ မကျင့်ကြံနိုင်ပါဘူး။ ပထမ သိတဲ့အသိက မှားတော့ အားလုံး လွဲရတော့တာပေါ့။ ယနေ့ဒုက္ခရောက်နေသူ အတော်များများဟာ ကံမရှိတဲ့ သူတွေပဲ။

ဗုဒ္ဓဘာသာ မြန်မာဆိုရင် ကံကို ယုံကြည်ရမယ်။ ကံရဲ့ အကျိုးကိုလည်း ယုံကြည်ရမှာ ဖြစ်ပါတယ်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## ကုသိုလ်ကံ နေ့ချင်းညချင်း အကျိုးပေးသူများ

ကုသိုလ်ကံက ချက်ချင်း အကျိုးမပေးဘူးလား၊ ကောင်းမှု ကုသိုလ်ကံတွေဟာ နောက်ဘဝမှ အကျိုးပေးတာလား၊ လက်ငင်း မခံစားရရင် လုပ်ရတာ မလေးနက်သလိုဘဲလို့ မြင်တဲ့ အမြင်တူသူတွေ ရှိကြပါတယ်။

စေတနာကံ အားသိပ်ကောင်းရင် ချက်ချင်း အကျိုးခံစားရရင်လည်း ခံစားရပါတယ်။ နောင်မှ ခံစားရရင်လည်း ခံစားရပါတယ်။

ချက်ချင်း အကျိုးမပေးဘူးလို့ ပုံသေပြောလို့မရပါဘူး။

ကုသိုလ်ကံ စေတနာရဲ့အကျိုးကို လက်ငင်း ဒိဋ္ဌခံစားရတဲ့ အဖြစ်တွေဟာ လူ့ဘဝ လှုပ်ရှားနေတဲ့ အထဲမှာတောင် မြင်သာပါတယ်။

အဲဒါနဲ့ ပတ်သက်လို့ မြင်တွေ့လေ့လာခဲ့ဖူးတာက—



မောင်အောင်မင်း ဆိုတဲ့ အသက် နှစ်ဆယ်အရွယ် လူငယ်တစ်ဦးဟာ ကိုထွန်းဖေရဲ့ မိန်းမ မကျူးဝါးတစ်ယောက် မျက်နှာမြင်စဉ်က သွေးအလွန်လိုတဲ့အခါ သူ့သွေးလှူခဲ့ဖူးပါတယ်။ အဲသည်သွေး အမြန်ရလို့လည်း မကျူးဝါး အသက်ရှင်ခဲ့တယ်။

တစ်လအတွင်းမှာပဲ မောင်အောင်မင်းဟာ အဲသ ည်ကုသိုလ် ကံစေတနာကို ခံစားရတယ်။

သူတို့အမျိုးထဲက သွေးတူသူကတောင် သွေးဖောက်ရမှာ ကြောက်လို့ မလှူရဲဘူး။ အဲသည်မှာ ပိုပြီးတော့ မကျူးဝါး အဖေအမေတွေ၊ ဆွေမျိုးတွေက မောင်အောင်မင်း သွေးကို ပိုပြီး တန်ဖိုးထားကြတာပေါ့။

မကျူးဝါး ဆေးရုံက ဆင်းပြီး သုံးလေးရက်မှာပဲ မောင်အောင်မင်းကို သူတို့ စတိုးဆိုင် ဆေးထောင့်က လမ်းကြား နေရာပေးပါတယ်။ ဆေးလိပ်၊ကွမ်းယာကို ကြိုးသိုင်းလေးနဲ့ လမ်းလျှောက်မရောင်းနဲ့၊ အဲသည်နေရာမှာ ရောင်းဆိုပြီး နေရာ ပေးတယ်။ မကျူးဝါး အဖေနဲ့အမေ ဆွေမျိုးသားချင်းတွေက အရင်းများတောင် ထောင်ပေးတယ်။

ဒူးယား တစ်ဘူး ဝယ်ရောင်းပြီးမှ နောက်တစ်ဘူး ဝယ်ရောင်း နိုင်ခဲ့တဲ့ မောင်အောင်မင်းဟာ မွန်ထရီကိုတောင် အာတွန်းလိုက်၊ ကတ်လိုက် ဝယ်ရောင်းနိုင်တဲ့အဆင့်ဖြစ်သွား ခဲ့တယ်။

www.burmeseclassic.com



သွေးလှူရာက စီးပွားဖြစ် ဘဝပြောင်းခဲ့တာ ယခုတော့ အဲသည်နေရာမှာ သူ့ညီမကို ဆိုင်ဖွင့်ပေးပြီး သူက ဈေးရုံကြီးထဲမှာ ဆိုင်နဲ့ ပစ္စည်းစုံနဲ့ဗျ။

စာရေးသူဘဝမှာ လက်ငင်း'စေတနာကံ ခံစားရမှုတာ တစ်ကြိမ်ကြုံခဲ့ပါတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ဖြစ်ပါတယ်။ စာရေးသူဟာ မန္တလေးမှာ ရောင်းတဲ့ စာအုပ်ဖိုးငွေတွေ သွားသိမ်းယူတယ်။ ကိုယ်ပိုင်ငွေက နည်းနည်းပါ။ သူများ စာပေတိုက်တွေက ကိုယ်စားလှယ် လွှဲစာရေးပြီး ယူခိုင်းတာများတယ်။

အဲသည် အခေါက်မှာ မမျှော်လင့်ဘဲ ရှမ်းအဘိုးကြီးတစ်ယောက်နဲ့ အခန်းချင်း ကပ်ပြီး တည်းခိုမိတယ်။ သူက အဲသည် အခန်းမှာ တည်းနေတာကြာပြီ။ စရိတ်လည်း ပြတ်နေပြီး အခန်းခကို မနည်းပေးနေရတယ်။ သူ့အရောင်းအဝယ်ကိစ္စက မပြတ်သေးဘူး။ ထမင်းပါ သူ ငတ်နေတယ်။

အကြောင်းသိရတဲ့ အချိန်မှာ သူ့ကို စာရေးသူက ထမင်းစားတိုင်း ခေါ်ကျွေးပါတယ်။ ညစာ ထမင်းရယ်ပါ။ အရက်လည်း အတူသောက်တယ်လို့ပြောတာ ပိုပွင့်လင်းပါတယ်။

အဘိုးကြီးက စာရေးသူဆီ ကပ်တီးနေတာပေါ့။ စာရေးသူကလည်း ကျွေးပါတယ်။ ဟိုတယ်မှာတော့ မဟုတ်ဘူး။ ဈေးချိုနာရီစင် အနောက်ဘက်ထောင့်က ညောင်ပင်အောက်က ထမင်း



ဆိုင်ပါ။ ဈေးပေါပေါဆိုင်ပေါ့ဗျာ။ ညနေဆို အရက် တစ်ပိုင်းစီသောက်။ ပြီးတော့ ထမင်းစား။ ညဘက် စကားပြော အိပ်ပေါ့။

သုံးရက်ကြာလို့ ကိစ္စအပြီးမှာ ရန်ကုန်ပြန်ဖို့ ဘူတာဆင်းတဲ့နေ့ ဘူတာအနီးအနားမှာ အရက်သောက်ရာက အပေါ်ထသွားရင်း ငွေတွေရော ပစ္စည်းအိတ်ပါ အကုန်လုံး အလစ်သမားလက်ပါသွားရော။ မှတ်ပုံတင်နဲ့ ပိုက်ဆံအနည်းငယ်သာ အိတ်ကပ်မှာ ရှိလို့ ကျန်ခဲ့ပါတယ်။

စာရေးသူမှာ ကမ္ဘာပျက်သွားပါပြီ။ ချက်ချင်းဆိုသလို အကုသိုလ်ဆိုး ဝင်သွားခဲ့ပြီ။ ဘာလုပ်ရမှန်း မသိဘူး။ ရဲစခန်းကို အကြောင်းကြားတယ်။ ရန်ကုန်ကို မပြန်ရဲသေးလို့ ရထားထွက်တော့ မလိုက်ဖြစ်အူး။

မန္တလေးမှာ စိတ်ညစ်နေတာ ငရဲတမျှ ဖြစ်နေတော့တယ်။ ရန်ကုန်ပြန်ရင် အရှက်ကွဲပြီလေ။ စာပေတိုက် အချို့က ငွေတွေ ဘယ်လိုပေးမှာလဲ။ ပေးစရာလည်း မရှိ။ နာမည် ပျက်ပြီ။ နောင်လည်း အဲသည်အလုပ် ရတော့မှာ မဟုတ်ဘူး။ တရားစွဲရင်လည်း ခံရတော့မယ်။ ဘယ်လိုမှလည်း ပြန်ရအောင် လုပ်နိုင်တော့ဘူး။ နောက်ဆုံးဗျာ စာရေးသူဟာ ကိုယ့်ကိုယ်ကို သတ်သေချင်မိအောင် ဖြစ်နေတော့တယ်။

တည်းခိုခန်းကတော့ လာတိုင်း တည်းခိုနေလို့ ခင်မင်မှုနဲ့ အလကား ခေတ္တ တည်းခိုပါလို့ ဆိုပါတယ်။ သို့သော်အချို့က

www.burmeseclassic.com

စားဖို့သောက်ဖို့ ပေးကြပါတယ်။

သည်လိုနဲ့ ရက်ကြာလာတယ်။ ဟို ရှမ်းအဘိုးကြီးကလည်း ရှိနေသေးတယ်။

သူက ငါလုပ်ပေးမယ်ချည်းပဲ ပြောနေပါတယ်။ သူစားတဲ့ ထမင်းကိုတောင် စာရေးသူက ကျွေးနေရတာ။ ဘယ်က ဘာရှိလို့ သူ လုပ်ပေးနိုင်မှာလဲ။ ကြာတော့ ဒေါ်ပွပြီး အော်မိတော့တယ်။

တစ်ညတော့ စာရေးသူဟာ အခန်းထဲမှာ ဖျားနေတယ်။ စိတ်ညစ်ရာက နေမကောင်းဖြစ်တာပါ။ ဆေးသောက်ရွေးထုတ် နေတုန်း အခန်းတံခါးကို တဒုံးဒုံး ခေါက်တာပဲ။

ထဖွင့်လိုက်တော့ ရှမ်းအဘိုးကြီး။

“ရော့ မင်းအတွက် ငွေ၊ မင်း နက်ဖြန် ရန်ကုန်ပြန်၊ ငါလဲ နက်ဖြန် ငါ့အရပ် ပြန်တော့မယ်”ဆိုပြီး ငွေထုတ်ကြီး ခုတင်ပေါ် ပစ်တင်ပေးတယ်။

“မနောက်ပါနဲ့ ဦးစိုင်းရယ်”လို့ ပြောတော့ သူက တဟား ဟား ရယ်နေတယ်။ မင်းကို ပေးတာ မင်း မယူဘူးလားတဲ့။

စာရေးသူဟာ အံ့သြဝမ်းသာ ဖြစ်ရတာပေါ့။ ငွေထုတ်ကို ကိုင်လည်း မကိုင်ရဲဘူး။

“သေသေချာချာသိမ်းကွ၊ ထပ်ပျောက်နေဦးမယ်၊ တည်း ခန်း ပိုင်ရှင်ကို အပ်ထားတာကောင်းမယ်။ အပ်ပြီး တို့အပြင်သွား



ရအောင် တစ်ခွက်တစ်ဖလား ဟားဟားဟား” ဆိုပြီး ရယ်ပါတယ်။

ငွေဟာ စာရေးသူ ပျောက်တာထက်တောင် ပိုနေပါတယ်။

သူ့ကို စာရေးသူ နားမလည်နိုင်အောင် ဖြစ်သွားတယ်။ အရင်ထဲက သိတာ မဟုတ်၊ ဆွေမတော် မျိုးမတော် အရပ်ဒေသချင်းလဲ မတူဘူး။ စုံစမ်းတော့ အဲသည် ရှမ်းအဘိုးကြီးဟာ ကျောက်ကုန်သည် တစ်ဦး ဖြစ်နေတယ်။ ကျောက်ရောင်းလို့ ကျောက် အောင်လို့ ရတဲ့ငွေပဲလို့ စာရေးသူ ထင်မိပါတယ်။

သူ လိုအပ်နေတဲ့ အချိန်မှာ အရက်တစ်ပိုင်းစီနဲ့ ထမင်း နပ် ကျွေးမွေးခဲ့တဲ့ စေတနာကံဟာ လက်ငင်းဒိဋ္ဌ စာရေးသူ ားခဲ့ရဖူးပါတယ်ဗျာ။ (အဲသည်အဖြစ်အပျက်ကို မန္တလေးက နယ်ဇင်း ကိုယ်စားလှယ်အချို့ သိကြပါတယ်။)

ချက်ချင်း လက်ငင်းအကျိုးပေးတဲ့ ကံက မရှိဘူး တ်ဘူး။ ရှိကို ရှိပါတယ်။

ဘုရားရှင် လက်ထက်မှာ—

ပန်းသည် သုမနဟာ မြတ်လေးပန်း ရှစ်ဆုပ်ကို ဘုရားကို ော်လို့ အဲသည်စေတနာကံကြောင့် အဲသည်နေ့မှာပဲ စည်းစိမ် ဖြစ်ကို ရောက်သွားကယ်။

ပြီးတော့ ဆွမ်းကွမ်းနဲ့ ချိုချဉ်ခဲဖွယ်သောဇဥ်လှူလို့ မိဖုရား

www.burmeseclassic.com



နေ့ချင်းဖြစ်တာ ရှိပါတယ်။ သူက မလ္လိကာမိဖုရားပါ။ အဲသည်နေ့
မှာပဲ မိဖုရားခေါင်ကြီး ဖြစ်သွားတယ်။

ဆံပင်ကို ရောင်းလို့ရတဲ့ အသပြာ ရှစ်ကျပ်နဲ့ ဆွမ်းလှူလို့
မိဖုရားခေါင်ကြီး ဖြစ်တာလည်း ရှိပါတယ်။ သူက ဂေါပါလ
မာတာပါ။ သူဟာ ရှင်မဟာကစ္စည်း မထေရ်ကို ဆွမ်းလှူရာက
အဲသည် စေတနာကံအကျိုး ခံစားရတာ။

ကျွန်ကနေ သူဌေးဖြစ်ရတာကတော့ ပုဏ္ဏဖြစ်တယ်။
ကျွန်ဘဝကနေ ရှင်သာရိပုတ္တရာကို စားသောက်ဖွယ်လှူလို့
လှူတဲ့ နေ့မှာပဲ သူဌေးဖြစ်တယ်။ သူဌေးဖြစ်အောင် အကြာကြီး
လုပ်မနေရပါဘူး။ ဟောဟောဒိုင်းဒိုင်း ဖြစ်သွားတာ။

သုပ္ပိယဆိုတဲ့ ဒါယိကာမဟာ သူ့ရဲ့ပေါင်သားကို ရဟန်း
တစ်ပါးကို ဆေးကုဖို့ လှူတယ်။ အသား အစားထိုးတဲ့သဘော
ပေါ့၊ အဲသည် အသားလှူတဲ့အခါ နောက်တစ်နေ့မှာ သူလှီး
ဖြတ်ထားတဲ့ အသားတွေ ပြန်ပြည့်နေပါတယ်။

(မိလိန္ဒ၊ မြန်မာပြန် ၃၀၀)

ဘုရားကို ပုဆိုး လှူဒါန်းလို့ အဲသည်နေ့မှာပဲ ဆင်ကြီး
ရတာက ဧကသာဋကပုဏ္ဏားရယ်ပါ။ ဆင်နဲ့အတူ အခြားပစ္စည်း
တွေလည်း ရပါတယ်။

လောကမှာ အခုလုပ် အခုအကျိုးပေးတဲ့ ကုသိုလ်ကံတွေ
ရှိပါတယ်။ ကိုယ်ပြုတဲ့ ကုသိုလ်မှာသာ စေတနာ အားကောင်းပါစေ



ဗျာ။ အချိန်ကြာမြင့်မှပဲ အကျိုးပေးပေး၊ အခုလုပ် အခုပဲ
အကျိုးပေးပေး ကုသိုလ်ကံကတော့ ယူကြရမှာပဲ မဟုတ်လား။

လောကမှာ စေတနာမဲ့လို့ ကံမဲ့တာ။ စေတနာသာရှိ ကံ
ရှိမှာပဲ။

ကောင်းကံသာ ရှိလာရင် 'ကျောင်း၊ ကန်၊ ဘုရား' အထိ
လှူနိုင်လာပါလိမ့်မယ်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## လူ့ဘဝ၏ ကံကောင်းခြင်း ကံဆိုးခြင်း

ကံကောင်းအောင် လုပ်ဖို့အတွက် ရတနာသုံးပါး အားထားစရာ ရှိနေခြင်းက ကံကောင်းလှပါတယ်။

ပစ္စုပ္ပန် ကြီးပွားဖို့ ဉာဏ်၊ ဝီရိယ မွှမ်းမံလိုက်ရင် အတိုင်းထက်အလွန် ဖြစ်ပါတယ်။

**(သမ္မာဒိဋ္ဌိဒီပနီ၊ လယ်တီ)**

လူလည်း ကံနဲ့ကင်း မဖြစ်ဘူး။
သတ္တလောကလည်း ကံနဲ့ကင်းပြီး မဖြစ်ဘူး။
ကံဟာ နိယာမတရားပဲ။
ဘယ်လို နိယာမတရားလို့ ဆိုရမလဲ။
အဓိပ္ပာယ်က ရှင်းပါတယ်။
ကောင်းမှုကံလုပ် ကောင်းကံရ၊ ကောင်းကျိုးတွေဖြစ်။
မကောင်းမှုကံလုပ်၊ မကောင်းကံရ၊ မကောင်းကျိုးတွေဖြစ်။



အဲဒါ ပုံသေတရား။

မကောင်းတာလုပ်ပြီး ကောင်းကံက အကျိုးပေးနေတယ်ဆိုတာက ယာယီပါ။ ခံရမို့ စံနေရတာ။ အကြွေးနဲ့ ကြီးပွားနေတာလို့ စာရေးသူ မြင်ပါတယ်။

အကြွေးဆိုတာ ဆပ်ရစမြဲပါ။ ဝဋ်ကြွေး ဆပ်ရတာက ငွေအကြွေးထက် အတိုးက ကြီးပါတယ်။

စေတနာကို 'ကံ' လို့ ဘုရား ဟောခဲ့တယ်။

လူ့ဘဝကံတွေမှာ အမျိုးမျိုးကို ရှိပါတယ်။ ကံဆိုလို့ ကံတစ်လုံးတည်း နားလည်ထားလို့ မပြည့်စုံသေးပါဘူး။

ကုသိုလ်ကံနဲ့ အကုသိုလ်ကံ သိရုံနဲ့လည်း မပြည့်စုံသေးဘူး။

အားကောင်းတဲ့ ကံ။

အလယ်အလတ် အားရှိတဲ့ ကံ၊

အားနည်းတဲ့ ကံလို့လည်း သုံးမျိုးသုံးစား ခွဲခြားထားသေးတယ်။

အဲသည်လိုတင် မကသေးဘဲ–
စေတနာကံနဲ့ မဂ္ဂင်ကံ။
အထမြောက်တဲ့ ကံ။
အကျိုးပေးခွင့် နောက်ကျတဲ့ ကံ။
လက်ငင်းချက်ချင်း အကျိုးပေးတဲ့ကံ။

www.burmeseclassic.com

www.burmeseclassic.com



ထပ်တလဲလဲ ပြုလုပ်တဲ့ကံ (အာစိဏ္ဏကံ)

သေခါနီးမှ ပြုလုပ်တဲ့ကံ။

ထောက်ပံ့ကံ၊ ဖြတ်တောက်ကံ၊ ပင်မကံကို နှောင့်ယှက်တဲ့ကံ၊ စေတသိက်ကံ စသဖြင့် ကံသဘောတရားများပြီး သေချာသိချင်ရင်တော့ အတော်လေ့လာလိုက်စား ယူရပါလိမ့်မယ်။ စာရေးသူလည်း ပြည့်စုံအောင် မလေ့လာနိုင်သေးဘူး။

အဲသည်ထဲမှာ အလွန်ဆိုးဝါးတဲ့ ဥပစ္ဆေဒကကံကလည်း ရှိသေးသဗျ။

လူ့ဘဝရဲ့ ကံကောင်းခြင်း၊ ကံဆိုးခြင်းဟာ အကုသိုလ် ယခင်က လုပ်ခြင်း၊ မလုပ်ခြင်း၊ ကုသိုလ်လုပ်ခြင်း၊ မလုပ်ခြင်းနဲ့ ဆိုင်တယ်။

ကုသိုလ် ယခုလုပ်ခြင်း၊ မလုပ်ခြင်း၊ ယခင်က အကုသိုလ် လုပ်ခဲ့ခြင်း၊ မလုပ်ခဲ့ခြင်းတွေကပဲ ဘဝကို ကံကောင်းစေ၊ ကံဆိုးစေတာ ဖြစ်ပါတယ်။

ဒုစရိုက်ဆယ်ပါးမှာ ကံသုံးမျိုးကို သည်လိုခွဲထားပါတယ်။

သူများအသက် သတ်တာ၊ သူများဥစ္စာ ခိုးတာ၊ သူများ သားမယား ဖျက်ဆီးတာက ကာယကံ အကုသိုလ်သုံးပါး။

သူများကို လိမ်ပြောတာ၊ ကုန်းတိုက်တာ၊ ဆဲတာ၊ အကျိုးမရှိတဲ့ စကားပြောတာ အဲဒါ ဝစီကံလေးပါးဖြစ်ပြီးတော့ သူများပစ္စည်း ကိုယ့်ပစ္စည်းဖြစ်အောင် တောင့်တတာ၊ သူများ အသက်နဲ့ခန္ဓာကိုယ်ကို ပျက်စီးစေလိုတာ၊ ကံနဲ့ကံအကျိုးကို ပယ်ရှားပြီး မှားတဲ့အယူကို ယူတာ၊ အဲဒါက မနောကံ အကုသိုလ်သုံးပါးလို့ ခေါ်တယ်။

သုစရိုက်ဆယ်ပါးကျတော့ အဲဒါနဲ့ ပြောင်းပြန် သဘောတရားပါပဲ။

ကံဆိုတာကို စေတနာလို့ သဘောပေါက် နားလည်ပြီး ကိစ္စတိုင်းမှာ စေတနာနဲ့ ဝေဒနာကို ခွဲပါ။ သုစရိုက် ဒုစရိုက်ကို ခွဲပါ။

အဲသည် ရှင်းရှင်းလေးကိစ္စကို စာရေးသူတို့ လူသားတွေတာ မခွဲခြားနိုင်ကြလို့ ခက်နေကြတာပါ။

ပြုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေဟာ သုစရိုက်လား။ ဒုစရိုက်လား၊ မှန်သလား၊ မှားသလားဆိုတာ ရောနေတယ်။

ဉာဏ်မှာ သိသလိုနဲ့ မသိ။ သိလျက်နဲ့လည်း မလွတ်နိုင်တော့ဘူး။

အဲသည်မှာ ဘဝဟာ ကံကောင်းချင်လျက်က ကံဆိုး။ ကံကောင်းကို ကံညံ့က ဖုံးလွှမ်း။ အရမ်းကာရော တသောသော ဒုက္ခတွေ ဖြစ်နေကြရတယ်လေ။

အမှန်တကယ်တော့---

အလယ်အလတ် ကံရှိသူတွေဟာ အသင့်အတင့်အား ထုတ်ရုံနဲ့ အကျိုးပေးနိုင်ပါတယ်။ အချို့က အသင့်အတင့်တောင်

www.burmeseclassic.com



အားမထုတ်တော့ ကံက ဘယ်မှာလာ ပွင့်မှာလဲ။ အတိတ်ကံကို ရေလာမြောင်းပေး လုပ်မပေးဘူး။ အတိတ်ကရှိတဲ့ ကံကောင်းဟာ ရေလာမြောင်းပေး လုပ်ပေးရင် ထွက်လာတတ်တဲ့ သဘောရှိကယ်လို့ ဆိုပါတယ်။

လောကမှာ ဝီရိယ မကူဘဲ ကံလည်း အကျိုးမပေးနိုင်ပါဘူး။

ဝီရိယ ဆိုတာ လူတိုင်းလူတိုင်းမှာ ရှိပါတယ်။ အဲသည် ဝီရိယကို ဘယ်တော့မှ ချကောင်းတာ မဟုတ်ဘူး။

လူ့ဘဝရဲ့ ကံကောင်းခြင်း၊ ကံဆိုးခြင်းဟာ ဝီရိယကံမှာလည်း မှီနေတာပဲ။

ကံအား နည်းသူတွေကျတော့ အလွန့်အလွန်အားထုတ်မှ တန်ကာကျတာ။ အားထုတ်မှုနည်းဘာနဲ့အမျှ အကျိုးပေးကံအားကလည်း အလွန်နည်းပဲ။

ဆင်းရဲပြီးရင်း ဆင်းရဲ၊ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲ၊ နာလန်မထူနိုင်အောင် ဆင်းရဲနဲ့ပေါ့ဗျာ။

စေတနာကံပါရင် ထမင်းချိုးလည်း လှူလို့ ရပါတယ်။

နိပါတ်တော်မှာ အရှင်မဟာကဿပ မထေရ်ကြီးကို ထမင်းချိုး လှူတဲ့ သူဆင်းရဲမဟာ သူဌေးမကြီးဘဝကို ရခဲ့တယ်။

ကိုယ်ခံကောင်းအောင်

ကုသိုလ်ကံအား ကောင်းအောင်



ဒုစရိုက်ကို သတိမလစ် ကြည့်ပြီးတော့ ရှောင်နေရသလို၊ သုစရိုက်ကိုလည်း ပြုဖို့မမေ့ဘဲ ပြုရမှာပဲ။

အနန္တောအနန္တ ငါးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့ရဲ့ စောင့်စည်းထိန်းသိမ်းဖို့ မှာထားတာမှန်သမျှကို ထိန်းသိမ်းနေနိုင်သူ မှန်သမျှဟာ အတိတ်ကံဆိုး ရှိတောင်မှ အလွန်သက်သာစွာ ခံရပါတယ်။

* ကံ
* ဉာဏ်
* ဝီရိယ

ညီညွတ်လုပရင် လူ့ဘဝဟာ ဘယ်လိုမှ ကံဆိုးကြီးနဲ့ ကြုံရဘူး။ အတိတ်ကံဆိုးကြောင့် ခွဲရစိတ်ရတောင်မှ ပစ္စုပ္ပန်ဆေးကလေးနဲ့ ရင်ခွဲခံရတာက သက်သာမှာ ဖြစ်ပါတယ်။

ကံအကြောင်းလှအောင် ဉာဏ်အပေါင်းကို သတိနဲ့ ဆကြွရပေမယ်လို့ ဆိုပါရစေတော့ဗျာ။

ကံဆိုး ဖယ်လို့ ကံကောင်း ကယ်ကြပါစေ

သုတေသီ ဘုန်းမြင့်သွေး

www.burmeseclassic.com

## ကျမ်းကိုး စာရင်း


၁။ အရှင်ဇနကာဘိဝံသ - ဘာသာသွေး

၂။ အရှင်ဇနကာဘိဝံသ - ကိုယ်ကျင့်အဘိဓမ္မာ

၃။ အရှင်ဇနကာဘိဝံသ - စစ်တပ်တရားတော်

၄။ အရှင်နန္ဒဝံသ (မဟာဝိဇ္ဇာ) - သိပ္ပံဒဿန မြတ်ဗုဒ္ဓ

၅။ စံကျောင်းဆရာတော် - လူတို့ဝိနည်း ခေါ် အပရိဟာနိယ ဆုံးမစာ

၆။ အရှင်ဇနကာဘိဝံသ - တရားသုံးဖြာဆုံးမစာ

၇။ ညောင်ရမ်းဓေယျပဏ္ဍိတ - လောကသဘာဝ သဘောတရားများ

၈။ မြတ်မင်္ဂလာ အယ်ဒီတာအဖွဲ့ - ကံ၊ ကံ၏အကျိုး (မင်္ဂလာရောင်ခြည်စာပေဖြန့်ချိရေး)

၉။ ဦးသန်းထွန်း - ဗုဒ္ဓဝါဒမိတ်ဆက်

၁၀။ သပိတ်အိုင်ဆရာတော် - ဘဝတန်ဖိုး (သီတဂူစာစဉ်)

၁၁။ ဦးညွန့်မောင် (ဓမ္မာစရိယ) - ကံနှင့် သတ္တလောက (အောင်စစ်သည်စာပေ)

၁၂။ မျိုးသန့်(မြန်မာပြန်) - သိရကုရာယ်လ် (ကံဘဲ့နတ်တွ ကိုယ်တိုက် ချစ်ဝီးယား ဂေါပကအဖွဲ့)


BURMESE CLASSIC .com

www.burmeseclassic.com